ထုတ်ဆောင်ပေါ်ပြ၍ သိစေအပ်သောအနက်သည် "နေယျဏ္ဍ" မည်၏။ တိုက်ရိုက်မိန့်ဆိုအပ်သည့် အစွမ်းအားဖြင့်သာလျှင် သိအပ်သော အနက်သည် "နိတဏ္ဍ" မည်၏။

နိဒ္ဒါရေတ္ဘာဉာပေတဗ္ဗောနေယျော၊ယထာရုတဝသေနေဝ ဝေဒိတဗ္ဗော နိတော။
ဓမ္မသင်္ဂဏီအနုဋ္ဌိကာ(၂၀-၁၂)

နိဒ္ဒါရေတ္ဘာ၊ ထုတ်ဆောင်၍။ ဉာပေတဗ္ဗော၊ သိစေအပ်သော အနက်သည်။ နေယျော၊ နေယျမည်၏။ ယထာရုတဝသေနေဝ၊ အကြင်အကြင် တိုက်ရိုက်မိန့်ဆိုအပ်သည်၏ အစွမ်းအားဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော၊ သိအပ်သော အနက်သည်။ နိတော၊ နိတမည်၏။

(မှတ်ချက်။ ။ပစ္စည်း၏လက္ခဏာ,ပစ္စည်း(၃)မျိုးအထူးစသည်များကို "**ပဋ္ဌာနသာရပိဘာဝနိပဋ္ဌမတွဲ**" ၌ရှုစားတော်မူကြပါကုန်။)

ဟေတုပစ္စယသဒ္ဒါ ဝိဂ္ဂဟပြုပုံ

(မေး) "ဟေတုပစ္စယ"သဒ္ဒါကို မည်သို့ဝိဂ္ဂဟပြုရပါမည်နည်း။

(ဖြေ) ဟေတုစသော ပစ္စယောစာတိ ဟေတုပစ္စယော .....ယင်းသို့ ဝိသေသနောဘာယပဒကမ္မဓာရယသမာသ ဝိဂ္ဂဟပြုရပါသည်။

(တနည်း)

ဟေတုဟုတ္တာပစ္စယော ဟေတုပစ္စယော. ...ယင်းသို့သမ္ဘာဝနာကမ္မ ဓာရယသမာသဝိဂ္ဂဟပြုရပါသည်။

ဟေတုစသော ပစ္စယောစာတိ ဟေတုပစ္စယော ဟေတုဟုတ္တာ ပစ္စယော၊ ဟေတုဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ၊

ပဋ္ဌာန်းအဋ္ဌကထာ (၂၀၉-၂၇)

ဟေတုစ၊ ဟိတ်လည်းဟုတ်၏။ သော၊ထိုဟိတ်ဟူသည်၊ပစ္စယောစ၊ ပစ္စည်းလည်းဟုတ်၏။ ဣတိတသ္မာ၊ထို့ကြောင့် ဟေတုပစ္စယော၊ဟေတု ပစ္စည်းမည်၏။ ဟေတု၊ ဟိတ်သည်၊ဟုတ္တာ၊ ဖြစ်၍။ ပစ္စယောဥပကာရ ကော၊ ကျေးဇူးပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ဟေတုပစ္စယော၊ ၏။ ဟေတုဘာဝေန၊ ဟိတ်အဖြစ်ဖြင့်။ ဝါ၊ ဟေတုသဘောဖြင့်၊ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်၏၊ ဣတိအယံ အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝါ၊ သည်။ဝုတ္တံဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤ ဝိဂ္ဂဟနှစ်ခုလုံးဖြင့်ပင်၊ ဟိတ်တရားကို အရမကောက်ရ၊ ဟေတု သဘောကိုသာ အရကောက်ရမည်။

အကြောင်းတမူကား"ဟေတုပစ္စယော"အစယ္ယိသော ဥဒ္ဒေသသည် "ကုသလာမ္မာ"အစယ္ယိသောဥဒ္ဒေသကဲ့သို့ ဝမ္မမပြုနိုင်။ စင်စစ်သော် တမူကား၊ ဝမ္မ၏ ကျေးဇူးပြုတတ်သော သဘော်သာ ပြဋ္ဌာန်းလေသော ကြောင့်တည်း။

ဟေတုစသောပစ္စယောစာတိ ဝမ္မေနေ စ ဝမ္မသတ္တိ'ဒသေတိ၊ နဟိ ဟေတုပစ္စ ယောတိ ဘာဝိကောဥဒ္ဒေသောကုသလာဒိဥဒ္ဒေသော ဝိယ ဝမ္မပ္ပဋ္ဌာနော၊ ဘ တခေါ ဝမ္မာနံ ဥပကာရကပဋ္ဌာနော၊

ပဋ္ဌာန်းမူလဋီကာ–(၁၂၃-၃၀)

ဟေတုစသောပစ္စယောစာတိ ကြွေ၊ ဟေတုစသောပစ္စယော၏ ... ဤသို့

(6) ... ...

စသည်၌။ ဓမ္မေ=နေ၀၊ ဟိတ်ခြောက်ပါးတရားဖြင့်သာလျှင်၊ ဓမ္မသည်တို့၊ ဓမ္မ၏ သည်တို့ကို၊ ဒသေတိ၊ ပြု၏။ ဟု၊ မှန်ပါသည်။ ဟေတုပစ္စယောတိ အာဒိကောဟေ ဟတုပစ္စယော ဤသို့အစယ်သော၊ ဥဒ္ဒေသော၊ ဥဒ္ဒေသသည်၊ ကုသလာဒိဥဒ္ဒေသောဝိယ၊ ကုသလာဓမ္မာအစယ်သော ဥဒ္ဒေသကဲ့သို့၊ မြတ်ဋ္ဌာနော၊ ဓမ္မဒြဖိပြဋ္ဌာန်းသည်။ နံ၊မဟုတ်။ အထခေါ၊ စင်စစ်သော်ကား။ ဓမ္မာနံ၊ တရားတို့၏။ ဥပကာရကပဋ္ဌာနော၊ ကျေးဇူးပြုတော်သောသတ္တိပြဋ္ဌာန်းသည်။ ဟောတိ၊ ဖြစ်ပေ၏။

ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာပါဠိ၌ ..... ''ဟေ=တုဟုတ္တာပစ္စယော'' ဟူသောသမ္ဘာ၀နာကမ္မဓာရည်းသဖောသ်ဝါ'ကျ၀ယ်- ''ဟေတုဟုတ္တာ'' ဟု သာမနဒီနှိုဆိုပြောသော်လည်း။ ဟေ=တုသဒ္ဒါအရ၊ ဟေတုသဘာ၀ဓမ္မ ဒြဖိကို မကောက်ယူရ။ ဟေတုသတ္တိကိုသာ ကောက်ယူရမည် ...ဟူသော နေ=ဃျာ=ဘွစကား=ကျ အဓိပ္ပါယ်ကို ညွှန်ပြလို၏။ ....ဟေတုဘာ=ဝေန ပစ္စယောတိ ၀ုတ္တံဟောတိ ... ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူသိုရင်း ဖြစ်ပေသည်။

အချို့ဆရာတို့က။ ။ဟေတုဘာ=ဝေန ပစ္စယောတိ ဟေတုပစ္စယော, အာရမ္မဏ ပစ္စယာဒိသုပိ=သေ၀နယော ... ဟူသော အဋ္ဌကထာပါဠိမှား ကြီးကို အထောက်အကူးပြု၍။

ဟေတုဘာ=ဝေန ပစ္စယော ဟေတုပစ္စယော

ဟူ၀ိုင်ဟပြုကြကုန်၏။ (ဆင်ခြင်လေ။)

ဂန္ဓကာရကပုဂ္ဂိုလ်တို့သတိပြုကွယ်၊

ဤ၌၊ ဂန္ဓကာရကပုဂ္ဂိုလ်တို့သည်၊ ဒိမိတို့ အထောက်အကူးပြုလို သော ကျမ်းဂန်စာမူများကို၊ မှန်,မှန် ဦးစွာစိစစ်ရန်လိုသည်။ သို့စိစစ် ခြင်းမယ်မူ၍၊ ဒုန္ဒကိုဗ္ဗဝပဒဗျဥ္ဇနာ၊ ဖြစ်သော ကျမ်းဂန်စာမူများကို ထောက် ထားကိုးကားမိပါက၊ ၎င်းစာမူများအရ ပြဆိုရုမည့်အဓိပ္ပာယ်တို့မှာ မှန် ကန်နိုင်ကွယ်ဟု အကြောင်းမယ်ပေ။ ထို့ကြောင့်

ဒုန္ဒကိုဗ္ဗဝေ ပဒဗျဥ္ဇနသဒ္ဒေ ဝုန္ဒယောဟောတိ

ဟု အဂ်ိုတ္တိုရ်ပါဠိတော်(၂၄-၂၅)၌ ဘုရားသျှင်ကိုယ်တော်တိုင် ဟော ကြားတော်မူလေသည်။

ယင်းသို့ အဋ္ဌနယ ကျန် မှန်ကန်ခြင်းမယိုပါက၊ မိမိ ရေးသားစိုရင် အပ်သော ကျမ်းဂန်သည်, အဘယ်မှာလျှင် ကျန် မှန်ကန် နိုင်ပါတော့အုံ့နည်း။ ယင်းသို့ ကျန် မှန်ကန်ခြင်း မယိုသော ကျမ်းဂန်များကို ကြည့်ရှု သင်ကြားလေ့လာမိကုန်သော ပုဂ္ဂိုလ်တို့မှာ၊ ကျန်မှန်ကန်သော အဋ္ဌနယကို ရယူနိုင်ကြတော့မည်မဟုတ်ပေ။

ကျမ်းဂန်ကို ကြည့်ရှုကြိုကုန်သော ပုဂ္ဂိုလ်တို့ကလည်း။ ကျမ်းဆရာ ရေးတိုင်း အမှန်ချည်းဟု မယူဆကြကုန်ပဲ၊ မှန် မမှန်ကို စိစစ်တတ်သော "ဝိစာရဏာဉာဏ်"ကို အသုံးပြုကာ၊ ကျမ်းဆရာ၏ ဂုဏ် သိ ဌာနကို ထောက်၍, အများကို အမှန်ဟု မယူဆကြကုန်ပဲ၊ အမှန်ကိုသာ အမှန်ဟု ယူဆသင့်ကြပေသတည်း။

(မှတ်ချက်။ ။အဋ္ဌကထာဆရာ၏, အာဘော်မိုကျသော်လည်း....ဟေတုဘာဝေန ဋ္ဌယော ဟေတုပဋ္ဌယော....ဟုဝိဂ္ဂဟပြုသည်ကိုမှားသည်ဟုဝေဘန်ခြင်းမဟုတ်ပေ။ ကိုးကားပြုဆိုအပ်သောအဋ္ဌကထာစာမူမှားကိုသာဝေဘန်ခြင်းဖြစ်ပေသည်။)

ပဌမဝိဂ္ဂဟကိုဆိုလျှင် ပြီးကောင် လျက် ဒုတိယဝိဂ္ဂဟကို မိန့်ဆိုရခြင်းအကြောင်း။

(မေး) အဋ္ဌကထာ ဆရာသည် ..... ဟေတုစသော ပစ္စယော စာတိ ဟေတုပစ္စယော .... ဟူသော ဝိသေသနောဘယပဒကမ္မဓာရည်းသမာသ် ကိုမိန့်ဆိုလျှင် ပြီးကောင်းပါလျက်၊ အဘယ်ကြောင့်.....ဟေတု ဟုတ္တာ ပစ္စယော .... ဟူသော သမ္ဘာဝနာကမ္မဓာရည်းသမာသ်ကို မိန့်ဆိုတော်မူ ရပြန်ပါသနည်း။

(ဖြေ) ပဌမဝိဂ္ဂဟ၌ .... ဟေတုစသောပစ္စယောစ ... ဟုသာမန်မိန့်ဆို အပ်လေသောကြောင့်၊ ဟေတုပစ္စည်းနှင့် သဘာဝဖြစ်သော အမိပတိ, သဟဇာတ—အစယ္ပိသော တဆဲ့တစ်ပစ္စည်းတပ်သော ဟိတ်တရားတို့ သည်လည်း ဟေတုပစ္စည်း မည်ခဲ့ရ၏။

ထို့ကြောင့်၊ အဓိပတိ,သဟဇာတ အစယ္ပိသော တဆဲ့တစ်ပစ္စည်း တပ်သော ဟိတ်တရားတို့၏ ဟေတုပစ္စည်းအဖြစ်ကို စင်စေနှစ်ခေလို သောကြောင့်။.....ဟေတုဟုတ္တာပစ္စယော .... ဟူသော သမ္ဘာဝနာကမ္ဓ ဓာရည်းသမာသ်ကို မိန့်ဆိုတော်မူရပြန်ပါသည်။

ဟေတုစသောပစ္စယောစသတိ ဣဒပိနာဝစနေနဟေတုနောဘဒိပတိပစ္စယာဒိဘူတသဒ္ဒေဟဏံသိယာတိတံနိဝါရေန္တောဘာဝဟေတုဟုတ္ဝာပစ္စယောတိ။

ပဋ္ဌာန်းမူလဋီကာ (၁၂၃-၁၇)

ဟေတုစသော ပစ္စယောစသတိ ဣဒပိနာဝစနေန၊ ဟေတုစသော ပစ္စယောစ... ဟူသော ဤစကားရပ်ဖြင့်။ အဓိပတိပစ္စယာဒိဘူတသဒ္ဒ၊ အဓိပတိပစ္စည်းစသည်ဖြစ်၍ လည်းဖြစ်သော။ ဟေတုနော၊ ဟိတ်တရားကို။ ဂဟဏံ၊ ယူခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုအဓိပတိပစ္စည်း စသည်ဖြစ်၍ လည်း ဖြစ်သော ဟိတ်တရားကို။ နိဝါရေန္တော၊ တားဖြစ်လိုသည်ဖြစ်၍။ ဟေတုဟုတ္ဝာပစ္စယောတိ၊ ဟေတုဟုတ္ဝာပစ္စယော—ဟူသော ထိုစကားကို။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ အာဟ၊ မိန့်ဆိုတော်မူ၏။

ဟေတုဘာဝေနပစ္စယော... ဟူသောဝါကျကို
မိန့်ဆိုရခြင်းအကြောင်း။

(မေး) ဟေတုဟုတ္ဝာပစ္စယော .... ဟူသောဝါကျကို မိန့်ဆိုလျှင် ပြီးကောင်းပါလျက်။ အဘယ်ကြောင့် .....ဟေတုဘာဝေနပစ္စယော.....ဟူသော ဝါကျကို အဋ္ဌကထာဆရာ မိန့်ဆိုတော်မူရပြန်ပါသနည်း။

(ဖြေ) ဟိတ်ခြောက်ပါးပစ္စည်းတရား၏ ဟေတုသဘောယူသော ကြောင့်သာ..... ဟေတုဟုတ္ဝာပစ္စယော .....ဟု မိန့်ဆိုတော်မူသည်။ ကျေးဇူးပြုတတ်သော ဟေတုသတ္တိဝိသေသယူသောကြောင့်၊ ယင်းသို့မိန့်ဆိုအပ်သည်မဟုတ်ဟု ယူဆသောမိစ္ဆာဒိဋ္ဌိကိုပယ်ရှင်းတို့အား။ အဓိပတိ အစယူသော တဆဲ့တစ်ပစ္စည်းတပ်သော ဟိတ်တရားသည်လည်း ဟေတုပစ္စည်းမည်၏။ .....ဟူသော မိစ္ဆာအယူသည် ဖြစ်ခဲ့ရာ၏။ ထို့ကြောင့် ယင်းသို့သော အယူမှားကိုတားဖြစ်လိုရကား ဟေတုဘာဝေနပစ္စယော ဟူသော ဝါကျကို မိန့်ဆိုတော်မူရပြန်ပါသည်။

ဇေတနာပိသောဇဝေဒေါသောအာပဇ္ဇတိတိပုနာဟဟေတုဘာဝေနပစ္စယောတိဝုတ္တံဟောတိတိ။

ပဋ္ဌာန်းမူလဋီကာ (၁၂၃-၁၉)

ဇေတနာပါ၊ ထိုသမ္ပယုတ်ဝေနာကမ္မဝေဒနာရည်းသမာသိဖြင့်လည်း။ သောဇဝေဒေါသော။ ထိုအဓိပတိ-အစယူသော တဆဲ့တစ်ပစ္စည်းတပ်သော ဟိတ်တ

ရားသည် ဟေတုပစ္စည်းမည်၏ဟု ယူမှားသောအပြစ်သည်သာလျှင်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရာ၏။ ဣဘာတာဆွာ၊ ထို၄ကြောင့်။ ပုနဲ၊ တဖန်၊ ဟေတုဘာ ၀ေနပစ္စယောတိဝုတ္တံ ဟောတိတိ၎ တံ၀စနံ၊ ဟူသောစကားကို။ အာဟ၊ မိန့်ဆိုတော်မူ၏။

ထင်မံရှင်းလင်းချက် မရဒီကာ၀ါဒ။

ဤ၌အဓိပတိ.သဟဇာတ-အစယ္ပိသောတဆဲ့ တစ်ပစ္စည်းတော်သော ဟိတ်တရားသည်ဟေတုပစ္စည်းမည်၏။ ..... ဟု ယူမှားသောအပြစ်ကိုပယ် ဖျောက်ခြင်းငှာ . ဟေတုဟုတ္တာပစ္စယော.....ဟူသောပါဌကို မိန့်ဆို အပ်သည်ဖြစ်ပါလျက်။ အဆိုပါ..... ဟေတုဟုတ္တာပစ္စယော.....ဟူသော ၀ါဌကိုမိန့်ဆိုခြင်းကြောင့်၊ တဖန်ပြဆိုအပ်ခဲ့ပြီးသော အပြစ်သည်ပင်၊ သင့်ရောက်ရဦးမည်ဟု မူလဒီကာဆရာမိန့်ဆိုတော်မူခြင်းသည် သင့်နှိုင်ပါမည်လော။

အကယ်၍၊ ထိုဆိုအပ်ခဲ့ပြီးသော အပြစ်သည်ပင်၊ တဖန်သင့်ရောက်ရဦးမည်ဖြစ်ပါက၊ ၎င်းဦးစွာပြဆိုအပ်ခဲ့ပြီးသော အပြစ်ကိုတားဖြစ်ရခြင်း သည်အဘယ်အကျိုး ယှိပါတော့အုံ့နည်း။ အကျိုးမယှိတော့သည်မဟုတ် တုံလောဟူ၏ဏားအုံ့။

အကျိုးမယှိသည်မဟုတ်။ စင်စစ်သော်တမူကား..... ဟေတုဟုတ္တာ ပစ္စယော.....ဟု သာမန်မိန့်ဆိုပါက။ အယူနှစ်မျိုးပေါ်ပေါက်ခဲ့ရာ၏။ ယင်းအယူနှစ်မျိုးမှာ

(က) ဟိတ်ဖြစ်၍ ဟေတုပစ္စယသတ္တိဖြင့် ၎ကျေးဇူးပြုခြင်းတမျိုး
(ခ) ဟိတ်ဖြစ်၍ အဓိပတိ အစယ္ပိသော ပစ္စယသတ္တိဖြင့် ကျေး ဇူးပြုခြင်းတမျိုး

ဤသို့အာ၀ဇ္ဇ နှစ်မျိုးဖြစ်သည်။

ထိုနှစ်မျိုးတို့တွင်..... ဟိတ်ဖြစ်၍ ဟေတုပစ္စယ သတ္တိဖြင့် ကျေးဇူးပြု ခြင်း.....ကား၊ လိုအပ်သော"ဂဟေတဇ္ဇတ္ထဖြစ်၍, ... ဟိတ်ဖြစ်၍ အဓိပတိ အစယ္ပိသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ..... ကား၊ မလိုအပ်သော "နိ၀ဇ္ဇေတဇ္ဇတ္ထ"ပင် ဖြစ်လေသည်။

ဟေတုဟုတ္တာ ပစ္စယော .....ဟု သာမန်မိန့်ဆိုပါက၊ ယင်းနိ၀ဇ္ဇေ

ထို့နောင်နိဒဿနာကာရကို ဟောတော်မူ၏။ ၊ဟောဟန်ကား - ဟေတုဟေတုသမ္ပယုတ္တကာနံဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံဟေတုပစ္စယေနပစ္စယော .....ဟူသည်တည်း။

ပစ္စယုဒ္ဒေသေ။ပစ္စည်းတို့ကိုအကျဉ်းပြုရာ၌၊ယောယောဒိသော၊အကြင်သို့သဘောယို့သော။ ပစ္စယော၊ပစ္စည်းကို။ဟေတုပစ္စယောတိ၊ဟေတုပစ္စယော.....ဟူ၍။ ဘဂဝတာ၊ ဘုရားသျှင်သည်။ ဥဒ္ဒိဋ္ဌော၊အကျဉ်းပြတော်မူအပ်ပြီ။ သောတာဒိသော၊ ထိုသို့သဘောယို့သော၊ပစ္စယော၊ပစ္စည်းကို၊ ပစ္စယနိဒ္ဒေသေ၊ ပစ္စည်းတို့ကို မကျဉ်းမကျယ်ပြုရာ၌။ ဟေတုဟေတုသမ္ပယုတ္တကာနံဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံဟေတုပစ္စယေန ပစ္စယောတိ၊ ပစ္စယော .. ဟူ၍။ဘဂဝတာ၊ဘုရားသျှင်သည်။နိဒ္ဒိဋ္ဌော၊ မကျဉ်းမကျယ်ပြတော်မူအပ်ပြီ။

တဘဲ့ကွယ်သည်လည်း။ ရင်းပိဋ္ဌဟာ၌အတွင်းဝင်ခဲ့ရာသည်။ ယင်းသို့ဖြစ်က၊ ယခင်ဆိုအပ်ခဲ့ပြီးသော အပြစ်သည် ဟနည်းအားဖြင့် သက်ရောက်နိုင်လေသည်၊ ထို့ကြောင့်.....

ဒေတနာဝိသော ဒေဝဒေါသော အာပဇ္ဇတိ

ဟု မူလဋီကာဆရာမိန့်ဆိုတော်မူရခြင်းဖြစ်ပါသတည်း။

ကသ္မာပနေတ္ထသောဒေဝဒေါသောအာပဇ္ဇတိတိဝုတ္တံ၊ နနုဒေဝဒတ္တိသတိတံ ဂဟဏနိဝါရဏံနိရတ္ထကံသိယာတိ၊တန္တု၊ဟေတုဟုတ္တာပစ္စယောတိတ္ထေ ဂဟဏာနိဟေတုဟုတ္တာဟေတုဘာဝေနပစ္စယော, ဟေတုဟုတ္တာဘဝိပတိ ပစ္စယာဒိဘာဝေနပစ္စယောတိ၊ တသ္မာသောယေဝဒေါသောအာပဇ္ဇတိတိ ဝုတ္တံ၊

ပဋ္ဌာန်းမရှေ့ဋီကာ(၂၂-၂၆)

ပန်၊အာဘော်မမိ၊ဝေမတိကြောင့်၊မသိခြင်းရာ၊ဂျင်းဂျင်းကွာအောင်၊ စောဒနာပုန်၊ ဆောင်ကာထုတ်အံ့။ ကသ္မာ၊ အဘယိ့ကြောင့်။ သောဝေဒေါသောအာပဇ္ဇတိတိ၊ သောဝေဒေါသောအာပဇ္ဇတိ ဟူ၍။ အာစရိယော၊ မူလဋီကာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပါသနည်း။

ဟိ၊ လဒ္ဓဒေါသကို ဆိုပါပြီးအံ့။ ဝေါ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြစ်ရောက်ခြင်းသည်။ သတိ၊ ယို့လတ်သော်။ တံဂဟဏနိဝါရဏံ ထိုဆိုအပ်ခဲ့ပြီးသော အယူမှားကို တားမြစ်ခြင်းသည်။ နိရတ္ထကံ၊ အကျိုးမယို့သည်။

သိယာနနှု၊ ဖြစ်ရာသည် မဟုတ်တုံလော။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းပေတည်း။

တံ၊ထိုအသျှင်စောဒကဆရာတင်အပ်သောအပြစ်သည်။နှ၊မဖြစ်သင့်၊ ဟေတုဟုတ္တာပစ္စယောတိဇ္ဇေ၊ ဟေတုဟုတ္တာပစ္စယော..... ဟူသောပါဠိ ၌။ ဟေတု၊ ဟိတ်သည်။ ဟုတ္တာ၊ ဖြစ်၍။ ဟေတုဘာဝေန၊ ဟေတုပစ္စယသဘာဝဖြင့်။ ပစ္စယော၊ ကျေးဇူးပြုခြင်းငင်း။ဟေတု၊ ဟိတ်သည်။ ဟုတ္တာ၊ ဖြစ်၍။ အဓိပတိပစ္စယာဒိဘာဝေန၊ အဓိပတိ အစယ္ပိသော ပစ္စယသဘာဝဖြင့်။ပစ္စယော၊ ကျေးဇူးပြုခြင်းငင်း။ ဣတိ၊ ဤသို့။ နွေဂဟာဏာနိ၊ နှစ်ပါးသောအယူတို့သည်၊ သိယုံ ဖြစ်ကုန်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သော ယော၀ ဒေါသော အာပဇ္ဇတိဘိ၊ သောယော၀အာပဇ္ဇတိ.....ဟူ၍။ အာစရိယေန၊ မူလဋီကာဆရာသည်။ ၀ုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။

ဤသည်ကား၊ မူလဋီကာဆရာ၌ တင်ဘွယ်အပြစ်တို့ကို ပယ်ရှားမြို့ ဖြေရှင်းပြဆိုအပ်သော''မရုဋီကာဆရာ''၏ ဝါဒမျှားသာ ဖြစ်လေသည်။ (ခက်ခဲနက်နဲသော အရာဖြစ်သောကြောင့်-အထူးစဉ်းစား မှတ်သားတော်မူကြပါကုန်။)

ပဋ္ဌာနသာရဝိဘာဝနီဆရာ၏ ယူဆဆုံးဖြတ်ချက်၊

မူလဋီကာ, မရုဋီကာဆရာတို့ကား၊ ဤသို့မိန့်ဆိုကြကုန်၏။ ''**ပဋ္ဌာနသာရဝိဘာဝနီ-ဂဏ္ဌိကျမ်းပြုဆရာ**''၏ အာယေါ၀်ကား မည်သို့နည်းဟူ ငြားအံ့။

ဟေတုစသော ပစ္စယောစသိ ဟေတုပစ္စယော - ဟု ဆိုလျှင် ပြီးကောင်းပါလျက် ''ဟေတုဟုတ္တာပစ္စယော''ဟု အဋ္ဌကထာဆရာတဖန် မိန့်ဆိုတော်မူခြင်းကား,မူလဋီကာဆရာပြဆိုတော်မူသည့်အတိုင်း။ အဓိပတိ, သဟဇာတ,အစယ္ပိသော ပစ္စည်းတပ်သော ဟိတ်တရားတို့၏ "ဟေတုပစ္စည်း"အဖြစ်ကို တားဖြစ်လိုသောကြောင့်-ဟု ဖြေဆိုမည်။—ဟေတုဟုတ္တာပစ္စယော.....ဟု ဆိုလျှင် ပြီးကောင်းလျက်..... ဟေတုဘာဝေန ပစ္စယော ....ဟူသော၀ါကျကို အဋ္ဌကထာဆရာ တက်ရခြင်းအကြောင်းကား။ ဟိတ်ခြောက်ပါးသဘာ၀တရားတို့၏ ''ဟေတုပစ္စည်း''အဖြစ်ကို တားဖြစ်လိုသောကြောင့်ဟု ဖြေဆိုလိုပေ၏။

ဟောတူ၊ ဟိတ်ခြောက်ပါးတို့သည်၊ (တနည်း)ဟိတ်ကိုးပါးတို့သည်။ ဟောတုသမ္ပယုတ္တကာနုံ၊ ဟိတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနုဒ္ဓ၊ သဟိတ် စိတ် ဇကသင်္ဂြိတိ, မောဟမူဌေးဒ္ဒ မောဟကြဉ်သော စေတသိက်ဌေပညာသ တို့အာဃာတဝင်း။ တံသမုဋ္ဌာနာနုံ၊ ထိုဟိတ်,ဟိတ်နှင့် ယှဉ်သော စိတ်,စေတ သိက်လျှင်။ ဖြစ်ကြောင်းယိုကုန်သော။ ရူပါနုဒ္ဓ၊စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇ ရုပ်တို့အာဃာတဝင်း။ ဟောတုပစ္စယေန၊ ဟောတုပစ္စယ သင်္ဂြိဟေ။ ပစ္စယောဝ၊ ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရှင်းပါဦးခုံ။ "ဟောတုဟုတ္တာပစ္စယော"..... ဟုသောမန်မိန့်ဆိုပါမူ။ "ဟောတု"အရ၊ ဟောတုသဘာဝဓမ္မကို ကောက်ယူ၍ "ဟောတုပစ္စည်း" ဟူသည် တရားကိုယ်အားဖြင့်၊ ဟိတ်ခြောက်ပါးတရားပေတည်း ဟု မိန့်ဆိုအယူသည် ဖြစ်ခဲ့ရာ၏။ ယင်းသို့သော မိန့်ဆိုအယူကို တားဖြစ်လို သောကြောင့်သာ ... ... ဟောတုဘာဝေန ပစ္စယော ..... ဟူသော ဝါကျကို အဋ္ဌကထာဆရာ တက်တော်မူရခြင်းဖြစ်လေသည်။

အဓိပ္ပါယ် အချုပ်မှာ..... ဟောတုဟုတ္တာပစ္စယော..... ဟု သာမန်မိန့်ဆို အပ်သော်လည်း၊ ဟောတုသဒ္ဒါသည် ဟိတ်ခြောက်ပါး တည်းဟူသော ဟောတုသဘာဝဓမ္မကို မဟော။ ဟောတုသင်္ဂြိုဟ်သာ ဟောသည်ဖြစ်၍ "ဟောတုပစ္စည်း"ဟူသည် တရားကိုယ်အားဖြင့် "ဟောတုသဘာဝဓမ္မ"မ ဟုတ်"ဟောတုပစ္စယသင်္ဂြိ"ပင်တည်းဟု ဆိုလိုသည်။

ဟေတုဟုတ္တာတိဣဿာပိဟေတုဘာဝေ ဝါစကော ဟေတုသဒ္ဒေါနုသဘာဝ ဓမ္မေ ဝါစကောတိအာဟဟေတုဟုတ္တာ ပစ္စယောတိစ ဒုတ္တံ။

ပဋ္ဌာန်းအနုဋ္ဌီကာ (၁၇၆-၁၂)

ဟောတုဟုတ္တာတိဣဿာပိ၊ ဟောတုဟုတ္တာ..... ဟူသော ဤပါဠိ၌လည်း။ ဟောတုသဒ္ဒေါ၊ဟောတုသဒ္ဒါသည်။ ဟောတုဘာဝ ဝါစကော၊ဟောတုသင်္ဂြိ ကို ဟော၏။ ။ဟောတုသဘာဝဓမ္မ ဝါစကော၊ ဟောတုသဘာဝဓမ္မကိုဟော သည်။ နု၊ မဟုတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟောတုဟုတ္တာပစ္စယောတိစ၊ ဟောတုဟုတ္တာပစ္စယော ... ဟု၍ လည်း၊အာစရိယော နု၊ အဋ္ဌကထာဆရာ သည်။ ဒုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။

ထင်မံရှင်းလင်းချက်။

ပြဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကို အလုံးစုံချုံ၍၊ပဋ္ဌာနသာရဝိဘာ

ဝနိုဆရာ၏ အာဘေဝကိုတိုက်ရိုက်ဥာဏ်ပြုရမည်ဆိုသော်။ ဟောတုပစ္စည်းနှင့် သဘာဝဖြစ်သော အဓိပတိ သဟဇာတ—အစယိုသော တဆဲ့တစ်ပစ္စည်းတစ်သော ဟိတ်တရားတို့သည် "ဟောတုပစ္စည်း" မည်၏။ ဟု ယူမှားသောအပြစ်ကို တားဖြစ်လို၍ ... ဟောတုဟုတ္တာပစ္စယော ဟူသော ဝါကျကို မိန့်ဆိုခဲ့သည်ယို့သော်။ တဖန် ဓိအစ်ခဲ့ပြီးသော အပြစ်သည် ထပ်မံဖြင့်ဘွယ်ရာမယို့ပေ။ တပ်မံဖြစ်ပါသေးသည်ဟု ဆိုခဲ့သော် တားဖြင့်ရခြင်း၏ အကျိုးဘာမျှမယို့၊ အချည်းစည်း နိုရုတ္ထကသာ ဖြစ်ဘွယ်ရာယို့ပေ၏။

တစုံတရာ အခြားတပါးသော အပြစ်ရောက်ဘွယ် မယို့တော့ပြီဖြစ်က .... "ဟေတုဘာဝေနပစ္စယော" ..... ဟု အဋ္ဌကထာဆရာ ထပ်မံမိန့်ဆိုတော်မူရခြင်းသည်၊ အဝိသက်သက်ပင် ဖြစ်ရာလေတော့သည်။

စင်စစ်သော်တမူကား၊ အပြစ်တမျိုးသင့်ရောက်ဘွယ် ကျန်ယို့နေသေး၍သာ နောက်ဝါကျကို တဖန်မိန့်ဆိုတော်မူရခြင်းဖြစ်လေသည်။ သင့်ရောက်ဘွယ် ကျန်ယို့နေသေးသော အပြစ်ကား။

ဟောတုဟုတ္တာပစ္စယော ..... ဟု သာမန်မိန့်ဆိုခဲ့သည်ယို့သော် ဟောတုသည်

(က) သဘာဝမျှဖြစ်သောဟောတု
(ခ) သတ္တိဖြစ်သောဟောတု

နှစ်မျိုးလုံးတို့နှင့် ဆက်ဆံနေလေရကား ..... ဟောတုပစ္စယော ..... အရ၊ ဟောတုသဘာဝမျှသည်လည်း ဟောတုပစ္စည်းမည်ခဲ့ရာ၏။

စင်စစ်သော်တမူကား ..... ဟောတုသဘာဝမျှသည် ဟောတုပစ္စည်း မဟုတ်ပေ။ ယင်းသို့ဟောတုသဘာဝမျှကို ဟေတုပစ္စည်းဟု ကောက်ယူမှားသော အပြစ်ဒေါသသည်ပင်လျှင် သင့်ရောက်ဘွယ်ယို့ပေလေသည်။

ယင်းသို့ သင့်ရောက်ဘွယ်ယို့သောကြောင့် ..... "ဟေတုဘာဝေနပစ္စယော" ..... ဟူသော ဝါကျကို အဋ္ဌကထာဆရာ တက်တော်မူရလေသည်။

ဆိုလိုရင်းအဓိပ္ပါယ်ကား ..... ဟောတုသဘာဝမျှသည် ဟောတုပစ္စည်း မဟုတ်၊ ဟောတုသတ္တိသည်သာလျှင် "ဟေတုပစ္စည်း" ဖြစ်သည်ဟူလို။ ဤသည်ကား ..... ပဋ္ဌာနသာရိပ္ပဒီပနီ ဆရာ၏ အာဘော်ပေတည်း။

(ဤဌာနကျမ်းပြုဆရာတို့မည်သည်၊ မိမိရယ်မြတ်သောအာစရိယဝါဒ-စသည်ကျမ်းဂန်အဆို အလာတို့ကို ရှေးဦးစွာပြုဆို၍၊ မိမိကြိုစည်ယူဆအပ်သောအာဘော်ထင်မြင်ချက်တို့ကို ချမှတ်ရေးသားရန်တာဝန်ဝတ္တရားယူသည့်အတိုင်း၊ ကျမ်းဆရာ၏ အာဘော်ကို ထုတ်ဖော်ညွှန်ပြရခြင်းဖြစ်ပေသည်။ သင့်,မသင့်ကိုထောက်ချင့်၍၊ အသင့်ယုတ္တိယှိရာဝါဒကိုယူဆကြရန်မှာ။ ကျမ်းစာကိုကြည့်ရှုလေ့လာကြကုန်သော ပညာဝန်တို့၏ တာဝန်ဝတ္တရားဖြစ်ပေသတည်း။)

ဟေတုပစ္စယော - ဟူသော နိဒ္ဒိသိဘဇ္ဇဝမ္မ၌ မှတ်သားဘွယ်ပြီး၏။

ဟေတု(လ)ဟေတုပစ္စယော... ဟူသောနိဒ္ဒသနာကာရပါဠိတော်အား, သမ္ပဒါန်ပါဠိကိုမိန့်ဆိုရခြင်းဘကြောင်း၊

(မေး) ဟေတုဟေတုသမ္ပယုတ္တကာနံ ဝမ္မာနံ,တံသမုट्ठာနာနဉ္စ ရူပါနံ ဟေတုပစ္စယေနပစ္စယော.....ဟူသော နိဒ္ဒသနာကာရပါဠိ ... ဟေတုသမ္ပယုတ္တကာနံ .....ဟုမဆိုမူ၍,အဘယ်ကြောင့်.....ဟေတုဟေတုသမ္ပယုတ္တကာနံ ...ဟု မိန့်ဆိုတော်မူရပါသနည်း။

(ဖြေ) ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့ကို ပိုင်းခြားမှတ်သားလိုသောကြောင့် .. ဟေတုသမ္ပယုတ္တကာနံ ....ဟူ၍သာမဆိုပဲ: .....ဟေတု ဟေတုသမ္ပယုတ္တကာနံ.....ဟု မိန့်ဆိုတော်မူရပါသည်။

ချဲ့မါဠိဦးဆုံး၊ ။ဟေတုသမ္ပယုတ္တကာနံ.....ဟု သာမန်မိန့်ဆိုခဲ့သည်ယှိသော်၊ ပစ္စယုပ္ပန်တရားကိုသာ ပိုင်းခြားမှတ်သားနိုင်၍၊ မည်သည့်တရားက ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပစ္စည်းတရားကိုကား ပိုင်းခြားမှတ်သားခြင်းငှာ မစွမ်းနိုင်ပေရာ။

ဟေတုဟေတုသမ္ပယုတ္တကာနံ ..... ဟူ၍ မဆိုပဲ:.....ဟေတုသမ္ပယုတ္တကာနံ ... ဟု ဆိုပြန်လျှင်လည်း။ ဟိတ်ခြောက်ပါးပစ္စည်းတရားက၊ မည်သည့်သမ္ပယုတ်တရားအား ကျေးဇူးပြုသည်ဟု၊ပစ္စယုပ္ပန်တရားကိုလည်း ပိုင်းခြားမှတ်သားခြင်းငှာ မစွမ်းနိုင်ပေရာ။

ယင်းသို့ဖြစ်၍ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့ကို ပိုင်းခြားမှတ်သားလိုသောကြောင့် .....ဟေတုဟေတုသမ္ပယုတ္တကာနံ ..... ဟု မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

ဟေတုပစ္စယေနကရိုဏ်းပါဠိကို မိန့်ဆိုရခြင်းအကြောင်း။

(မေး) ပစ္စယော .... ဟူ၍ ကား၊ မဆို။ အဘယ်ကြောင့် "ဟေတုပစ္စယေနပစ္စယော" ဟု ကရိုဏ်းပါဠိကိုပါ မိန့်ဆိုရပါသနည်း။

(ဖြေ) ဟိတ်ခြောက်ပါး, ဟိတ်ကိုးပါး, တရားတို့၏ ဟေတုသတ္တိမှာ ပါးသောပစ္စယသတ္တိတို့ကို တားဖြစ်လိုသောကြောင့် "ပစ္စယော" ဟူ၍ ကား၊ မဆို၊ ဟေတုပစ္စယေနပစ္စယော..... ဟု ကရိုဏ်းပါဠိကိုပါ မိန့်ဆိုရခြင်းဖြစ်ပါသည်။

ရှင်းပါဦးအုံး ။ဟိတ်ခြောက်ပါး, ဟိတ်ကိုးပါးတရားတို့၌ "ဟေတုသတ္တိ"သာ ထင်ရှားယှိသည်မဟုတ်သေး။ အခြားအခါပတိ,သဟဇာတ-အစယှိသော ပစ္စယသတ္တိတို့သည်လည်း၊ ထင်ရှားယှိကြပေသည်။

အကယ်၍ .....ဟေတုပစ္စယေန.....ဟူသော ကရိုဏ်းပါဠိကိုကား၊ မဆို ပစ္စယော.....ဟူသောပါဠိကိုသာ မိန့်ဆိုသည်ဖြစ်ငြားအုံး၊ ဟိတ်ခြောက်ပါး, ဟိတ်ကိုးပါးတရားတို့သည်။ မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု မသိနိုင်ပေရာ။

ယင်းသို့ဖြစ်၍ ဟိတ်ခြောက်ပါး, ဟိတ်ကိုးပါးတရားတို့သည်၊ အခြားအခါပတိ,သဟဇာတ-အစယှိသောပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်မဟုတ်၊စင်စစ်သော်တမူကား။ဟေတုပစ္စယသတ္တိဝိသေသဖြင့်သာကျေးဇူးပြုသည်အဖြစ်ကြောင့်၊ အခြားအခါပတိ, သဟဇာတ - အစယှိသော ပစ္စယသတ္တိတို့ကို တားဖြစ်ခြင်းငှာ..... ပစ္စယော ....ဟူ၍ ကား၊ မဆို ဟေတုပစ္စယေနပစ္စယော .....ဟု ကရိုဏ်းပါဠိကိုပါမိန့်ဆိုတော်မူရခြင်းဖြစ်ပါသတည်း။

ဟေတုသမ္ပယုတ္တကာနံ-ဟုမိန့်ဆိုရခြင်းအကြောင်း၊

(မေး) တံသမ္ပယုတ္တကာနံ .....ဟု မိန့်ဆိုလျှင်ပြီးကောင်းပါလျက်၊ အဘယ်ကြောင့် "ဟေတုသမ္ပယုတ္တကာနံ" ဟု မိန့်ဆိုတော်မူရပါသနည်း။

(ဖြေ) တဿဒ္ဒါဖြင့် ညွှန်းပြအပ်သော တရား၏ မထင်ရှားသောကြောင့် "တံသမ္ပယုတ္တကာနံ"..... ဟု မဆိုပဲ—ဟေတုသမ္ပယုတ္တကာနံ ..... ဟု မိန့်ဆိုတော်မူရပါသည်။

ရှင်းပါဦးခဲ့။ ။တသဒ္ဒါတို့ကိုစွဲးရမည့်တရား ထင်ရှားသောအရာ ၌သာ အသုံးပြုသည်။ မှန်ပါသည်။ ။"ရူပါယတနံစက္ခုဝိညာဏဓာတု ယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ ဟူသောပါဠိ၌။ စက္ခုဝိညာဏဓာတ် တည်းဟူသော စွဲးရမည့်တရား ထင်ရှားသောကြောင့် ....."တံသမ္ပယုတ္တ ကာနဉ္စဓမ္မာနံ"ဟု ဘုရားသျှင်ဟောကြားတော်မူလေသည်။

ဤ၌"ဟေတု"ဟူ၍သော သာမန်ပေါင်း၍ မိန့်ဆိုး၏၊ ကုသိုလ်ဟိတ်, အကုသိုလ်ဟိတ်, အဗျာကတဟိတ် ဤသို့စသည်ဖြင့် ထင်ရှားစွာမိန့်ဆို ခြင်းမယှဉ်လေရကား။ တသဒ္ဒါဖြင့် စွဲးရန်မဖြစ်နိုင်ပေ။

အကယ်၍ "ဟေတု"ဟူသော ကတ္တားပါဌအရ၊ ဟိတ်ခြောက်ပါး, ဟိတ်ကိုးပါးလုံးအကုန်စွဲး၍ ..... တံသမ္ပယုတ္တကာနံ .... ဟု ဟောတော်မူခဲ့ ကြားအံ့။ ၎င်း..... တံသမ္ပယုတ္တကာနံ ..... ဟူသော သမ္ပဒါန်ပါဌအရ၊ ဟိတ် ခြောက်ပါး, ဟိတ်ကိုးပါးလုံးပါဝင်တော့မည်မဟုတ်ပေ။

ယင်းသို့ဖြစ်က၊ ဟိတ်ခြောက်ပါး,ဟိတ်ကိုးပါးတရားတို့သည်၊ ဟေ တုပစ္စည်းတရားသာဖြစ်၍။ ဟေတုပစ္စယုပ္ပန် မဖြစ်နိုင်တော့ပေ။ ထို့ ကြောင့်"ဟေတု"ဟူသောကတ္တားပါဌကို တသဒ္ဒါဖြင့် မစွဲးနိုင်။

တသဒ္ဒါဖြင့် စွဲးရမည့်တရားမထင်ရှားသောကြောင့် "တံသမ္ပယုတ္ထ ကာနံ"ဟူ၍ဟောတော်မမူပဲ....."ဟေတုသမ္ပယုတ္တကာနံ" ဟူ၍သာ ဟောတော်မူရလေသတည်း။

တံသမုဋ္ဌာနာနဉ္စရူပါနံ ... ဟုဟောတော်မူခြင်း
အကြောင်း။

(မေး) ဟေတုပစ္စယုပ္ပန်နာမက္ခန္ဓာတို့ကို၊ "တံသမ္ပယုတ္တကာနံ" ဟု ဟောတော်မမူပါပဲလျက်။ ဟေတုပစ္စယုပ္ပန်ရူပ်တရားတို့ကို၊ အဘယ်ကြောင့် ... တံသမုဋ္ဌာနာနဉ္စရူပါနံ .....ဟု ဟောတော်မူရပါသနည်း။

(ဖြေ) တသဒ္ဒါဖြင့် စွဲးရမည့်တရားထင်ရှားသောကြောင့်"တံသမုဋ္ဌာ နာနဉ္စရူပါနံ"ဟု ဟောတော်မူရပါသည်။

(ဤသည်ကား....ပဋ္ဌာန်းအဋ္ဌကထာကျမ်းထွက်အဓိပ္ပါယ်တို့ပေတည်း။)

"တံသမုဒ္ဒရာနဟူသောပါဠိကိုဝိဂ္ဂဟပြုပုံ၊

(မေး) "**တံသမုဒ္ဒရာနု**"ဟူသောပုဒ်ကို မည်သို့ဝိဂ္ဂဟပြုရမည်နည်း။

(ဖြေ) တေသမုဒ္ဒရာနာ ဇတေသန္တိ တံသမုဒ္ဒရာနာနိ ..... ဟု ယင်းသို့ ဝိဂ္ဂဟပြုရပါသည်။

ဤ၌"**တ**"သဒ္ဒါကို နောက်ပုဒ်နှင့်သမာသ်တွဲစပ်ရာဝယ်"**တ**"ထက်၌ နိဂ္ဂဟိတ်သော်လည်းလာရသည်၊(သို့မဟုတ်) နောက်ပုဒ်၏ အစအက္ခရာကို နွေဘော်မူလည်းပြုရသည်။

တသဒ္ဒသသမာသမှိ၊သဒ္ဒိ ပရပဒေဟိ၀ေ၊
နိဂ္ဂဟိတာဂဂမောပုမ္ဘ၊ပဒေဒ္ဒိဘာ၊ပ ဆ္ဆိ ၀ေ။

သဒ္ဒနီတိပဒမာလာ (၂၅၀-၉)

တသဒ္ဒသ၊ တသဒ္ဒါကို။ ပရပဒေဟိ၊ နောက်ပုဒ်တို့နှင့်၊ သဒ္ဒိ၊တကွ၊ သမာသမှိ၊ သမာသ်ကို။ ကတော၊ ပြုအပ်သည်ယို့သော်။ **၀ေ**၊ စင်စစ်။ ပုဗ္ဗပဒေ၊ ရှေ့ပုဒ်၌။ နိဂ္ဂဟိတ်တာဂဂမော၊ နိဂ္ဂဟိတ်လာခြင်းသည်။သိယာ။ ဖြစ်ရာ၏။ တု၊ ထိုမှတပါး၊ပ ဆ္ဆိ ၀ေ၊ နောက်ပုဒ်၌။ ဒ္ဒိဘာ၊ နွေဘော်ပြုခြင်း သည်။ သိယာ၊ ဖြစ်ရာ၏။

တသဒ္ဒါအစွဲးကိုညွှန်းပြခြင်း။

(မေး) တံသမုဒ္ဒရာနာနံ ..ဟူသောပါဠိ၌။ တသဒ္ဒါဖြင့် အဘယ်ကိုစွဲး ရမည်နည်း။ ဟေတုပစ္စည်းတရားကို ဟောသော "ဟေတု" ဟူသော ကတ္တားပါဠိကိုသာ စွဲရမည်လော။

(ဖြေ) တံသမုဒ္ဒရာနာနံ .... ဟူသောပါဠိ၌၊တသဒ္ဒါဖြင့် .. ဟေတုဟေ တုသမ္ပယုတ္တကာနံ၀မ္မာနံ .... ဟူသောပါဠိအရ၊ ဟိတ်တရား. ထိုဟိတ်တ ရားနှင့် သမ္ပယုတ်ဖြစ်သော နာမက္ခန္ဓာတရား နှစ်ပါးလုံးတို့ကို စွဲးရပါ သည်။

ဟေဟေတုစေ၀ ဟေတုသမ္ပယုတ္တကာစ၀မ္မာသမုဒ္ဒရာနာ၀ ဇေတေသန္တိ တံသမုဒ္ဒရာနာနိ။

ပဋ္ဌာန်းအဋ္ဌကထာ (၂၉၉-၃၀)

ဟေတုစေ၀၊ ဟိတ်လည်းဖြစ်ကုန်သော။ ဟေတုသမ္ပယုတ္တကာ၀မ္မာ စ၊ ဟိတ်နှင့်ယှဉ် သောတရားလည်းဖြစ်ကုန်သော။ သမုဒ္ဒရာနာ၊ ဖြစ် ကြောင်းတို့သည်။ဇတေသံ၊ ထိုရှစ်တရားကိုအား။သန္တိ၊ယှဉ်ကုန်၏။ ဤတိ တာဝတ္တာ၊ ထို့ကြောင့်။ တံသမုဒ္ဒရာနာနိ၊ တံသမုဒ္ဒရာနု မည်ကုန်၏။

တံသမုဒ္ဌာနအရမှုချအရကောက်ယူပုံ။

(မေး) တံသမုဒ္ဌာန.....ဟူသောပါဠိဖြင့်။ အဘာယ်ရုပ်တရားတို့ကို မှုချအား၊ဖြင့် အရကောက်ရပါမည်နည်း။

(ဖြေ) တံသမုဒ္ဌာန.....ဟူသောပါဠိဖြင့် စိတ္တဇရုပ်တရားတို့ကို မှုချအား၊ဖြင့် အရကောက်ရပါသည်။

ဣမိနာစိတ္တသမုဋ္ဌာနရူပံ ဂဏ္ဍာတိ။

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၀-၂)

ဣမိနာ၊ ဤ "တံသမုဒ္ဌာနာနိ" ဟူသောပါဠိဖြင့်။ စိတ္တသမုဋ္ဌာနရူပ်၊ စိတ္တဇရုပ်ကို။ ဂဏ္ဍာတိ၊ ကောက်ယူရ၏။

စိတ္တသမုဋ္ဌာနရုပ်-ဟုခေါ်ဆိုရခြင်းအကြောင်း။

(မေး) "တံသမုဋ္ဌာန"..... ဟူသောပုဒ်အရ၊စိတ္တဇရုပ်ကို ကောက်ယူရပြည်ဟုဆိုရာ။ စေတသိက်တရားသည် ရုပ်ကိုမဖြစ်စေနိုင်သောကြောင့် စိတ္တဇရုပ်(၀ါ)စိတ္တသမုဋ္ဌာနရုပ်ဟု ခေါ်ဆိုရလေသလော။

အကယ်၍ စေတသိက်သည်လည်း ရုပ်ကိုဖြစ်စေနိုင်ခဲ့သည် ဆိုပါသော်၊စေတသိက်ကြောင့်ဖြစ်သောရုပ်ကို 'စေတသိကဇရုပ်'(၀ါ)စေတသိကသမုဋ္ဌာနရုပ်ဟု ခေါ်ဆိုသင့်သည်မဟုတ်ပါ၊လော။အဘယ့်ကြောင့် စိတ္တဇရုပ်(ပါ) စိတ္တသမုဋ္ဌာနရုပ်ဟု ခေါ်ဆိုရပါသနည်း။

(ဖြေ) စေတသိက်သည် ရုပ်ကိုဖြစ်စေနိုင်ပါသော်လည်း၊ လောကိယဝမ္မဒေသနာ၌၊ စိတ်သာလျှင် "အဓိက"ဖြစ်သောကြောင့်။ စေတသိကဇရုပ်(၀ါ)စေတသိကသမုဋ္ဌာနရုပ်ဟု မခေါ်ဆိုရပဲ"စိတ္တဇရုပ်"(၀ါ)"စိတ္တသမုဋ္ဌာနရုပ်"ဟူ၍သာ ခေါ်ဆိုရပါသည်။

> သဗ္ဗေပိဟိ စိတ္တေ စေတသိကာ ဧကတော ဟုတ္ဝာ ရူပံ သမုဋ္ဌာပေန္တိ၊ လောကိယ ဝမ္မဒေသနာယံ ပန စိတ္တသဟဘိကဘာဝေ တာ ဘဏာ ဝိဝံ ရူပံ စိတ္တသမုဋ္ဌာနန္တိ ဝုစ္စတိ။

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၀-၃)

ဟိ၊ မှန်ပါသည်၊သင်္ဘေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ စိတ္တ၌စေတသိကာ၊စိတ်,စေတသိက်တို့သည်၊ ဧကတော၊တပေါင်းတည်း၊ဟုတ္ဝာ၊ဖြစ်

ကုန်၍။ ရူပံ၊ရူပ်ကို။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။ ပန၊ထိုသို့ပင်ဖြစ်စေပါ ကုန်သော်လည်း။ လောကိယဝမ္မဒေသနာယံ၊ လောကိယဝမ္မဒေသနာ၌။ စိတ္တသ၊ စိတ်၏။ အဓိကဘာဝတော၊ လွန်ကဲးသည့်၏ အဖြစ်ကြောင့်။ တထာဝိဓံ၊ ထိုသို့သဘောယှိသော။ ရူပံ၊ ရူပ်ကို၊ စိတ္တသမုဋ္ဌာနန္တိ၊ စိတ္တ သမုဋ္ဌာနရူပ်ဟူ၍။ ဝုစ္စတိ၊ မိန့်ဆိုအပ်၏။

စိတ္တသမုဋ္ဌာနာနံ...ဟုမဟောခြင်းအကြောင်း။

(မေး) "တံသမုဋ္ဌာနံ" ဟူသောပုဒ်အရ စိတ္တဇရူပ်ကို ကောက်ယူရ မည်ဟု ဆိုခဲ့သော်၊ ယင်းသို့ ရှုပ်ထွေးစွာ "တံသမုဋ္ဌာနာနံ" ဟု ဟော တော်မမူပဲ "စိတ္တသမုဋ္ဌာနာနံ"ဟုတိုက်ရိုက်ဟောတော်မူပါတော့သေး။ အဘယ့်ကြောင့် ဟောတော်မမူပါသနည်း။

(ဖြေ) သဟိတ်ပဋိသန္ဓေ ကမ္မဇရူပ်တို့ကိုလည်း။ သိမ်းယူလိုသော ကြောင့် "စိတ္တသမုဋ္ဌာနာနံ"ဟု ဟောတော်မမူပဲ "တံသမုဋ္ဌာနာနံ"ဟု ဟောတော်မူရပါသည်။

ယဒိဧवံ ဣဝါတံ သမုဋ္ဌာနာနန္တိ အဝတ္ဝာ စိတ္တသမုဋ္ဌာနာနန္တိ ကသ္မာ
နဝုတ္တန္တိ အစိတ္တသမုဋ္ဌာနာနမ္ပိ သင်္ဂဏှတော။

ပဋ္ဌာန်းအဋ္ဌကထာ(၃၀၀-၇)

ယဒိဧवं၊ ယင်းသို့ဖြစ်သည်ယှိသော။ ဣဝါ၊ ဤဟောတုပစ္စယနိဒ္ဒေသ ၌လည်း။ တံသမုဋ္ဌာနာနန္တိ၊ တံသမုဋ္ဌာနာနံ.....ဟူ၍။ အဝတ္ဝာ၊ ဟော တော်မမူပဲ။ စိတ္တသမုဋ္ဌာနာနန္တိ၊ စိတ္တသမုဋ္ဌာနာနံ ....ဟူ၍ ကသ္မာ၊ အ ဘယ့်ကြောင့်။ နဝုတ္တံ၊ ဟောတော်မမူအပ်ပါသနည်း။ ဣတိအယံ၊ ဤ သည်ကား။ စောဒနာ၊ စောဒနာခြင်းပေတည်း။

အစိတ္တသမုဋ္ဌာနာနမ္ပိ၊ စိတ်ကြောင့်မဖြစ်သော သဟိတ်ပဋိသန္ဓေကမ္ဘ ဇရူပ်တို့ကိုလည်း။ သင်္ဂဏှနတော၊ သိမ်းယူလိုသောကြောင့်။ နဝုတ္တံ၊ ဟောတော်မမူအပ်၊ ဣတိအယံ၊ ဤသည်ကား။ သောဓနာ၊ သောဓနာ ခြင်းပေတည်း။

အစိတ္တသမုဋ္ဌာနအာဂုကိုညွှန်းပြခြင်း။

(မေး) "အစိတ္တသမုဋ္ဌာနာနမ္ပိ"..... ဟု အဋ္ဌကထာဆရာ သာမည်ပြန်

ဆိုအပ်လေသောကြောင့်၊ စိတ္တဇရူပ်မှတပါးသောဗာဟိရရူပ်,အာဟာရဇရူပ်-စသည်တို့ကိုလည်း ကောက်ယူသင့်ပါလျက်။ အဘယ့်ကြောင့် "သဟိတ်ပဋိသန္ဓေကမ္မဇရူပ်" ကိုသာကွက်၍ ကောက်ယူရပါသနည်း။

(ဖြေ) သဟိတ်ပဋိသန္ဓေကမ္မဇရူပ်သည်သာလျှင်၊ဟေတုပစ္စယုဒ္ဒနိဒ္ဒေသ ထိုက်သောကြောင့်၊ အခြားဗာဟိရရူပ်, အာဟာရဇရူပ်—စသည်တို့ကို မကောက်ယူပဲ၊ သဟိတ်ပဋိသန္ဓေကမ္မဇရူပ်ကိုသာ ကောက်ယူရပါသည်။

ဤ၌ "အစိတ္တသမုဋ္ဌာနာနမ္ပိ" ဟူသောပါဠိကို သဒ္ဒါမျက်စိဖြင့်ကြည့်ရှု၍, "အ"သဒ္ဒါကို "အညေ"အနက်ယူကာ..... "နစိတ္တသမုဋ္ဌာနာနိ အစိတ္တသမုဋ္ဌာနာနိ"..... ဟု ဝိဂ္ဂဟပြုပါမူ..... "အစိတ္တသမုဋ္ဌာန"ဟူသောပုဒ်အရ၊ စိတ္တသမုဋ္ဌာနရူပ်မှ တပါးသောရူပ် ဟူသမျှတို့ကို ကောက်ယူနိုင်လေသည်။

ယင်းသို့ သဒ္ဒါနည်းအားဖြင့် ကောက်ယူနိုင်သော်လည်း မကောက်ယူရပေ။ ဟေတုပစ္စယနိဒ္ဒေသအရာဖြစ်သောကြောင့် "သဟိတ်ပဋိသန္ဓေကမ္မဇရူပ်" ကိုသာလျှင် ကောက်ယူရလေသည်။

မှန်ပါသည်၊ ။သာမညသဒ္ဒါပင်ဖြစ်စေကာမူ။ အနက်အရာစသော အားဖြင့် "ဝိသေသတ္ထ" ကိုပင် ဟောနိုင်လေသည်။ ထို့ကြောင့်

သာမညဝစနဿာပိ အတ္ထပ္ပကရဏာဒိနာ ဝိသေသ သိ ဿယတာ ဟောတိ၊

ဟု ဝိဘာဝနီဋီကာ(၉၁—၇)၌ မိန့်ဆိုတော်မူလေသည်။

ဟိယသ္မာ၊ အကြင့်ကြောင့်။ သာမညဝစနဿာပိ၊ သာမညသဒ္ဒါ၏လည်း။ အတ္ထပ္ပကရဏာဒိနာ၊ အနက်အရာစသည်ဖြင့်။ ဝိသေသဝိသယတာ၊ထူးသောအနက်လျှင် အရာယှိသောအဖြစ်သည်။ ဟောတိ၊ဖြစ်၏။

အတ္ထပ္ပကရဏာဒိနာ..... ၌ အာဒိသဒ္ဒါဖြင့် လိင်, ဩဘိတ္ဌ, ကာလ, ဒေသ,တို့ကို ယူလေ။

အတ္ထပ္ပကရဏလိင်္ဂ၊ ဩဘိတ္ထကာလဒေသတော၊
သဒ္ဒတ္ထာဝိဘဇ္ဇိယန္တိ၊နသဒ္ဒါယေဝကေဝလံ၊
သဒ္ဒဿသာရဇာလိနိသဒ္ဒါယော်ပါ၌၊

ဝိဘာဝိဟိ. ပညာယှိတို့သည်။ အတ္ထပ္ပကရဏ,လိင်,ဩဘိတ္ထ,ကာလ,

ဒေသတော၊ အနက်, အရာ, လိင်, အသင့်ယူအို, ကာလ,ဒေသအား၊ဖြင့်။ သဒ္ဒတ္ထော၊သဒ္ဒါ၏ အနက်တို့ကို၊ဝိဘဇ္ဇိယန္တိ၊ဝေဘန်အပ်ကုန်၏။ကေဝလံ၊ သက်သက်။ သဒ္ဒါယေဝ၊ သဒ္ဒါဘို့ကိုသာလျှင်။ နဝိဘဇ္ဇိယန္တိ၊ မဝေဘန်အပ်ကုန်။

ပဝတ္တိကမ္မဇရုပ်ကိုမကောက်ရခြင်းအကြောင်း။

(မေး) ကမ္မဇရုပ်သည် ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်အား၊ဖြင့် နှစ်မျိုးယှိရာ။ ပဋိသန္ဓေကမ္မဇရုပ်ကို ဟေတုပစ္စယသတ္တိဖြင့်ကျေးဇူးပြုနိုင်ပါလျှင်၊ ပဝတ္တိကမ္မဇရုပ်ကိုလည်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသင့်သည်မဟုတ်ပါလော။ အဘယ့်ကြောင့် ပဋိသန္ဓေကမ္မဇရုပ်အားသာ ကျေးဇူးပြု၍၊ ပဝတ္တိကမ္မဇရုပ်အား ကျေးဇူးမပြုပါသနည်း။

(ဖြေ) ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်သည် စိတ်နှင့်စပ်၍ဖြစ်သောကြောင့် ပဋိသန္ဓေကမ္မဇရုပ်အားသာ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၍။ ပဝတ္တိအခါ ကမ္မဇရုပ်သည် စိတ်ပင်ထင်ရှားယှိပါသော်လည်း။ စိတ်နှင့်ကားမစပ်၊ ရှေးအတိတ်ကံနှင့်သာစပ်၍ ဖြစ်သောကြောင့်၊ ပဝတ္တိကမ္မဇရုပ်အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။

ကသ္မာပနာယံဟေတုပဋိသန္ဓိယမေဝ ကဋတ္တာရူပါနံ ဟေတုပစ္စယောဟောတိ နပဝတ္တေတိ။ ပဋိသန္ဓိယံကမ္မဇရူပါနံ စိတ္တပုဋိဗဒ္ဓဝုတ္တိတာယပဝတ္တိယံ ပနတေသံစိတ္တေဝိစ္ဆမာနေပိကမ္မပုဋိဗဒ္ဓါဝပဝတ္တိနစိတ္တပုဋိဗဒ္ဓါ။

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၀-၁၆)

ပန၊ စောဒနာပုဒ်၊ ထုတ်၍ဆိုဦးအုံ့။ ကဿ၊ အဘယ့်ကြောင့်။ အယံ ဟေတု၊ ဤဟိတ်တရားသည်။ ပဋိသန္ဓိယမေဝ၊ ပဋိသန္ဓေအခါ၌သာ လျှင်၊ ကမ္မဇရူပါနံ၊ ကမ္မဇရုပ်တို့အား၊ ဟေတုပစ္စယော၊ ဟေပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ဟောတိ၊ဖြစ်သနည်း၊ပဝတ္တေ၊ပဝတ္တိအခါ၊ နဟောတိ၊ မဖြစ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။

ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌၊ ကမ္မဇရူပါနံ၊ ကမ္မဇရုပ်တို့၏ စိတ္တပုဋိဗဒ္ဓဝုတ္တိတာယာ၊စိတ်နှင့်စပ်၍ ဖြစ်ခြင်းယှိသည်၏ အဖြစ်ကြောင့်၊ဟေတုပစ္စယော၊ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ဟောတိ ဖြစ်၏။

ပန၊ ဗျတ်ပိရိက်ကိုဆိုဦးအုံ့။ ပဝတ္တိယံ၊ ပဝတ္တိအခါဠ္ဠ။တေသံ၊ ထိုကမ္မဇရုပ်တို့၏။ စိတ္တေ၊ စိတ်သည်။ ဝိဇ္ဇမာနေပိ၊ ထင်ရှားယိုပါသော်လည်း။ ကမ္မပ္ပဋိဗဒ္ဓါ၀၊ ကံနှင့်စပ်သည်သာလျှင်ဖြစ်သော။ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှား၏။ စိတ္တပ္ပဋိဗဒ္ဓါ၊ စိတ်နှင့်စပ်ခဲသော။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။နဟောတိ။ ထင်ရှားပေ၊တသ္မာ၊ ထို့ကြောင့်၊ ဟောကုပ္ပဇယော၊ ဟောတုပ္ပဇယ သတ္တိဖြင့် ကျေးဇူးပြုသည်။နဟောတိ၊မဖြစ်ပေ။

ပဝတ္တိအခါစိတ်နှင့်မစပ်ခြင်း ယုတ္တိကိုပြဆိုခြင်း။

(မေး) ပဝတ္တိအခါ၌ စိတ်ထင်ရှားယှိသည်ဖြစ်ပါလျက်၊ ကမ္မဇရုပ်တို့၏စပ်နှင့် မစပ်ကြောင်းကို အဘယ်ယုတ္တိကို ထောက်ဆ၍ သိရပါသနည်း။

(ဖြေ) နိရောဓသမာပတ် ဝင်စားသောအခါ၌၊ စိတ်ပင်ထင်ရှားမယှိသော်လည်း။ ကမ္မဇရုပ်တို့၏ ထင်ရှားဖြစ်နိုင်ခြင်းတည်းဟူသော ယုတ္တိကိုထောက်ဆ၍၊ ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့၏ စိတ်နှင့် မစပ်ကြောင်းကို သိရပါသည်။

အဝိဇ္ဇမာနေစာပိဝိဇ္ဇေနိရောဓံသမာပန္နာနံဥပ္ပဇ္ဇန္တိယေ၀၊

ပဋ္ဌာန်အဋ္ဌကထာ(၃၀၀-၂၃)

စ၊ ဆက်ပါဦးအုံ့။ စိတ္တေ၊ စိတ်သည်။ အဝိဇ္ဇာမာနေပိ၊ ထင်ရှားမယှိသော်လည်း။ နိရောဓံ၊ နိရောဓသမာပတ်ကို။ သမာပန္နာနံ၊ ဝင်စားကုန်သောအနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့အား။ကမ္မဇရူပါနိ၊ကမ္မဇရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိယေ၀၊ ဖြစ်ကုန်သည်သာလျှင်တည်း။

ပဋိသန္ဓေအခါကမ္မဇရုပ်တို့၏ စိတ်နှင့်စပ်ခြင်းအကြောင်း။

(မေး) ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့သည်။ အတိတ်ကံနှင့်သာစပ်၍။ စိတ်နှင့်မစပ်ပါပဲလျက်။ ပဋိသန္ဓေအခါ၌ အဘယ်ကြောင့် စိတ်နှင့်စပ်ရပါသနည်း။ စိတ်နှင့်စပ်ပုံကို ထင်ရှားအောင်ဖော်ပြပါ။

(ဖြေ) ပဋ္ဌဝေါကာရဘုံသည်ကား"နာမရူပေါကာသဘုံ" ဖြစ်သောကြောင့်၊ ပဋိသန္ဓေခဏ၌၊ ပဋိသန္ဓေစိတ်နှင့်ကင်း၍ ကမ္မဇရုပ်သည်မဖြစ်

နှင်။ ပဋိသန္ဓေစိတ်နှင့်စပ်ရပါမှသာ ကမ္မဇရုပ်ဖြစ်နိုင်လေသည်။ ယင်းသို့သောအကြောင်းယုတ္တိကိုထောက်ဆ၍၊ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့၏ စိတ်နှင့်စပ်ပုံကို သိရပါသည်။

တတြဟိ ဝတ္ထုရူပမတ္တမ္ပိ ဝိနာ ပဋိသန္ဓိယံ ဘရူပဝမ္မာ ပဋိသန္ဓိစိတ္တဋ္ဌိ ဝိနာ ကမ္မဇာ ပိ ရူပဝမ္မာ နုပ္ပဇ္ဇန္တိ ယုဂနဒ္ဓ ဝ ရူပါ ရူပါနံ ဥပ္ပတ္တိ၊

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၁-၁၁)

ဟိ၊ ခဲ့ပါဦးအုံ့။ တတြ၊ ထိုပဋ္ဌာ၀ေါကာရဘုံ၌။ ဝတ္ထုရူပမတ္တမ္ပိ၊ ဝတ္ထုရုပ်မျှကိုလည်း။ ဝိနာ၊ ကြဉ်၍။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌၊ အရူပဝမ္မာစ၊ နာမကွန္ဓာတရား၊ တို့သည်ရင်း။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်ကို၊ ဝိနာ၊ ကြင်၍။ ကမ္မဇာ ပိ၊ ကံကြောင့်လည်း ဖြစ်ကုန်သော။ ရူပဝမ္မာစ၊ ရုပ်တရား၊ တို့သည်ရင်း။ နုပ္ပဇ္ဇန္တိ၊ မဖြစ်နိုင်ကုန်။ ယုဂနဒ္ဓာ ဝ၊ နှစ်ပါး စုံစပ်ကုန်၍ သာလျှင်။ ရူပါ ရူပါနံ၊ ရုပ်, နာမ်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှား၏။

ယင်းသို့သော ပဋိသန္ဓေအခါ၊ မျိုး၌။ ပဋိသန္ဓေစိတ်ကလည်း ဒုဗ္ဗလဖြစ်သောကြောင့်။ စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ ကမ္မဇရုပ်ကလည်း ပဋိသန္ဓေစိတ်နှင့် ကင်း၍ မဖြစ်နိုင်။ အဆိုပါကမ္မဇရုပ်သည်ပင်လျှင်။ စိတ္တဇရုပ်အရာ၌ တည်၍ ပဋိသန္ဓေစိတ်သည်ပင်လျှင်။ အဆိုပါကမ္မဇရုပ်၏ အကြောင်း (ဗီဇ) အရာ၌တည်ပေသည်။

ကမ္မဇရူပမေ ဝ ပနဿ စိတ္တသမုဋ္ဌာနရူပဋ္ဌာနေ တိဋ္ဌတိ-တဿ ကမ္မဇရူပဿ ဗီဇဋ္ဌာနေ တိဋ္ဌတိ။

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၀-၂၉)

ပန၊ ဆက်ပါဦးအုံ့။ ကမ္မဇရူပမေ ဝ၊ ကမ္မဇရုပ်သည်သာလျှင်။ အဿ၊ ထိုပဋ္ဌာ၀ေါကာဘုံ၏။ စိတ္တသမုဋ္ဌာနရူပဋ္ဌာနေ၊ စိတ္တသမုဋ္ဌာနရုပ်အရာ၌။ (ဝါ)စိတ္တဇရုပ်အရာ၌။ တိဋ္ဌတိ၊ တည်၏။ တဿ၊ ထိုပဋ္ဌာ၀ေါကာဘုံ၏။ ကမ္မဇရူပဿ၊ ကမ္မဇရုပ်၏။ ဗီဇဋ္ဌာနေ၊ အကြောင်းဗီဇအရာ၌။ ဝါ၊ မျိုးစေ့အရာ၌။ တိဋ္ဌတိ၊ တည်၏။

ဥပမာဖြင့်ညွှန်းပြချက်။

ဥပမာယမိဒေကဿ၊ အဏ္ဍံ ဇာနန္တိ ပဏ္ဍိတာ။

ဟူသောနာရဒဇာတ်ပါဠိတော်နှင့်အညီ။ အနက်, အဓိပ္ပာယ်အားဖြင့်မပေါ်

လွင်မထင်ရှားသောအရာတို့၌၊ ဥပမာဆောင်၍ ညွှန်ပြပါမှသာ ပေါ်လွင်ထင်ရှားသိသာတော့သည်ဖြစ်လေရကား။ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့၏ ကံကြောင့်ပင်ဖြစ်လေသော်လည်း။ ပဋိသန္ဓေစိတ်နှင့်စပ်ပုံကို ဥပမာဆောင်၍ ထင်အောင်ပြဆိုပေအုံ့။

မျိုးစေ့,လယ်မြေ,ရေ.....ဟု သုံးမျိုးယှဉ်ရာ၊လယ်မြေနှင့်ရေပင်ထင်ရှားယှဉ်သော်လည်း။ဦးစွာပဌမမျိုးစေ့၏ အာနုဘော်ကြောင့် သစ်ပင်ပေါက်ရသည်။

ထို့နောက်.....မျိုးစေ့ပင် ထင်ရှားမယှဉ်သော်လည်း၊လယ်မြေနှင့် ရေတို့၏ အာနုဘော်ကြောင့်၊သစ်ပင်သည်တဆင့်ထက်တဆင့် ကြီးမြင့်ခိုင်ခန့် တည်တန့်ခြင်းသို့ ရောက်ရလေသည်။

ဤဥပမာ၌၊ ပဋိသန္ဓေစိတ်သည် မျိုးစေ့နှင့်တူ၏။ ကံ-သည်လယ်မြေနှင့်တူ၏။ ကိလေသာသည် ရေနှင့်တူ၏။ ကမ္မဇရုပ်သည် သစ်ပင်နှင့်တူ၏။

ရှင်းပါဦးအုံ့။ ။ပဋိသန္ဓေခဏ၌ ကံ-ကိလေသာတို့ပင် ထင်ရှားယှဉ်သော်လည်း။ ပဋိသန္ဓေစိတ်၏ အာနုဘော်ကြောင့် ကမ္မဇရုပ်သည် ဖြစ်ရပေ၏။ ထို့နောက်.... ပဋိသန္ဓေစိတ်ပင် ချုပ်ပျောက်သွားသော်လည်း ကံ-ကိလေသာတို့၏ အာနုဘော်ကြောင့်၊ ပဝတ္တိအခါ၌ ကမ္မဇရုပ်သည် ထင်ရှားဖြစ်လေတော့သည်။

(ဤ၌၊ ဥပမာန, ဥပမေယျဝိရောဓိမဖြစ်စေရန်သာ၊ ကိလေသာကိုထည့်သွင်းဖော်ပြလိုက်ရခြင်းဖြစ်သည်။ စင်စစ်မှာတမူ-ကမ္မဇရုပ်ကိုဖြစ်စေသော ရှေးအတိတ်ကံသည်သာလျှင် လိုရင်းပဓာနဖြစ်ပေသည်။ရှေးအတိတ်ဇနကကံ၏အာနုဘော်ကြောင့်ပဝတ္တိအခါ၌ ကမ္မဇရုပ်သည် ထင်ရှားဖြစ်လေတော့သည်....ဤသို့ဆိုမူလည်းဆိုနိုင်သည်။)

ဤဥပမာကို ထောက်ဆသောအားဖြင့် ပဋိသန္ဓေအခါ၌၊ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေစိတ်နှင့်စပ်ပုံကို ကောင်းစွာ သိနိုင်လေတော့သတည်း။

ကျမ်းဂန်အထောက်အကူးပြုနည်း။

ကျမ်းဂန်အထောက်အကူးပြုရာ၌၊ အရင်းကျ၍ ခိုင်လုံသော အာဂမယုတ္တိကိုသာ ကိုးကားထောက်ထား၍ ပိမိစကားကိုခိုင်မြဲစေအပ်၏။

သောတုဇနတို့ ဗဟုသုတဖြစ်ပွားစေရန်ကို ရည်သန်၍ မှတ်သားဘွယ်ပါဋိဋ္ဌအာဂုမ်အတိုအထွေတို့ကို ဆိုင်ရာဆိုင်ရာ ထည့်သွင်းညွှန်ပြထားလေရာ။

ဥပမာယမိ၁ဝကဒ္ဓေ၊ ဘဏ္ဍံဇာနန္တိ ပဏ္ဍိတာ

ပဂူသောပါဠိသည် .....မဏိသာရမဇ္ဈုသာဒိကာဒ္ဒိလည်းပါယို့၏။ ယင်းသို့ပါယို့သော်လည်း။ ၎င်း၏အရင်းကျသော ကျမ်းဂန်ကား "နာရဒဇာတ်ပါဠိတော်"ဖြစ်သောကြောင့်၊ ဤအရာမျိုးဌ မဏိသာရမဇ္ဈုသာဒိကာကို မကိုးရ။ အရင်းကျသော"နာရဒဇာတ်ပါဠိတော်"ကိုသာ ကိုးကားသင့်လေသည်။

မန္တလေးမြို့တောင်ပြင်"ဒဂ္ဂိုဏာရုမဘုရားကြီးဆရာတော်"အထိသို့ "မောက်ကျိုးဆရာတော်" ကြွလာ၍၊ ပဒိုဌနှာရစကားပြောကြားနေစဉ်။ဟဲ့ "မောင်ရန်ကုန်ကိုခေါ် လိုက်"ဟု ဘုရားကြီးဆရာတော်အမိန့်ဖြင့် "ဦးရန်ကုန်" ကြွလာရာ။ ပိမိတို့ကျေးဇူးဂုဏ်—ဘုရားကြီးဆရာတော်အား"မောက်ကျိုးဆရာတော်"က စာမေးသည်အထင်နှင့် "ဦးရန်ကုန်" က တပည့်တော်မျှား ကျေးဇူးဂုဏ်ဆရာတော်အား စာမေးလျှောက်ဘွယ်မယို့။ မေးလိုက တပည့်ဖြစ်သူအားသာ မေးနှိုင်ကြောင်း လျှောက်ထားလေ၏။

သည်လိုဖြင့်မေးရတာပ .... ဟု "မောက်ကျိုးဆရာတော်"က **အာဘိ**ဓမ္မာပြဿနာတခုကို မေးလေ၏။

"ဦးခန်ကုန်"က"အဌသာလိနီအဋ္ဌကထာကျမ်း"ကို ကိုးကား၍ ဖြေဆိုလိုက်ရာ ...."**မောက်ကျိုးဆရာတော်**"က

"မောင်ရန်ကုန်"ရဲ့ မဏိသာရမဇ္ဈုသာဒိကာဒ္ဒိ ဤသို့ဆိုသည်မဟုတ်ပါလား.....ဟု မိန့်တော်မူရာ။

(ငါ့ရိုး) ငါက"အဌသာလိနီအဋ္ဌကထာကြီး"ကို ကိုးကားဖြေဆိုပါလျက်၊ မနေ့တနေ့ကမှ ငါလိုလူတယောက်က ထ၍ရေးသော"**မဏိသာရမဇ္ဈုသာဒိကာ**"ကို ကိုးကာရမည်လော .....ဟု ကြိမ်းဝါးကြောင်း။ ဗန်းမော်ဆရာတော်ဘုရားအထံ ဆန်းတက်စဉ်က၊ ကြားနာမှတ်သားရဘူးလေသည်။

(ဆရာတော် "ဦးရန်ကုန်" ကား.... အလွန်စိတ်ထက်သန်သူဖြစ်၍၊ ဒေါသစရိုက်အလျောက်၊ရုန့်ရင်းကြမ်းကြုတ်သောစကားကိုဆိုတတ်သော်လည်း။ ပညာယ်ပြုသစ္စာ၊ ပေါ့ပ်မှား,ဆိုမှား မိသည်များကို ဖွေမယူရန် ကန်တော့တောင်းပန်တတ်သော အလေ့ယှ်၏။ ယင်းသို့ "မောက်ကျိုးဆရာတော်" အား ဆဲးဆိုတိုင်းထွာမိ၍ သွားရောက် ကန်တော့ဝန်ချတောင်းပန်သောဟူသတတ်။)

ထို့ကြောင့် ကျမ်းဂန်တို့ကိုထောက်ထားကိုးကားရာ၌၊ အရင်းကျ၍ ခိုင်လုံသော ကျမ်းဂန်တို့ကိုသာ၊ ထောက်ထား ကိုးကားသင့်ကြောင်း၊ သောတုဇနတို့ ဗဟုသုတဖြစ်ပွားကြစေရန်၊ စကားအလျဉ်းသင့်၍ ထည့်သွင်းဖော် ပြလိုက်ပါသတည်း။

ဟေတုသဟဇာတာနံ.,...ဟုမဟောခြင်းဘကြောင်း

(မေး) ဟေတုသဟဇာတာနံမဟာနံ၊ ဟေတုပစ္စယေနပစ္စယော—ဟု ဟောတော်မူခဲ့သည်ယှ်သော်။ လိုအပ်သောအနက်သည် ပြီးကောင်းပါလျက်၊ ယင်းသို့မဟောမူ၍ အဘယ့်ကြောင့်.....ဟေတုဟေတုသမ္ပယုတ္တာ ကာနံ(လ) ဟေတုပစ္စယေနပစ္စယော.... ဟု ဟောတော်မူရပါသနည်း။

(ဖြေ) ဟေတုသဟဇာတာနံမဟာနံ ဟေတုပစ္စယေနပစ္စယော..... ဟု ဟောတော်မူပါက၊ ပဝတ္တိအခါ၌ ဟိတ်နှင့်အတူတကွ တည်ဖြိုင်နက်သော ခဏ၌ ဖြစ်ကြကုန်သော ကမ္မဇရုပ်, ဥတုဇရုပ်,အာဟာရဇရုပ်, တို့အားလည်း၊ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်ဟု ယူမှားဘွယ်ရာယှ်၍။ ယင်းသို့သော အယူမှား.ကို ပယ်ဖျောက်လိုသောကြောင့် ..... "ဟေတုသဟဇာတာနံ" ဟု ဟောတော်မမူပဲ..... ဟေတုဟေတုသမ္ပယုတ္တာကာနံ(လ)ပစ္စယော..... ဟု ဟောတော်မူရပါသည်။

ပဝတ္တိယံကဋတ္တာရူပါဒိနံပစ္စယဘာဝပဋိဗာဟနတော

ပဋ္ဌာန်းအဋ္ဌကထာ(၃၀၁-၂၁)

ပဝတ္တိယံ၊ ပဝတ္တိအခါ၌၊ ကဋတ္တာရူပါဒိနံ၊ ကဋတ္တာရုပ်စသည်တို့အား။ ပစ္စယဘာဝပဋိဗာဟနတော၊ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်-ဟူသော အယူမှားကို တားမြစ်လိုသောကြောင့်။ ဟေတုဟေတုသမ္ပယုတ္တာကာနံမဟာနံ,တံသမုဋ္ဌာနာနဉ္စ ရူပါနံ တိဏ္ဏံ။ ရူပါနံ .....ဟူသော ဤစကားကို။ ဂဟိတံ၊ ယူတော်မူအပ်၏။

ဟေတုဟေတုသမ္ပယုတ္တာကာနံ-စသောနိဿယနာကာရပါဠိနှင့်
စပ်သောမှတ်သားဘွယ်ပြီး၏။

ထိုပါဠိတို့ကတော့ .....“ဟောတုပစ္စယော” .....ဟူသော ပါဠိဖြင့် “ဒုဒ္ဒိသိ တဗ္ဗဝမ္မ”ကို ပြတော်မူ၏။

“ဟောတုဟောတုသမ္ဘယတ္ထကာနံဝမ္မနံ, တံသမုဋ္ဌာနာနုဗ္ဗူပါနံ ဟောတု ပစ္စယောနုပစ္စယော” .....ဟူသောပါဠိဖြင့် “ဒုဒ္ဒသနာကာရ”ကို ပြတော်မူ၏။

ဣတိသဒ္ဒါ၏ အနက်ကိုညွှန်းပြခြင်း။

(မေး) ဟောတုပစ္စယနိဒ္ဒေသပါဠိ၌။ အခြားပါဠိတို့ဖြင့် “ဒုဒ္ဒိသိတဗ္ဗ ဝမ္မ,ဒုဒ္ဒသနာကာရ”တို့ကိုအသီးအသီးညွှန်းပြကြောင်းပြဆို၍ “ဟေတု ပစ္စယောတိ”၌ “ဣတိ” သဒ္ဒါဖြင့် အာဘယ်ကိုညွှန်းပြကြောင်းမပါယိုရာ။ အဆိုပါ‘ဣတိ”သဒ္ဒါဖြင့် အာဘယ်ကို ညွှန်းပြသင့်ပါသနည်း။

(ဖြေ) ဟောတုပစ္စယောတိ၌ .....“ဣတိ”သဒ္ဒါဖြင့် ‘ ဒုဒ္ဒသနာ”ကို ညွှန်း ပြသင့်ပါသည်။

မှန်ပါသည်။ ။ဣတိသဒ္ဒါသည်‘ဒုဒ္ဒသနာ”အနက်၌ ဖြစ်ကြောင်းကို

ဣတ္ထံ,ဣတိဣဒေ္ဓတာနိဒုဒ္ဒသနတ္ထေ။

ဟုသဒ္ဒနိတိသုတ္တမာလာ၌ ပါဠိဆိုလေသည်။

အချို့အရာ၌၊ဟေတု,ဝါကျပရိသမာပနအနက်တို့၌ဖြစ်နိုင်ကြောင်းကို

ဣတိဟေတုဝါကျပရိသမတ္တိသုစ။

ဟုပဒရူပသိဒ္ဓိ၌ ပါဠိဆိုတော်မူ၏။

ကမ္မဝါစာရွတ်ဖတ်ရာ၌ .....ဇဝမေတံခေါရယာမိတိ..... ဝယ်၊ ဣတိသဒ္ဒါ ကို“ဥာပေတာဗ္ဗော”ကြိယာ၌ စပ်ရန်ဖြစ်သောကြောင့်၊ အချို့ပညာဝန် တို့က“ဣတိ”သဒ္ဒါမထည့်ပဲ..... ဇဝမေတံခေါရယာမိ .....ဟူ၍သာ ရွတ် ဖတ်တော်မူကြကုန်၏။

ကျေးဇူးရှင်“ဘုရားပြုရိုသေတော်ဘုရားကြီး”သည်ကား “ဣတိ”သဒ္ဒါ ကို“ဝါကျပရိသမာပနဏ”ကြီးတော်မူ၍ .....ဇဝမေတံခေါရယာမိတိ .....ဟု ဣတိသဒ္ဒါကို ထည့်သွင်းရွတ်ဖတ်သော်လည်း အပြစ်မယိုဟု ဆုံးဖြတ် တော်မူကြောင်း .... ကျေးဇူးရှင် “သဒ္ဓမ္မဇောတိကာခုံဆရာတော်ဘုရား ကြီး”ပါဠိကြားတော်မူသည်ကို မှတ်သားရာကူးလေသည်။

ထိုနိဒဿနာဝကာရပါဠိတို့တွင်..... "ဟေတု" ..... ဟူသောကဏ္ဍားပါဠိ ဖြင့် ဟိတ်ခြောက်ပါး။ (တနည်း) ဟိတ်ကိုးပါး ပစ္စည်းတရားကို ပြတော်မူ၏။

"ဟေတုသမ္ပယုတ္တကာနံခမ္မာနံ, တံသမုဋ္ဌာနာနဉ္စရူပါနံ"..... ဟူသော သမ္ပဒါနိပါဠိဖြင့် သဟိတ်စိတ်ဇကသတ္တိ, မောဟာမူဇွေ၌ မောဟာကြဉ် သော စေတသိက်ဇွေပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မ ဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ယင်းသို့ နိဒဿန, ဟေတု, ဝါကျပရိသမာပနအားဖြင့်(၃)နက်တို့တွင် ဤ၌"ဣတိ"သဒ္ဒါသည် ဟေတု, ဝါကျပရိသမာပန (၂) နက်တို့၌ ဖြစ်နိုင်ဘွယ်ရာ အကြောင်းမယှိပေ။ ထို့ကြောင့် "နိဒဿန" အနက်၌သာဖြစ်သည်ဟု မှတ်ယူသင့်ပေသတည်း။

(တနည်း)

ပုန်သည် သဒ္ဒပဒဏ္ဍက, အတ္ထပဒဏ္ဍက, အား‌ဖြင့် နှစ်ပါးယှိရာ.....ဟေတုပစ္စယောတိ.... ၌.....ဟေတုပစ္စယော.....ကား သဒ္ဒပဒဏ္ဍကတည်းဟု ဣတိသဒ္ဒါဖြင့် ညွှန်းပြသည်။ (ဤသည်ကား ဟသ်ဘတမ္ပြီ လယ်တီဆရာတော်ဘုရားကြီး၏ဝါဒတည်း။)

(မေး) "ဣတိ"သဒ္ဒါဖြင့် "နိဒဿန"ကို ညွှန်းပြပါလျက်၊ ပဋ္ဌာန်းအရ ကောက်၌။ အဘယ်ကြောင့် ထုတ်ဆောင်ညွှန်ခြင်းကို မပြုပါသနည်း။

(ဖြေ) "ဣတိ"သဒ္ဒါဖြင့် "နိဒဿန" ကို ညွှန်းပြကြောင်း တိုက်ရိုက်မညွှန်းပြသော်လည်း "ပိဂပဒဝလဉ္ဇနနည်း" အား‌ဖြင့် သိလောက်သည့်အပြင်၊ ထိုသို့ညွှန်းပြရသဖြင့် တစုံတရာအကျိုးထူး ဝိသေသမယှိသောကြောင့်၊ယင်းကဲ့သို့ ထုတ်ဆောင်ညွှန်းပြခြင်းကို မပြုခြင်းဖြစ်ပါသည်။

ကဏ္ဍားပါဠိစသည် အရကောက်ပုံနယူပဒေသ။

ပစ္စယနိဒ္ဒေသပါဠိဟူသမျှတို့၌ အရကောက်ပုံနယူပဒေသမှာ

ကဏ္ဍား, သမ္ပဒါန်၊ ကရိဏ်းမှန်၊ စွည်း, ပွန်, သတ္တိပြ

ဟူသည်နှင့်အညီ၊ကဏ္ဍားပါဠိဖြင့် 'ပစ္စည်းတရား 'ကိုညွှန်းပြ၍, သမ္ပဒါန်ပါဠိဖြင့် "ပစ္စယုပ္ပန်တရား"ကို ညွှန်းပြပြီးလျှင်။ ကရိဏ်းပါဠိဖြင့် "ပစ္စယသတ္တိ"ကို ညွှန်းပြလေသည်။

ဟောတုပစ္စယေန.....ဟူသော ကရိုဏ်းပါဠိဖြင့် တပ္ပြိုင်နက်"ယထာရဟ"တပ်ကောင်းသော ဟောတု,အဓိပတိ,သဟဇာတ,အညမညဿ, နိဿယ,ဝိပါက,ဣန္ဒြိယ,မဂ္ဂ, သမ္ပယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ-ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင်"ဟောတုသတ္တိ" ဟု ဆိုအပ်သော သဘာဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ထိုတွင် ကဏ္ဍားပါဠိ,သမ္ပဒါနိပါဠိအရဂေါက်တို့ကို အမြင်သန်ရေးမှာ"ပဋ္ဌာန်းသုံးချက်စု" မှ ပစ္စည်းတရား, ပစ္စယုပ္ပန်တရား,အရဂေါက်တို့ကို ကောင်းစွာ ကြေပြွန်နားလည်ထားရန် လိုပေသည်၊

မှန်ပါသည်။ ။ထန်းတပင် ဆရာတော်ဘုရားကြီးသည်။ သောတုဇနအပေါင်းတို့ "ပစ္စယနိဒ္ဒေသ"သို့ ရောက်သောအခါ တွေဝေခက်ခဲခြင်းမယှဉ်ကြစိမ့်သောဌာ။ ပစ္စည်းတရားတစု, ပစ္စုပ္ပန်တရားတစုတို့ကို ညွှန်းပြသော "ပဋ္ဌာန်းနှစ်ချက်စုဆိုရိုး"ကို ဦးစွာ ရေးသားညွှန်ပြထားတော်မူလေသည်။

ဂင်းမှာ"ပဋ္ဌာန်း (၃) ချက်စုဆိုရိုး"ကို ကြေပြွန်စွာ နှုတ်တက်ရယ်သူတို့အတွက်။ တစုံတရာထူးခြားခြင်းမယှိပေ။

"ပဋ္ဌာန်းသုံးချက်စုဆိုရိုး"ကို ကြေပြွန်စွာ နှုတ်တက်ရယ်သူတို့မှာ။ ပစ္စယနိဒ္ဒေသကဏ္ဍားပါဠိ, သမ္ပဒါနိပါဠိအရဂေါက်ကို အထူးကျက်အံ့နေရခြင်းမယှိပဲ၊ ဆရာလုပ်သူက မည်သို့ဆိုရိုးပြုရမည်ကို ညွှန်းပြရုံဖြင့်ဖြစ်စေ၊ မိမိကိုယ်တိုင် ကြည့်ရှုလေ့လာရုံဖြင့်ဖြစ်စေ၊ နားလည်သဘောပေါက်နိုင်ဘွယ်ရာ အကြောင်းယှိပေသည်။

"**ပဋ္ဌာန်းအရေကောက်ကြီး**"ကို ချပ်ရိုသောဆရာတို့က။ မိမိတပည့်တို့အား ဦးစွာပဌမ "ပဋ္ဌာန်းသုံးချက်စုဆိုရိုး" ကို အရေဆောင်စေပြီးလျှင် "ပဋ္ဌာန်းအရေကောက်ကြီး"ကို မကိုင်စေပဲ"ပဋ္ဌာန်းပါဠိတော် 'ကို ကိုင်စေ၍၊ ကဏ္ဍားပါဠိ,သမ္ပဒါပါဠိအရဂေါက်တို့ကို လေ့လာကောက်ယူစေရမည်။

မှန်ပါသည်။ ။ယခုကာလ "ပဋ္ဌာန်းအရဂေါက်" ဟူသည်မှာ "ပဋ္ဌာန်းပါဠိတော်နိသျ" ပင်ဖြစ်၍ "ပဋ္ဌာန်းပါဠိတော်"ကို အနက်ထင်လျှင် ပဋ္ဌာန်းအရဂေါက်ကို ဖြင်ပြီ ဖြစ်စေနိုင်လေသည်။

ထို့ကြောင့် မိမိတပည့်တို့အား ‘ပဋ္ဌာန်းပါဠိတော်’’ကို ကိုင်စေ၍ အနက်ချပေးရင်း..... ဆရာလုပ်သူက အရကောက်သွင်း၍၊ တပည့်တို့သိ ယှိနှားလည်သဘောပေါက်အောင် လေ့လာကောက်ယူစေမှုကို ပြုစေ ခြင်းက သာလွန်သင့်လျှော်ပေသည်။

(မှတ်ချက်။ ‘‘ပဋ္ဌာန်းအရကောက်ကြီး’’ကို အခြေပြုနိုင်သော‘‘ပဋ္ဌာန်းသုံးချက်စု ဆိုရိုးမူသစ်’’ကို ‘‘‘‘ပဋ္ဌာနသာရဝိဘာဝနီပဋမတွဲ’’’’ ၌ သီးသန့်ညွှန်ပြထားယှိပြီးဖြစ်ရာ၊ ထို ‘‘ပဋ္ဌာန်းသုံးချက်စုဆိုရိုးမူသစ်’’ ကိုသာ နှုတ်တက် အာဂုမ်ဆောင်လျက် ‘‘ပဋ္ဌာန်းအရ ကောက်ကြီး’’ကို မကြည့်ပဲ။ အရကောက်ဆိုရိုးပြုသင့်လေသည်၊‘‘ပဋ္ဌာနသာရဝိဘာဝနီ ဆရာကိုယ်တိုင်’’ထို ‘‘ပဋ္ဌာန်းသုံးချက်စုဆိုရိုးမူသစ်’’ ဖြင့် ‘‘ပဋ္ဌာန်းအရကောက်ကြီး’’ ကို လုံးဝမကိုင်စေပဲ။ ဆိုရိုးကျ အရကောက်တတ်အောင် တပည့်များအား အောင်မြင်စွာ ပို့ချသင်ကြားရိုးပြုစေခဲ့လေသည် ထို‘‘ပဋ္ဌာန်းအရကောက်ကြီး’’ကိုလုံးဝမ်ကိုင်ရပဲ။ဆိုရိုး ကျအရကောက်တတ်အောင် ‘‘ပဋ္ဌာန်းချမ့ိုနည်း အာစရိယမုဒ္ဒိလဒ္ဓေါပဒေသ’’ ကိုရယ်ကို သောပုဂ္ဂိုလ်များမှာ‘‘ပဋ္ဌာန်းအရကောက်ကြီး’’ကို လုံးဝမ့ကိုင်ရပဲ၊ဆိုရိုးကျအရကောက် တတ်အောင် အမှန်ပင်ပို့ချနိုင်ကြပါသည်။)

‘‘ကရိုဏ်းပါဠိဆိုရိုး’’ သည် (၁) သာမညဆိုရိုး (၂) ဝိသေသဆိုရိုး အားဖြင့် နှစ်မျိုးယှိရာ၊ (၁) သာမညဆိုရိုးကို‘‘ပစ္စယသဘာဝလက်ခဏ’’ကို ကြေညြွန်စွဲဆိုရယ်ပါလျှင်၊ ကျင်လည်စွာ ကောက်ယူနိုင်၍၊ (၂)ဝိသေသ ဆိုရိုးကို တမူကား ‘‘ပစ္စည်းပြုခြင်း’’ ဖြင်မှသာလျှင် ကျင်လည်စွာအရ ကောက် ဆိုရိုးပြုနိုင်ကြပေလိမ့်မည်။

(မှတ်ချက်၊ ‘‘ ပစ္စယသဘာဝလက်ခဏ ’’ တို့ကို သောတုဇနတို့ နှုတ်တက်အာဂုမ် ဆောင်လွယ်ကြစိမ့်သောငှါ ‘‘ပဋ္ဌာနသာရဝိဘာဝနီဒုတိယတွဲ’’ ဆိုင်ရာ ဆိုင်ရာပစ္စယ နိဒ္ဒေသတို့၌ သီးသန့်ဖော်ပြပါယှိပေသည်၊)

ကရိုဏ်းပါဠိသာမညအရကောက်ဆိုရိုး၌
မှတ်သားဘွယ်၊

‘‘ကရိုဏ်းပါဠိသာမညဆိုရိုးကို’’ ပစ္စယသဘာဝလက်ခဏကို “ကြေညြွန် စွဲဆိုရယ်ပါသျှင်၊ကျင်လည်စွာကောက်ယူနိုင်သည်” .....အကျဉ်းချုပ်ဆိုခဲ့၏။ ထို့ကြောင့် ဆိုင်ရာပစ္စည်းတို့၏ “ပစ္စယသဘာဝလက်ခဏ’’ကို မပြုဆိုမီ၊ အာဘယ်ပစ္စည်း၌ သဘာဝပစ္စည်းပေါင်း မည်မျှစိယှိကြောင်း ခေါင်းစဉ် ကဲ့ သိနိုင်ကြရန် အောက်ပါလက်ခဏကို၊ ကြေညြွန်စွာ နှုတ်တက်အာဂုမ် ဆောင်ထားကြရာသည်။

ပစ္စယသဘာဝခေါင်းစဉ်လက်ဘ။

ဟေ,ဟာ-ဆဲ့တစ်၊ ဓွန်နစ် အာ,သ၊ အည, ဝိပါ၊
ပန္ဓရာ-ဝိပတိ၊ ခြောက်ယှိ-နုန်,နုန်၊ သမ်,နတ်, ဝိဂတာ၊
ဓွါဒ-နှိ,မဂ်။ ဝိပ-စွက်ဖုံး၊ ဆဲ့သုံး-ဥ-ယူ၊ ဂ္ဂစ်ပူ-သုံးဖြာ၊
ပဒ္ဓာ-ပဠု၊ အာသေဝ-တည်း၊ စုဒ္ဒ-ကမ်,ဏ္ဏ၊ အတ္ထိ,အဝိဂတာ၊
ဆယ်ဖြာဗျာနှံ၊ အကျဉ်းပန်သည်။ ။ပြိုင်ရန်သဘာဝပစ္စည်းတည်း။

အဓိပ္ပါယ်မှာ။

(၁) ဟေတု ပစ္စည်းခို သဘာဝ (၁၁) မျိုး။
(၂) အာရမ္မဏ ။ (၇) မျိုး။
(၃) အဓိပတိ ။ (၁၅) မျိုး။
(၄) အနန္တရ ။ (၆) မျိုး။
(၅) သမနန္တရ ။ (၆) မျိုး။
(၆) သဟဇာတ ။ (၇) မျိုး။
(၇) အညမညဝတ္ထု ။ (၇) မျိုး။
(၈) နိဿယ ။ (၁၂) မျိုး။
(၉) ဥပနိဿယ ။ (၁၃) မျိုး။
(၁၀) ပုရေဇာတ ။ (၈) မျိုး။
(၁၁) ပစ္ဆာဇာတ ။ (၃) မျိုး။
(၁၂) အာသေဝန ။ (၅) မျိုး။
(၁၃) ကမ္မ ။ (၁၄) မျိုး။
(၁၄) ဝိပါက ။ (၇) မျိုး။
(၁၅) အာဟာရ ။ (၁၁) မျိုး။
(၁၆) ဣန္ဒြေယ ။ (၁၄) မျိုး။
(၁၇) ဈာန ။ (၁၀) မျိုး။
(၁၈) မဂ္ဂ ။ (၁၂) မျိုး။
(၁၉) သမ္ပယုတ္တ ။ (၆) မျိုး။
(၂၀) ဝိပ္ပယုတ္တ ။ (၁၂) မျိုး။
(၂၁) အတ္ထိ ။ (၁၄) မျိုး။
(၂၂) နတ္ထိ ။ (၆) မျိုး။

(၂၃) ဝိဂတ ။ (၆)မျိုး။
(၂၄) အဝိဂတ ပစ္စည်းခွဲ သဘာဝ (၁၄)မျိုး။

ဤသည်ကား"သဘာဝခေါင်းစဉ်လက်ခ"ခွဲ လာသည့်အတိုင်း မှတ်သားလွယ်ရန် ပြဆိုလိုက်ခြင်းပေတည်း။

ဟေတုသဘာဝ(၁၁)ပစ္စည်း။

ထိုတွင်ဟေတုပစ္စည်းခွဲ သဘာဝ (၁၁) ပစ္စည်း တို့ကိုအောက်ပါ လက်ခံပြင့်သိမှတ်ရာ၏။

အဓိ,သဟ၊ အည, နိသ,ဝိ,၊ ဣ,မဂ်,သမ္ပ၊
ဝိပ်,အ,အ-ဟု၊ ဆဲ့တစ်ရှု၊ ဟေတုသဘာဝ၊

{ ၎င်းလက်ခံကိုအရဆောင်။}ယင်းဟေတုသဘာဝ (၁၁) ပစ္စည်းတို့ကိုသိယှဉ်နှားလည်ပါက။ "ကရိုဏ်းပါ၌သာမညဆိုရိုး" ကိုသိလောက်ပေပြီ။

သာမညဆိုရိုးကား။

ဟေတုပစ္စယေန.....ဟူသော ကရိုဏ်းပါ၌ဖြင့်၊ တပြိုင်နက် "ယထာရဟာ"တပ်ကောင်းသော၊ ဟေတု သဟဇာတ,အညမညဿ နိဿယ,ဝိပါက, ဣန္ဒြိယ, မဂ္ဂ သမ္ပယုတ္တ, ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ,ဤတဆဲ့နှစ် ပစ္စယသတ္တိတို့တွင်"ဟေတုသတ္တိ"ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့်ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ကြွင်းကျန်သော "ပစ္စယသဘာဝလက်ခ" တို့ကို ဆိုင်ရာ, ဆိုင်ရာ ပစ္စည်းသို့ ရောက်သောအခါမှ။အသီးအသီးညွှန်ပြပေအုံ့။ "ကရိုဏ်းပါ၌ ဝိသေသဆိုရိုး"နှင့် မှတ်သားဘွယ်တို့ကို၊ နောက်မှတသီးတသန့် ပြဆိုတော့မည်။ ယခုအခါ ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံကို ဂျင်းလင်းဝေါ ပြပေအုံ့။

ဟေတုပစ္စည်းကျေးဇူးပြုပုံနယူပဒေသ။

ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံကို သိယှဉ်နှားလည်လိုသော ပုဂ္ဂိုလ်ရှိ မျှားသည်။ ဦးစွာပဌမ

(၁) ပစ္စည်းဖြစ်ထိုက်သောတရားစု။
(၂) ပစ္စယုပ္ပန်ဖြစ်ထိုက်သော တရားစု,
တို့ကို ဥာဏ်ရှု။

ထိုတွင်၊ ဟေတုဖြစ်ထိုက်သော တရားစုကား၊ ဟိတ်ခြောက်ပါး။ (တနည်း) ဟိတ်ကိုးပါး တရားတို့ပေတည်း။

ဟေတုပစ္စယုပ္ပန်ဖြစ်ထိုက်သော တရားစုကား။(၁)သဟိတ်စိတ် ၄၆ သတ္တာတိ။(၂) မောဟာမူနွေ့ဌ် မောဟကြည့်သော စေတသိက်နှေ့ပညာသ။ (၃) သဟိတ်စိတ္တာဇရုပ်။ (၄) သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ ပေတည်း။

ဤ၌ဟေတုပစ္စည်းဖြစ်သော တရားက။ မည်သည့် ဟေတုပစ္စယုပ္ပန် တရားအား မဆို၊ ဟေတု ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်ဟု။ ဤသို့ ချည်းမမှတ်သားအပ်ပေ။

ဥပမာ။ ။ လောဘ, ဒေါသ, မောဟ, ဟေတု ပစ္စည်းတရားက၊ ကုသိုလ်နှာမကွန္ဓာ ဟေတုပစ္စယုပ္ပန်တရားတို့အား၊ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပေ။

ယင်းနည်းအတူ။ ။ လောဘ, ဒေါသ, မောဟ, ဟေတု ပစ္စည်းတရားက၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဟေတု ပစ္စယုပ္ပန်တရားအား။ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပေ။

ဤကိုထောက်ပါမူ။ ဟေတုပစ္စည်း, ဟေတုပစ္စယုပ္ပန်တို့ကို သိယှိ နားလည်ရုံမျှနှင့်။ ဆရာ့နည်းကို မရပါက၊ ကျေးဇူးပြုပုံကို မသိယှိနိုင်သေးကြောင်း။ ထင်ရှားလေသည်။

အာစရိယဝါဒမရခြင်း၏ အပြစ်။

ထို့ကြောင့်မဟုတ်တုံလော။

ဂရုပဒေသဟိနောဟိ၊အတ္ထသာဓုနဝိန္ဒတိ။
အတ္ထသာရဝိဟီနောသော၊သန္ဓမ္မာပရိဟာယတိ

ဟု သဒ္ဒနီတိပဒမာလာ၌ ''အာစရိယမှ၌ လဒ္ဓေါပဒေသ'' ကိုမရယှိသော သူတို့၏ အပြစ်ကို စိစစ်ပြဆိုထားလေသည်။

ဟိ၊ အာစရိယဝါဒ မရသည့်အပြစ်ကို စိစစ်ပြဆိုပေအုံ့။ ဂရုပဒေသ ဟိနော၊ ဆရာတို့၏ နည်းညွှန်မှ ကင်းမဲ့သောသူသည်။ ဝါ၊ အာစရိယမှ၌

လဋ္ဌေါပဒေသကိုမရယ်ဘို့သောသူသည်။ အဣသာ၏၊ အနက်အနှစ်သာရကို။နဝိန္ဒတိ၊ပရေ။ အဣသာရဝိဟိနော၊ အနက်အနှစ်သာရမှာင်းသော။ သော၊ထိုသူသည်။ သဒ္ဓမ္မာ၊ သူတော်ကောင်း တရားမှ။ ဝါ၊ သာသနာတော်မှ။ပရိဟာယတိ၊ယုတ်လျော့ဆုံးရှုံးတတ်ပေ၏။

ထိုမှတပါး။

ဘုရားသာသနာ၊ယခုခါလျှင် ဆရာတို့ထံ၊
နက်ထုံးစံကို၊မခံဦးပဲ၊တတ်နိုင်ခဲ၏။

ဟု"စတုခမ္ဘသာရကိုးခဏ်းပျို့"၌"အသျှင်မဟာရဋ္ဌသာရ" ဆရာမိန့်မှာတော်မူခဲ့လေသည်။

ယင်းသို့ ကျေးဇူးပြုရာ၌။ မိမိကျေးဇူးပြုမည့် ပစ္စည်း၏၊ ညည်သည့် အမျိုးစားတို့ ဖြစ်ကြောင်းကိုသိယှိပါမှသာလျှင် ကျေးဇူးပြုပုံကိုကောင်းစွာ သိယှိနိုင်လေသည်။

ပစ္စည်းအမျိုးစားတို့ကိုညွှန်ပြခြင်း၊

ပစ္စည်း အမျိုးစားတို့ကို သိတ်မှတ်နိုင်ရန် ခေါင်းစဉ်ညွှန်ပြအပ်သော လက်ဘက်ကား။

ဆဲ့ငါးသဟ၊အာ-ရုစ်ဝနှင့်၊သတ္တအနန်၊
ခြောက်တန်-ဝတ္ထု၊လေးခုပ ဈာ၊သုံးဖြာဟာရော၊
တယောဇုန်ဖြို့၊ ဒွိပကတ္ထု၊ ကမ်ဘူဒေကေ၊
မျိုးကိုးထွေကို ဆောင်လေနှုတ်တက်၊အာဂုမ်တည်း။

ဟူသည်တည်း။ (ရင်းလက်ဘက်ကို နှုတ်တက်အာဂုမ်ဆောင်လေ။)

သဟဇာတမျိုး{၁၅}ပစ္စည်း။

ထိုတွင်၊ သဟဇာတမျိုး (၁၅) ပစ္စည်းဟူသော်ကား။ (၁) ဟေတု။ (၂) သဟဇာတာဓိပတိ၊ (၃) သဟဇာတ၊ (၄) အညမညဝိပ္ပယုတ်။ (၅) သဟဇာတနိဿယ။ (၆)သဟဇာတကမ္မ။ (၇)ဝိပါက။(၈)နာမ်အာဟာရ။(၉)သဟဇာတိန္ဒြိယ။(၁၀)ဈာန။ (၁၁)မဂ္ဂ။(၁၂)သမ္ပယုတ္တ။ (၁၃)သဟဇာတဝိပ္ပယုတ္တ။ (၁၄)သဟဇာတတ္ထိ။ (၁၅)သဟဇာတအဝိဂတ။

ဤသို့အားဖြင့် (၁၅) ပစ္စည်းဖြစ်သတည်း။

အာရမ္မဏာမျိုး{၈}ပစ္စည်း။

အာရမ္မဏာမျိုး (၈) ပစ္စည်း ဟူသော်ကား။

(၁) အာရမ္မဏာ။ (၂)အာရမ္မဏာဝိပတိ။ (၃) ဝတ္ထုဿရမ္မဏ ဝုရေဒေါတာ နိဿယ။ (၄)အာရမ္မဏူပနိဿယ။ (၅)အာရမ္မဏပုရေဇာတ။ (၆)ဝတ္ထုဿ ရမ္မဏပုရေဇာတဝိပ္ပယုတ္တ။ (၇)အာရမ္မဏပုရေဇာတတ္ထိ။ (၈)အာရမ္မဏ ပုရေဇာတအဝိဂတ။

ဤသို့အားဖြင့် (၈) ပစ္စည်း ဖြစ်သတည်း။

အနန္တရမျိုး{၇}ပစ္စည်း။

အနန္တရမျိုး (၇) ပစ္စည်း ဟူသော်ကား။

(၁) အနန္တရ (၂) သမနန္တရ (၃) အနန္တရူပနိဿယ (၄) အာသေဝန (၅) နာနာက္ခဏိကကမ္မ (၆)နတ္ထိ (၇) ဝိဂတ

ဤသို့အားဖြင့် (၇)ပစ္စည်း ဖြစ်သတည်း။

ဝတ္ထုမျိုး{၆}ပစ္စည်း၊

ဝတ္ထုမျိုး (၆) ပစ္စည်းဟူသော်ကား။

(၁ ဝတ္ထုပုရေဇာတနိဿယ။ (၂)ဝတ္ထုပုရေဇာတ။ (၃) ဝတ္ထုပုရေ ဇာဝိပ္ပယုတ်။ (၄) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ။ (၅) ဝတ္ထုပုရေဇာတတ္ထိ။ (၆)ဝတ္ထုပုရေဇာတအဝိဂတ။

ဤသို့အားဖြင့် (၆) ပစ္စည်း ဖြစ်သတည်း။

ပစ္ဆာဇာတမျိုး{၄}ပစ္စည်း။

ပစ္ဆာဇာတမျိုး (၄) ပစ္စည်း ဟူသော်ကား။

(၁) ပစ္ဆာဇာတ။ (၂) ပစ္ဆာဇာတ ဝိပ္ပယုတ္တ။ (၃) ပစ္ဆာဇာတတ္ထိ။ (၄) ပစ္ဆာဇာတ အဝိဂတ။

ဤသို့အားဖြင့် (၄)ပစ္စည်း ဖြစ်သတည်း။

အာဟာရမျိုး {၃} ပစ္စည်း။

အာဟာရမျိုး(၃)ပစ္စည်းဟူသော်ကား၊
(၁) ရူပါဟာရ။(၂)ရူပါဟာရတို။ (၃)ရူပါဟာရအဝိဂတ။
ဤသို့အားဖြင့်(၃)ပစ္စည်း ဖြစ်သတည်း။

အာဟိုယမျိုး{၃}ပစ္စည်း။

အာဟိုယမျိုး(၃)ပစ္စည်းဟူသော်ကား။
(၁) ရူပဓိုရိတိန္ဒြိယ။ (၂) ရူပဓိုရိတတို။ (၃) ရူပဓိုရိတအဝိဂတ။
ဤသို့အားဖြင့် (၃) ပစ္စည်း ဖြစ်သတည်း။

ပဂတူမျိုး{၂}ပစ္စည်း။

ပဂတူမျိုး (၂) ပစ္စည်း ဟူသော်ကား။
(၁) ပဂတူပနိဿယ။ (၂) ဗလဝကမ္မ။
ဤသို့အားဖြင့် (၂) ပစ္စည်း ဖြစ်သတည်း။

ကမ္မ{၁}ပစ္စည်း။

ကမ္မ (၁)ပစ္စည်းဟူသော်ကား။ဒုဗ္ဗလကမ္မ .....ဤသို့အားဖြင့်(၁)ပစ္စည်း ဖြစ်သတည်း။

ဟေတုပစ္စည်း၏ အမျိုးဇာတ်ကိုညွှန်းပြခြင်း။

(၈၆) ပစ္စည်း (၉) မျိုးကို့တွင်၊ ဟေတုပစ္စည်းသည် အာဘယိပစ္စည်း အမျိုးဇာတ်၌ ပါဝင်ပါသနည်း၊
(၈၇) သဟဇာတပစ္စည်း အမျိုးဇာတ်၌ ပါဝင်ပါသည်။

သဟဇာတပစ္စည်းမျိုး၏ သဘော။

သဟဇာတပစ္စည်းမျိုး၏ သဘောကား၊ ပစ္စည်း,ပစ္စယုပ္ပန် ဥပါဒ်ဖြင့်

၍ တကွ ဖြစ်နိုင်ကြသောအခါမှသာ၊ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်လေသည်။ ယင်းသို့ ပစ္စည်း,ပစ္စယုဖန် ဥပါဒ်ဖြင့်၍ တကွ မဖြစ်နိုင်ကြသောအခါ၌မူကား ကျေးဇူးမပြုနိုင်ပေ။

ဒုတိယမာ ။လောဘတည်းဟူသော ဟောတုပစ္စည်း တရားသည်၊ လောဘမူစိတ်ဂရစ်ခု, စေတသိက်ဇကဝိသ—ဟောတု ပစ္စယုပ္ပန်တရားတို့အား၊ဥပါဒ်ပြုင်၍ တကွဖြစ်နိုင်ကြသောအခါ၌သာ၊ဟောတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်လေသည်။

ဇော(၇) ကြိမ်ယှဉ်လေရာ၊ ပဌမဇော်နှင့် ဥပါဒ်သောလောဘသည်၊ ဒုတိယဇော်၌ဖြစ်သော လောဘမူနာမက္ခန္ဓာအား၊ ဟောတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပေ။ အကြောင်းတမူကား။ ပစ္စည်း,ပစ္စယုပ္ပန်ဥပါဒ်ပြုင်၍ တကွ မဖြစ်နိုင်ကြလေသောကြောင့်တည်း။

ဖြစ်ရာဘုံကိုဆင်ခြင်ရခြင်း။

ထိုမှတပါး ဖြစ်ရာဘုံကိုလည်း ဆင်ခြင်ရာသည်။ ဖြစ်ရာဘုံကို မသိယှိပါကလည်း၊ ကျေးဇူးပြုပုံကို မသိယှိနိုင်ပေရာ။

ဥဒ်းမ၊ဒြိုးအုံ ။လောဘဟု ဆိုအပ်သော ဟောတုပစ္စည်းတရား၏ ပစ္စယုပ္ပန် ဖြစ်ထိုက်သော တရားတို့ကို အကြွင်းမဲ့ထုတ်ဆောင်အပ်သည်ယှိသေး။

လောဘမူစိတ်ဂရစ်ခု,စေတသိက်ဇကဝိသ၊ မိမိကြောင့် ဖြစ်သော စိတ္တဇရူပ်

တို့ဖြစ်ကြလေရာ။ လောဘဟုဆိုအပ်သော ဟောတုပစ္စည်းတရားသည်၊ ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ။ ဥပါဒ်ပြုင်၍ တကွဖြစ်နိုင်ကြသော လောဘမူစိတ်ဂရစ်ခု, စေတသိက်ဇကဝိသ, စိတ္တဇရုပ် တည်းဟူသော ဟောတုပစ္စယုပ္ပန်တရားတို့အား၊ ဟောတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်လေသည်။

စတုဝေါကာရဘုံ၌ ဖြစ်သောအခါ၊ စိတ္တဇရုပ်အား ဟောတုပစ္စယသတ္တိဖြစ် ကျေးဇူးမပြုနိုင်ပေ။

အကယ်၍ ယင်းသို့ဖြစ်ရာဘုံကို ခွဲးခြားဝေဘန်၍ သိယှိနားလည် ထားခြင်းမယှိပါမူ။လောဘဟေတု ပစ္စည်းတရားက-စိတ္တဇရုပ် ဟေတု ပစ္စယုပ္ပန်တရားအား မည်သည့်အခါမဆို ကျေးဇူးပြုနိုင်သည်ဟု ယူမှားခြင်းသည် ဖြစ်ပေရာတော့သတည်း။

ဆိုင်ရာပစ္စယုပ္ပန်တရားကိုဆင်ခြင်ရခြင်း။

ထို့နောက် သိယှိသင့်သော အကြောင်းတရပ်မှာ။ပစ္စည်းဖြစ်သော တရား၏ ဆိုင်ရာ ပစ္စယုပ္ပန်တရားပင် ဖြစ်ပေသည်။

မှန်ပါသည်။ ။ဆိုင်ရာပစ္စယုပ္ပန်တရားကို မသိပါကလည်း။ ကျေးဇူးပြုပုံကို မသိနိုင်ပေရာ။

ဆက်ပါဦးဒုံ။ ။လောဘတည်းဟူသော ဟေတု ပစ္စည်းတရားသည်သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တည်းဟူသော ဟေတုပစ္စယုပ္ပန်တရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပေ၊ အကြောင်းတမူကား။ ဝိမိနှင့်သက်ဆိုင်သော ပစ္စယုပ္ပန်မဟုတ်သောကြောင့်တည်း။

ဤ၌ လောဘသည် ပဝတ္တိအခါ၌သာဖြစ်၍၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်သည် ပဋိသန္ဓေအခါ၌သာ ဖြစ်လေရကား။ ဟေတုပစ္စယုပ္ပန်တရားစု၌ ထည့်သွင်း ဝေါ်ပြထားယှိသော်လည်း။ ဝိမိနှင့် သက်ဆိုင်သော ပစ္စယုပ္ပန်တရား မဟုတ်သောကြောင့် ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်တော့ပေ။

ကာလကိုဆင်ခြင်ရခြင်း။

ဤကိုထောက်ပါမူ၊ပစ္စည်းတရားတို့၏ ဖြစ်ရာကာလကိုလည်း ဆင်ခြင်သင့်လေသည်။

မှန်ပါသည်။ ။အချို့သော ပစ္စည်းတရားသည် ပဝတ္တိကာလ၌ ဖြစ်၍။ အချို့သောပစ္စည်းတရားသည် ပဋိသန္ဓေကာလ၌ ဖြစ်ကြလေရာ ပဝတ္တိကာလ၌ ဖြစ်သော ပစ္စည်းတရားက ပဝတ္တိကာလ၌ဝိမိနှင့် ဥပါဒ်ပြိုင်၍ ဖြစ်နိုင်ကြသော ပစ္စယုပ္ပန်တရားတို့အား သာ ကျေးဇူးပြုနိုင်လေသည်။

သာမညဃရနှာ{၉}ချက်ဆိုရိုး။

[တနည်းကား။] ဟောတုပစ္စယေန .... ဟူသော ကရိုဏ်းပါဠိဖြင့်။ (၁)သမ္မယုတ္တက္ခန္ဓာ,သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား။ တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့။ဟောတု,သဟဇာတ,နိဿယ အတ္ထိ, အာဝိဂတ,ဤ (၅)ပစ္စယသတ္တိတို့တွင် "ဟောတုသတ္တိ"ဟု ဆိုအပ်သော သတ္တိဝိသေသ။

(၂) သမ္မယုတ္တက္ခန္ဓာ,ဟဒယဝတ္ထုအား။ တပ်သော ဟိတ်ခြောက်ပါး ဖြစ်အံ့။ ဟောတု သဟဇာတ,အညမညဿ. နိဿယ,အတ္ထိ,အာဝိဂတ,ဤ(၆) ပစ္စယသတ္တိတို့တွင်၊ ဟောတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

ယင်းနည်းအတူ၊ ပဋိသန္ဓေကာလ၌ဖြစ်သော ပစ္စည်းတရား၊ ပဋိသန္ဓေကာလ၌ မိမိနှင့် ဥပါဒ်ပြုင်၍ ဖြစ်နိုင်ကြသော ပစ္စယုပ္ပန်တရားတို့အား သာ ကျေးဇူးပြုနိုင်လေသည်။

ထို့ကြောင့်၊ ပဝတ္တိကာလ၌သာ ဖြစ်သော၊ ကုသိုလ်,အကုသိုလ် ကြိယာ,ဝိပါက်,ဟိတ် တည်းဟူသော၊ ဟောတု ပစ္စည်းတရားတို့သည် ပဋိသန္ဓေကာလ၌ ဖြစ်ကြကုန်သော၊ နာမက္ခန္ဓာ-ကမ္မဇရုပ် တည်းဟူသော ဟောတုပစ္စယုပ္ပန်တရားတို့အား၊ ဟောတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပေ။

ပြဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကို နိဂုမ်းအုပ်၍ အချုပ်အားဖြင့် ဆိုရပါမူ။

ကျေးဇူးပြုဂု၊ဇာတ် ဘုမ္မာနှင့်၊တဖြာပစ္စယုပ္ပန်၊
ကာ-လေးတန်၊ဝေဘန်သိကြစေ။

ဟူသည်နှင့်အညီ ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုရာ၌။

(၁) မည်သည့်ပစ္စည်းအမျိုးဇာတ် ဖြစ်ကြောင်းကို သိယှိရခြင်း
(၂) ဖြစ်ရာဌာနဘုံကို သိယှိရခြင်း။
(၃) ဆိုင်ရာ ပစ္စယုပ္ပန်တရားကို သိယှိရခြင်း။
(၄) ဖြစ်ရာကာလကို သိယှိရခြင်း။

ဤ(၄)ချက်ကို ကောင်းစွာ ခွဲခြားဝေဘန်သိယှိပါမှသာ၊ ကျေးဇူး

(၃) သမ္ပယုတ္တကျွတ္တနှာအား သာတပ်သော ဟိတ်ခြောက်ပါ၊ ဖြစ်အံ့၊ ဟေတု,သဟဇာတ အညမညဿ,နိဿယ,သမ္ပယုတ္တ, အတ္ထိ,အဝိဂတ၊ ဤ ခုနစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သောသတ္တိဝိသေသ။

(၄) သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါ၊ ဖြစ်အံ့။ ဟေတု၊သဟဇာတ, နိဿယ,ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ (၆) ပစ္စယသတ္တိတို့တွင်၊ ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ (ပေါင်းအဝိပါကလေးချက်။)

ပြုပုံကို ကောင်းမွန်ရေလည်စွာ၊သိယှိနားလည် သဘောပေါက်နိုင်မည် ဖြစ်ပေရာသတည်း။

ပစ္စည်းပြိုင်နယူပဒေသ။

ပစ္စည်းပြိုင်ရာ၌ အရေးပါသော အချက်ကြီး (၃) ချက်ယှိ၏၊ သုံး ချက်ဆိုသည်မှာ။

ပစ္စည်းပြိုင်ရာ၊ ဇာတ်,သဘာနှင့်၊ ယဉ္စနာသုံးဆူ၊ ပိုင်နိုင်မှု၊ ဝိဂူဧေါ်လောက်စေ

ဟူသည်နှင့်အညီ။

(၁) ပစ္စည်းအမျိုးဇာတ်ကို သိယှိရခြင်း။

(၂) ပစ္စယသဘာဝကို သိယှိရခြင်း။

(၃) ယဉ္စနာကို သိယှိရခြင်း။

ဤသို့အားဖြင့် သုံးချက်ဖြစ်လေသည်။

ပစ္စည်းပြိုင်သဘောလက္ခဏာ (၃) မျိုး။

ပစ္စည်းပြိုင်၏ သဘောလက္ခဏာသည် သုံးပါးယှိ၏၊ သုံးပါးဟူ သော်ကား။

(၁) ပစ္စည်းအမျိုး တူမှုရခြင်း။

(၂) သဘာဝ ဖြစ်ရခြင်း။

(၃) ပစ္စည်းပစ္စယုပ္ပန် တူမှုရခြင်း။

ဤသို့အားဖြင့် လက္ခဏာ(၃)ပါး ယှိလေသည်၊ထိုလက္ခဏာ(၃)ပါး ပြည့်စုံမှသာ ပစ္စည်းပြိုင်နိုင်လေသည်။

ထို့ကြောင့် ပစ္စည်းပြုင်လိုသော ပုဂ္ဂိုလ်တို့သည်၊ မိမိပြုင်လိုသော ပစ္စည်းသည် အဘယ်ပစ္စည်းမျိုးဖြစ်ကြောင်း .... ပစ္စည်းမျိုးကို ဦးစွာစိစစ်၍၊ ၎င်းပစ္စည်းနှင့် သဘာဝဖြစ်နိုင်သော ပစ္စည်းတို့ကို ရှာရာသည်

ထို့နောက် ၎င်းသဘာဝပစ္စည်းထဲမှ အဘယ်ပစ္စည်းနှင့်ပစ္စည်း, ပစ္စယုပ္ပန်အလုံးစုံတို့မှကြောင်းစိစစ်ရှာဖွေရမည်၊ယင်းသို့ပစ္စည်း, ပစ္စယုပ္ပန်အလုံးစုံတို့မှသော ပစ္စည်းတို့နှင့်သာ ပြုင်နိုင်သည်ဟုမှတ်သားရမည်။

အကယ်၍ ပစ္စည်းသာတူပြီးလျှင် ပစ္စယုပ္ပန်မတူခဲ့သော်၎င်း။ ပစ္စယုပ္ပန်သာ တူပြီးလျှင် ပစ္စည်းမတူခဲ့သော်၎င်း။ တူသည်ဟုဆိုသော်လည်း အလုံးစုံမတူ တစိတ်တဒေသသာ တူခဲ့သော်၎င်း မပြုင်နိုင်ဟုမှတ်လေ။

ပစ္စည်းပြုင်ဟောပုံအစိအစဉ်၌။ ယေဘုယျအားဖြင့်၊ အနည်းမှအများသို့ တဖြည်းဖြည်းတိုးတက်ပြုင်ဆိုင်သွားရလေသည်။ သို့ပြုင်ရာ၌ ''ဃဋ္ဌနာခေါင်းစဉ်''ကို သိယှဉ်ပါမှသာ၊ သာ၍လွယ်ကူစွာပြုင်နိုင်လေသည်။

ဃဋ္ဌနာဆောင်ပုန်လက်ဝ။

စတုဝိ-ဟေတု၊ ငါးခု-အာရုပ်၊ ဝိပါက်တည်း၊
တိ၊သံ-မိပတိ. တြိ ဘနန်၊ သမနန်-နတ္တိ၊
ဝိဂတ-ယူ. ဆယ်ဆူသဟ၊ ဆ-အညနှင့်၊
ဝိသ နိဿယာ၊ ခုနှစ်ဖြာ-ဥ,ပူ၊ ဧက် ဗူပ ဗ္ဗာ၊
အာသေဝါရှင့်၊ ဆဲ့ တစ်ဖြာ ကမ်၊ တုတိ၊သံ-ဟာရ၊
ဆသတ္တိ-ဗုန်၊ ဆတ္တိ'-ဗျာန၊ သတ္တပညာ-မဂ်၊
ထိုအနိယတ် နိယတ်နှစ်ပါးတို့တွင်။ရှေးဦး "အနိယတ်" ယှိက၊နောက်ဦး "နိယတ်ယှိစမြဲဖြစ်၍ အကယ်၍ "အနိယတ်" သာယှိ၍ "နိယတ်" မယှိခဲ့ပါမူ ထည့်သွင်း ယောဇနာရလေသည်။ ဤကိုရည်၍

ရှေ့အနိယတ်၊ ယှိတုံလတ်၊ နိယတ်နောက်နေစေ။
အကယ်ဘိတိ၊ မယှိလျှင်၊ ထည့်ရမည်မှတ်လေ။

ဟု အာချပ်သောပါဠိပဒ်ဖြင့် မိန့်ဆို၏။

ဤဖြင့် "နိယတ်" ကိုသာ ထည့်ရသည်မဟုတ်သေး "နိုပဘတ်" သာ ဟု ဤ "အနိပဘတ်မယှိခဲ့ပါမူလည်း" "အနိပဘတ်" ကိုထည့်ရလေသည် ယင်းသို့

ဖြစ်ရခြင်းကား အခြားကြောင့်မဟုတ် အနိယတ်,နိယတ်တို့သည် အမြဲစပ်လျက် နေသောကြောင့်ပင်တည်း။

ယန္တိသုတ္တာတန္တိပဒံ၊ တန္တိသုတ္တာနယန္တိစ။
ယောဇေယျယတသဒ္ဒါနံ၊ နိစ္စသမ္ဘန္ဓဘာဝတော။

ဃေါသာရမဇ္ဈသာဋ္ဌိကာ (၇၃-၂၄)

ယန္တိ၊ယံ ဟူ၍။သုတ္တာ၊ ကြားသည်ယိုသော်။တန္တိပဒံ၊တံ ဟူသော ပုဒ်ကို။ယောဇေယျ၊ယှဉ်ရာ၏။တန္တိ၊တံ ဟူ၍။သုတ္တာန၊ကြားသည်ယို သော်။ ယန္တိစ၊ ယံ ဟူသော ပုဒ်ကိုလည်း။ ယောဇေယျ၊ ယှဉ်ရာ၏။ ကဿ'အာဘယိ့ကြောင့်နည်းဟူမူကား။ယတသဒ္ဒါနံ'ယသဒ္ဒါ,တသဒ္ဒါ တို့၏။ နိစ္စသမ္ဘန္ဓဘာဝတော၊ အမြဲစပ်သည် အဖြစ်ကြောင့်တည်း။

ဤအားရမ္ပကာပစ္စယနိဒ္ဒေသ ပါဠိတော်၌လည်း''ယံယံ''ဟူသော''အ နိယတ်''အားလျော်စွာ''တေတေ''ဟူသော''နိယတ်''ကို ဟောတော် မူသည်။

''ယေယေ''ဟူသော''အနိယတ်''အားလျော်စွာ''တေသံတေသံ'' ဟူသော''နိယတ်''ကို ဟောတော်မူလေသတည်း။

ဥပဓိနိုဒ်ကြီးသာ၌မှတ်သားဘွယ်။

(မေး) ဘုရားသျှင်သည် ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ဆဲ"ပစ္စုပ္ပန်ကာ လ''ကိုသာရည်၍,''ဥပဓိနိ''ကြီယာကို ဟောတော်မူသည်ဟု မှတ်ရ မည်လော။

(ဖြေ) ဘုရားသျှင်သည် ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ဆဲ''ပစ္စုပ္ပန်ကာ လ''ကိုသာ ရည်၍ ''ဥပဓိနိ''ကြီယာကို ဟောတော်မူသည် မဟုတ် .....''နဇ္ဇောသန္ဒိနိ,ပဇ္ဇတာတိဌိနိ''.....အစယိုသော ဥဒါဟာရဏ်တို့၌ ကဲ့ သို့။ အလုံးစုံသော ကာလသုံးပါးတို့ကို သိမ်းယူသည်၏ အစွမ်း အား ဖြင့်''ဥပဓိနိ''ကြီယာကို ဟောတော်မူခြင်း ဖြစ်ပါသည်၊

ဥပဓိနိတိဗ္ဗဝိယထာနဇ္ဇောသန္ဒိနိ,ပဇ္ဇတာတိဌိနိတိသဒ္ဒကာလသင်္ခါ ဝေသေနဝေါဝုတ္တိနိ,ဝေဒိတဗ္ဗံ။

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၃-၁၀)

ဥပဒေနှိတိကုန်း၊ ဥပဒေနှိ,ဟူသော ဤကြိယာပုဒ်ကို။နေ့ရှောသန့်နှိ,ပဋ္ဌ တာတိဋ္ဌနှိတိယထာ၊နေ့ရှောသန့်နှိ ပဋ္ဌတာတိဋ္ဌနှိ,စသော ဥဒါဟရဏ် တို့ကဲ့သို့။ သင့်ကာလသင်္ကာဝေသနှ၊ အလုံးစုံသော ကာလ(၃)ပါးတို့ ကို သိမ်းယူသည်၏ အစွမ်းအားဖြင့်။ ၎င်း၊ ဤသို့။ ဂုဏ်၊ မိန့်ဆိုတော်မူ အပ်၏။ ဤတို့၊ ဤသို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အလုံးစုံသောကာလကိုသိမ်းကြုံး၍ ဟောရခြင်းအကျိုး။

(မေး) ယင်းသို့ အလုံးစုံသော ကာလ (၃) ပါးတို့ကို သိမ်းကြုံး၍ "ဥပဒေနှိ" ကြိယာကို ဟောရခြင်းဖြင့် အဘယ်အကျိုးယိုသနည်း။

(ဖြေ) အကြင်အာရုံပရိယာယ်ရေးတို့ကို အာရုံပြု၍ ၊အကြင်အာရုံမှ ဝိတ ပစ္စုပ္ပန်တရားတို့သည် ဖြစ်လည်းဖြစ်ကုန်ပြီ။ ဖြစ်လည်းဖြစ်ကုန် လတ္တံ့။ ထိုအလုံးစုံသော အာရုံမှဝိတတရားတို့သည် အာရုံမှစာပစ္စည်း ကြောင့်သာ ဖြစ်လည်း ဖြစ်ကုန်ပြီ၊ ဖြစ်လည်း ဖြစ်ကုန်လတ္တံ့-ဟူသော အနက်ပြုခြင်း အကျိုးယိုပါသည်။

> တေနယေပိအာရဒ္ဓာ ယေဥပ္ပဇ္ဇိံသုယေပိဥပ္ပဇ္ဇိဿန္တိ တေသဗ္ဗေအာရုံမှ ပစ္စယေနေဝဥပ္ပဇ္ဇိံသုစဥပ္ပဇ္ဇိဿန္တိစ၊ တိသိဒ္ဓံဟောတိ။

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၃-၁၉)

တေန၊ထို"ဥပဒေနှိ"ကြိယာဖြင့်၊ ယေပိအကြင် အာရုံတရားတို့ကို လည်း။ အာရဒ္ဓာ၊ အားရုံပြုကုန်၍။ ယော၊ အကြင်အာရုံမှ ဝိတတရားတို့ သည်၊ ဥပဒ္ဒိံသု၊ ဖြစ်ကုန်ပြီ။ ယေပိ၊အကြင်အာရုံမှ ဝိတတရားတို့သည် လည်း။ ဥပဒ္ဒိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ထို အာရုံမှ ဝိတတရားတို့သည်၊အာရုံမှစာပစ္စယော၊အာရုံမှစာပစ္စည်း ဖြင့်သာလျှင်၊ ဝါ၊ ကြောင့်သာလျှင်၊ ဥပဒ္ဒိံသုစ၊ ဖြစ်လည်း ဖြစ်ကုန်ပြီ။ ဥပဒ္ဒိဿန္တိစ၊ ဖြစ်လည်းဖြစ်ကုန်လတ္တံ့။ ဣတိအဗ္ဗောစ၊ ဤအနက်အာ ပေါင်းသည်၊ သိဒ္ဓံ၊ ပြီးသည်။ ဟောတိ၊ ဖြစ်၏။

အဋ္ဌကထာဝါဒကိုမူလဋီကာဆရာဝေဘန်ချက်။

ဤ"အဋ္ဌကထာဆရာ၏ စကားကို ဖိစစ်ဘွယ်သည်၏။"
"ဥပဒ္ဒိနှိ"ကြိယာ၏ကတ္တားပါဒ်ကိုထုတ်ပါမူ "ယေယေဓမ္မာ"ဟူသော

ပါ၌ကိုတွေ့ရပေလိမ့်မည်။အဆိုပါ"ယေယေဓမ္မာ"ဟူသောကဏ္ဍားပါ၌ သည် ပစ္စည်းတရားကိုမဟော၊ပစ္စယုပ္ပန်တရားကိုသာ ဟောလေသည်။

အာရမ္မဏာပစ္စယနိဒ္ဒေသ၌၊ပစ္စည်းတရား, ပစ္စယုပ္ပန်တရားအားဖြင့် နှစ်မျိုးယှိရာ။ အာရုံပစ္စည်းတရားသည်သာ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ(၃)ပါးတို့၌ ဖြစ်နိုင်၍ ၊အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့မှာမူ၊ပစ္စုပ္ပန်ကာလ၌သာ ဖြစ်နိုင်ကြလေသည်။

ပစ္စယဝေဒနာဟိ ပစ္စုပ္ပန္နာယေဝ။

ပဋ္ဌာန်းမူလဋီကာ(၁၃၅-၂၁)

ဟိ၊ လိနဂ္ဂိရ၊ သမ္ဘဝကြောင့်၊ အဂ္ဂဝိသေ၊ ထုတ်ဆိုပေအုံ့။ ပစ္စယဝေဒနာ၊ အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်။ပစ္စု၊ ပ္ပန္နာယေဝ၊ပစ္စု၊ ပ္ပန်တို့သည် သာလျှင်တည်း၊ ဝါ၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သည်သာလျှင်တည်း။

အကယ်၍ အဋ္ဌကထာဆရာမိန့်ဆိုသည့် အတိုင်း"ဥပ္ပဇ္ဇန္တိ"ကြိယာအရ။ အတိတ်,အနာဂတ်ကာလတို့ကို သိမ်းယူပါမှ၊ အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည် အတိတ်,အနာဂတ်ကာလတို့၌ဖြစ်ရပေလိမ့်မည်။

(ဝါ) အာရုံပစ္စည်းတရားတို့က၊ အတိတ်,အနာဂတ်ကာလ၌ ဖြစ်ကြကုန်သော အာရမ္မဏိကပစ္စယုပ္ပန်တရားတို့အား အာရမ္မဏာပစ္စယသဏ္ဌာ ဖြင့် ကျေးဇူးပြုနိုင်ကြပေလိမ့်မည်။ ပြုံကားမပြုနိုင်ပေ။

အာရမ္မဏာပစ္စည်းသာမဟုတ် မည်သည့်ပစ္စည်းတရားမဆို အတိတ်, အနာဂတ် ကာလတို့၌ဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးမပြုနိုင်ပေ။

ဣမေ ပနနဟေတာ ဒိပစ္စယာ သမ္ဘေဒါ အတီတာနာဂတာနံ ဟောန္တိ
နဟိ အတီတေ စ အနာဂတေ စ အတ္ထိယသော ပစ္စယာ သိယုံ။

ပဋ္ဌာန်းမူလဋီကာ(၁၃၅-၁၆)

ပန၊ ဣတိ ရိက်ဂဲ့ဆိုဒ့ဲ့အုံ့။ သင်ဦ့ပါ၊ အလုံးစုံသည်းဖြစ်ကုန်သော။ ဣမေ ပေ၊ ဤ ပစ္စည်းတရားတို့သည်။ အတီတာနာဂတာနံ၊ အတိတ်,အနာဂတ် ပစ္စယုပ္ပန်တရားတို့အား။ ဟေတာ ဒိပစ္စယာ၊ ဟေတု-စသော ပစ္စယာသည်တို့ ဖြင့် ကျေးဇူးပြုကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။

ဟိယာဘူ၊ အကြင့်ကြောင့်။ ယသ၊ အကြင်ပစ္စယပြုနိတရား အား။ ဧတေ၊ ထိုပစ္စည်းတရားတို့သည်။ ပစ္စယာဥပကာရကာ၊ ကျေးဇူးပြုကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ အတိတောစ၊ အတိတ်လည်း ဖြစ်သော။ အနာဂတောစ၊ အနာဂတ်လည်း ဖြစ်သော။ သော၊ ထိုပစ္စယပြုနိတရားသည်။ နအတ္ထိ၊ မယှိပေ။ တသ္မာ၊ ထို့ကြောင့်။ နဟောတိ၊ မဖြစ်ကုန်။

အတိတ်အနာဂတ်ပစ္စယပြုနိအား ကျေးဇူးမပြုခြင်း၏ အထောက်သာဝက။

(မေး) အလုံးစုံသော ပစ္စည်းတရားတို့သည် အတိတ်, အနာဂတ် ကာလတို့၌ ဖြစ်ကုန်သော ပစ္စယပြုနိတရားတို့အား ကျေးဇူးပြုနိုင်သည် အဖြစ်ကို။ အဘယ်ကိုဆောက်၍, သိရပါသနည်း၊

(ဖြေ) အတိတ်တိုက်ပဋ္ဌာန်းပါဠိတော်၌။ အတိတ်, အနာဂတ်တရားတို့အား ပစ္စယပြုနိအဖြစ်ဖြင့် ဟောကြားတော်မမူသည့် အဖြစ်ကို ထောက်၍, သိရပါသည်။

ဝေဠုကဘွာအဘိတ္တိကေအတီတာနာဂတာနံ နကောစိ ပစ္စယောဝုတ္တော၊

ပဋ္ဌာန်းမူလဋ္ဌိကာ (၁၃၅-၁၆)

ဝေဠုကဘွာဘုရားသခင်ကား ထို့ကြောင့်, အဘိဘုတ္တိကေ, အတီတပဋိက် ပဋ္ဌာန်းပါဠိတော်၌, အတီတာနာဂတာနံ, ဤ တိတ်, အနာဂတ်တရားတို့ အား, ပစ္စယော ကျေးဇူးပြုသော။ ကောစိ, တစုံတရုသော တရားကို, နဝုတ္တော, ဟောတော်မမူအပ်၊

ထို့ကြောင့် အာရုံမူဏာပစ္စယဝိုဒ္ဓေသ၌ "ဥပဒ္ဒတ်" ဟူသော ကြိယာ ပါဠိဖြင့်, အကြင်အာရုံမူဏာပစ္စယပြုနိတရားတို့အား။ ရူပါရုံ-အစယ်ကုန်သော အာရုံမူဏာပစ္စည်းတရားတို့သည်, အာရုံမူဏာပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ထိုကျေးဇူးအပြုခံရသော အာရုံမူဏာပစ္စယပြုနိတရားတို့သည်, အတိတ်မဟုတ်, အနာဂတ်မဟုတ်, ပစ္စုပ္ပန်သက်သက်သာတည်းဟု ညွှန်းပြတော်မူသည်ဟု သန္နိဋ္ဌာန်ကျမှတ်သားရမည်။

တသ္မာဒုဝေါဝိဥပ္ပဒ္ဒန္တိတိ ဝစနေနယေသံ ရူပါဒယောဘာဝရမ္မဏဝမ္မာ အာရမ္မဏပစ္စယာဟောန္တိ၊ တေပစ္စုပ္ပန္နာဝ၊ သိတာတိ ဝဋ္ဋမ္ပေ။

ပဋ္ဌာန်းမူလဋ္ဌိကာ (၁၃၅-၁၇)

တဘူး ထို့ကြောင့်။ ဣုဝေါ၊ ဤအာရမ္မဏ ပဋ္ဌယာနိုဒ္ဒေသဋ္ဌာလည်း။ ဥပ္ပဇ္ဇန္တိတိ ဝစနေန၊ "ဥပ္ပဇ္ဇန္တိ" ဟူသောစကားဖြင့်။ ယေသံ၊ အကြင်အာရမ္မဏိကပစ္စယုပ္ပန်တရားတို့အား။ ရူပါဒယော၊ ရူပါဒိုအစယ္ခိကုန်သော။ အာရမ္မဏဝမ္မာ၊ အာရုံပစ္စည်းတရားတို့သည်။ အာရမ္မဏပစ္စယာ၊ အာရမ္မဏပစ္စယသင်္ခါတ်ဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုအာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်။ ပစ္စုပ္ပန္နာဝ၊ ပစ္စုပ္ပန်တို့သည် သာလျှင်တည်းဟု။ ဒသိတာ၊ ပြအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ "မင်သတ်အဓိပ္ပါယ်" အနေအားဖြင့် သန္ဓိဌာနိကျ မှတ်သားအပ်ကုန်၏။

မင်သတ်စာချုန်းတော်။

ဗြိန်မာဘုရင်ဇကရာဇ်တို့ ဘုန်းမီးနေလ-တောက်ပတော်မူကြစဉ်အခါက။ တကြောင်းရေးစာချုန်တော်, နှစ်ကြောင်းရေးစာချုန်တော်မှ နှစ်မျိုးယှိလေသည်။ ထိုတွင်

တကြောင်းရေး စာချုန်တော်ကို မင်နီဖြင့်ရေးရသည်။ ဘုရင်ဇကရာဇ်မျှားသားလျှင် အသုံးပြုရသည်။ ၎င်းတကြောင်းရေး စာချုန်တော်ကို "မင်သတ်စာချုန်တော်" ဟု ခေါ်သည်။ အယူခံဝင်ခွင့်မရပေ။

နှစ်ကြောင်းရေးစာချုန်တော်ကို လွတ်တော်မှာ အသုံးပြုရသည်။ အယူခံဝင်လိုမှု ဝင်နိုင်လေသည်။

ဤကိုနယဂ္ဂါဟာမှ၍ အယူခံဝင်ခွင့်မရ၊ တထစ်ချ(၀ါ)သန္ဓိဌာနိကျမှတ်သားရမည့်အဓိပ္ပါယ်ကို "မင်သတ်အဓိပ္ပါယ်" ဟု ခေါ်ဆိုရလေသည်။

(မန္တလေးမြို့။ တောင်ပြင်ဘုရားကြီးတိုက်ဆရာတော်-ဦးဇာဂရကြီး၀ါဒ။)

စိတ္တဇေ တသိကာ ဝမ္မာ .. ဟုဟောတော်မူရခြင်း ဘကြောင်း။

(မေး) "ယံယံ ဝမ္မံ အာရဗ္ဘ ယေ ယေ ဝေဒနာ ဝမ္မာ ဥပ္ပဇ္ဇန္တိ" ဟု ဟော်တော်မူ

လျှင်၊ လိုအပ်သောအနက်သည် ပြီးခဲကောင်းပါလျက်၊အဘယ့်ကြောင့် "စိတ္တဇေတသိကာဓမ္မာ"ဟူသော ပါဠိကို ဟောကြားတော်မူရပါသနည်း၊

(ဖြေ) "ယေယေဓမ္မာ"ဟူသောပါဠိ၌လိုအပ်သော"ပဋ္ဌယျပဋိဓမ္မ" တို့ကို သရုပ်အားဖြင့် ညွှန်းပြတော်မူလိုသောကြောင့် "စိတ္တဇေတသိကာဓမ္မာ"ဟူသော ပါဠိကို ဟောကြားတော်မူရပါသည်။

စိတ္တဇေတသိကာဓမ္မာတိဗုဒ်ယေယေဓမ္မာတိဝုတ္တာနံ
သရူပတောနိဒဿနံ။

ပဋ္ဌာန်းအဋ္ဌကထာ(၁၀၃-၁၂)

စိတ္တဇေတသိကာဓမ္မာတိဗုဒ်၊စိတ္တဇေတသိကာဓမ္မာ.....ဟူသော ဤပါဠိသည်။ ယေယေဓမ္မာတိဗုဒ်ပါနာ၊ ယေယေဓမ္မာ ....ဟူသော ဤပါဠိဖြင့်။ ဤကြားနှင့် ဟောတော်မူအပ်သော တရားတို့ကို၊သရုပ်တော။ သရုပ်အားဖြင့်၊နိဒဿနံ ညွှန်ပြခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ရုပ်,နိဗ္ဗာန်,ပညတ်တို့ကို သုံးပုံလုပ်၍
မဟောခြင်း။

(မေး) ရုပ်,နိဗ္ဗာန်,ပညတ်တို့သည် ထင်ရှားယိုပါကုန်လျက်။ ၎င်းတို့ကိုသရုပ်အားဖြင့်ထုတ်ပြတော်မမူပဲ၊စိတ် ဝေဒနာသိက်ဘရားတို့ကိုသာ အဘယ့်ကြောင့် သရုပ်အားဖြင့် ထုတ်ပြတော်မူပါသနည်း။

(ဖြေ) ရုပ်,နိဗ္ဗာန် ပညတ်တို့သည် အာရုံကို ယူကပ်ခြင်းသာ 'အနာရမ္မဏ' တရားမျှသာ ဖြစ်၍၊အာရုံမဏာပစ္စယသတ္တိမဲ့ခြင်း ကျေးဇူးအကျိုးကို မပံ့ပိုးနိုင်။ စိတ်,ဝေဒနာသိက် တရားတို့သည်သာ အာရုံကို ယူကပ်သည်ဖြစ်၍အာရုံမဏာပစ္စယသတ္တိဖြင့်ကျေးဇူးအကျိုးကိုပံ့ပိုးလေသောကြောင့် ရုပ်,နိဗ္ဗာန်,ပညာတို့ကို သရုပ်အားဖြင့်မထုတ်ပြနိုင်။ စိတ် ဝေဒနာသိက်တရားတို့ကိုသာ သရုပ်အားဖြင့် ထုတ်ပြတော်မူရခြင်းဖြစ်ပါသည်။

တေတေဝမ္မာ .. ဟု ဗဟုဝုစ်ဖြင့်ဟောတော်မူခြင်း
အကြောင်း။

(မေး) "ယံယံဓမ္မံ"ဟု အနိပညာတ်ကို ဧကဝုစ်အားဖြင့် ဟောတော်မူသောကြောင့်။ ၎င်း၏နိယတ်ကို"သောသောဓမ္မော"ဟူ၍သာ ဧက

ဝုစ်အာဝေးဖြင့် ဟောတော်မူသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် "တေတေခမ္မာ" ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူရပါသနည်း။

(ဖြ) "ယံယံခမ္မံ" ဟူသောပါဠိဖြင့် ညွှန်းပြအပ်သော အာရုံတရား၏ တပါးမက မျိုးပြားလှသည့်အဖြစ်ကို ပြတော်မူလိုသောကြောင့်၊ "သောသောခမ္မော" ဟူကေဝုစ်ဖြင့်ဟောတော်မမူပဲ၊ "တေတေခမ္မာ" ဟု ဗဟုဝုစ်ဖြင့်သာ ဟောတော်မူရခြင်း ဖြစ်ပါသည်၊

ဣဏ္ဍေ ယံယံခမ္မံ အာရဗ္ဘာတိ ကေဝ စနနိဒ္ဒေသံ ကတ္တာ ပုန တေတေ ခမ္မာ တိ ဗဟုဝ စနနိဒ္ဒေသော။ ယံယန္တိ ဝုတ္တသ္သ အာရမ္မဏ ခမ္မသ္သ အနေကဘာဝေါ ပိ အတ္ထီတိ ဒဿနတ္ထော။

ပဋ္ဌာန်းမူလဋ္ဌိကာ (၁၃၅-၂၁)

စ၊ ဆက်ပါဠိုးအံ့၊ ဣဏ္ဍေ ဤအာရမ္မဏာပစ္စယနိဒ္ဒေသင်္ခ။ ယံယံခမ္မံအာရဗ္ဘာတိ၊ ယံယံခမ္မံအာရဗ္ဘ-ဟူ၍။ ကေဝစနနိဒ္ဒေသံ ကေဝုစ်ဖြင့် ညွှန်းပြခြင်းကို၊ ကတ္တာ ပြု၍။ ပုန၊ တဖန်၊ တေတေခမ္မာ တိ တေတေခမ္မာ ဟူ၍။ ဗဟုဝစနနိဒ္ဒေသော၊ ဗဟုဝုစ်ဖြင့်ညွှန်းပြခြင်းသည်၊ ယံယန္တိ ဝုတ္တသ္သ၊ ယံယံဟူသော အနိယတ်ပါဠိဖြင့် ဟောအပ်သော၊ အာရမ္မဏာခမ္မသ္သ၊ အာရုံဘုရား၏ အနေကဘာဝေါပိ၊ တပါးမက မျိုးသောအဖြစ်သည့် လည်း။ အတ္ထိ၊ ယိုဖို့။ ဣတိ၊ ဤသို့။ ဒဿနတ္ထော၊ ညွှန်းပြခြင်းအကျိုးယိုဖို့။

ယေယေ ခမ္မေ ...ဟု ဟောတော်မမူခြင်း အကြောင်း။

(မေး) ပစ္စည်းတရား၏ မျိုးသောအဖြစ်ကိုပြလိုပါလျှင် 'ယံယံခမ္မံ" ဟု ကေဝုစ်ဖြင့် မဟောပဲ "ယေယောခမ္မော" ဟု ဗဟုဝုစ်ဖြင့်ဟောတော်မူပါတော့လော။ အဘယ့်ကြောင့် 'ယံယံခမ္မံ" ဟု ကေဝုစ်ဖြင့်သာဟောတော်မူရပါသနည်း။

(ဖြ) နာမက္ခန္ဓာလေးပါးဘို့သည် တပေါင်းတည်းလည်း အာရုံမဏာပစ္စည်းဖြစ်နိုင်ကြကုန်၏။ ထိုနာမက္ခန္ဓာလေးပါးတို့တွင်၊ ဝေဒနာစသော-ဗဟု စသော တရုတရုသော တရားသည်လည်း အာရုံမဏာပစ္စည်းမဖြစ်နိုင်သည်မဟုတ် ဖြစ်နိုင်သည်သာတည်း။

ထို့ကြောင့်၊ ဝေဒနာစသော, ဗဟုစသော, တရား၏တွင်လည်း၊ တရုတရုသောတရားသည် အာရုံမဏာပစ္စည်းဖြစ်နိုင်သည်ဟူသော အထူး

အာရမ္မဏာပစ္စယနိဒ္ဒေသဆိုခဲ့။

အာရမ္မဏာပစ္စယေန - ဟူသော ကရိယာပါဠိဖြင့်၊ အလေးအပြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု, မဟာကုသိုလ် စိတ်ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု, လောကုတ္တရာစိတ်ရှစ်ခု၊ (ဒေါသ, ဣဿာ မစ္ဆာရိယ,ကုက္ကုစ္စ ဝိစိကိစ္ဆာ အပုမည္ညာကြည်သောစေတသိက် လေးဆဲ့ငါးခု) အားတပ်သော အလေးအပြတ်ပြုအပ်သော။ (ပစ္စယုန်, အတိတ်, အနာဂတ်) ဣဋ္ဌဖြစ်သော နိမ္မနဒုက္ခအာဠုရပ, ဒေါသမူဌေ, မောဟမူဌေ,ဒုဗ္ဗလသဟာဂုတ်ကာယဒိဋ္ဌိကြည်သော စိတ်ရှစ်ဆဲ့လေးခု ဒေါသ,ဣဿာ, မစ္ဆာရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြည်သော စေတသိက် လေးဆဲ့ခုနှစ်ခု။(ကာလဝိမုတ် ဖြစ်သော) နိဗ္ဗာန်ဟုဆိုအပ်သော "အာရမ္မဏာဓိပတိပစ္စည်း" ဖြစ်ခဲ့။ အာရမ္မဏာ,အဓိပတိ ဥပနိဿယ ၅၂ (၃) ပစ္စယ သတ္တိတို့တွင် အာရမ္မဏာ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

ကို ပြတော်မူလိုသောကြောင့် 'ယေယေခမ္မေ"ဟု ဗဟုဝုစ်ဖြင့်ဟောတော် မမူပဲ "ယံယံခမ္မံ" ဟုဧကဝုစ်ဖြင့်သာ ဟောတော်မူရပါသည်။

ဝတ္ထာရောဟိခန္ဓာသဟေဝ အာရမ္မဏပစ္စယာဟောန္တိ၊ တေသဉ္စပိ အာရဇ္ဇာ ဥပ္ပဇ္ဇမာနမ္ပိ တေ သုဒေကေကံ အာရဇ္ဇ ဥပ္ပဇ္ဇမာနံ နနဟောတိ။ တသ္မာ ဝေဒနာဒိသု ဖဿာဒိသု ဧကေက ဿာပိ အာရမ္မဏပစ္စယ သဘာဝ ဒဿနတ္ထံ ယံယံ ခန္ဓိ ဝုတ္တံ။

ပဋ္ဌာန်းမူလဋ္ဌိကာ (၁၃၅-၂၄)

ဟိ၊အဋ္ဌကထာကိုဆိုပါ၏။ စတ္တာရော၊လေးပါးကုန်သော။ ခန္ဓာ၊နာမ်ခန္ဓာတို့သည်၊သဟေဝ၊တကွသားလျှင်၊ အာရမ္မဏာပစ္စယာ၊ အာရမ္မဏာပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ တေသဉ္စပိ၊ထိုအလုံးစုံသော နာမကွန္ဓာတို့ကိုလည်း၊ အာရဇ္ဇာ၊အာရုံပြု၍။ ဥပ္ပဇ္ဇမာနမ္ပိ၊ဖြစ်သော အာရမ္မဏာကတရား၊သည်လည်း ဟေသု ထိုနာမကွန္ဓာလေးပါးတို့တွင်။ ဧကေကံ တဘုတဘုကို။ အာရဇ္ဇာ၊အာရုံပြု၍။ ဥပ္ပဇ္ဇမာနံ၊ဖြစ်ခြင်းသည်။ နဟောတိ၊မဖြစ်သည်ကား။ နာ၊မဟုတ်။ဟောတိ၊ယေဝ၊ဖြစ်နိုင်သည်သာ လျှင်တည်း။

တသ္မာ၊ ထို့ကြောင့်။ ဝေဒနာဒိသု၊ ဝေဒနာ စသည်တို့တွင်ရင်း။ ဖဿာဒိသု၊ ဖဿာစသည်တို့တွင်ရင်း ဧကေက ဿာပိ၊တဘုတဘုသော

(၂) (ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ) ကာမစိတ်စတုပညာသ အာဘိညာဥ်နွေ (အပွမညာကြဉ်သော စေတသိက်ပညာသ) အားတပ်သော ပစ္စုပ္ပန် နိဗ္ဗန်ရုပ် အစ္စာရသ ဟုဆိုအပ်သော အာရမ္မဏာပုရေဇာတပစ္စည်းဖြစ်အံ့။ အာရမ္မဏာ,ပုရေဇာတာ အတ္ထိ အဝိဂတာ၊ ဤ(၄) ပစ္စယသတ္တိတို့ဖြင့် အာရမ္မဏာသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

တရားတို့လည်း။အာရမ္မဏာပစ္စယ သဘာဝဒဿနတွင် အာရမ္မဏာပစ္စည်းသဘော ယှိသည်အဖြစ်ကို ပြခြင်းအကျိုးငှာ၊ယံယန္တိ၊''ယံယံ''ဟူ၍။ ဝတ္ထုံ၊ မိန့်ဆိုတော်မူအပ်၏။

(တနည်း၊)

ယေဘုယျအားဖြင့်''ဝိဇ္ဇာ''ဟူက၊ ဇကေဝစနဖြင့် လောကသဘော သို့လိုက်၍''ယံယံ''ဟု ဟောတော်မူသည်။

ဝိဇ္ဇာ၏သဘောမှာ အသီးသီးသာ ဖြစ်သကဲ့သို့၊ ဤ၌လည်း နာမဂုဏ်နှာလေးပါးတို့တွင် တခုတခုစီသာ ပစ္စည်းဖြစ်နိုင်သည်ဟု မှားယွင်းမည်ဖိုးသောကြောင့်။ ထိုဝိဇ္ဇာကို ဖွင့်သောအားဖြင့်' တေတေ'' ဟု ဟောတော်မူသည်။ (ဟသ်ဘတမ္ပြီ-လယ်တီဆရာတော်ဘုရားကြီး၀ါဒ။)

ယေယေဓမ္မာ....ဟု ဗဟုဝစ်ဖြင့်ဟောတော်မူခြင်း၊ အကြောင်း။

(မေး) အာရုံပစ္စည်းတရားကို ''ယံယံဓမ္မံ''ဟု ဇကဝစ်ဖြင့် ဟောကြားတော်မူသကဲ့သို့။ အာရမ္မဏာကိုက ပစ္စယုပ္ပန်တရားကိုလည်း။''ယော ယော ဓမ္မော''ဟုဇကဝစ်ဖြင့်သာ ဟောကြားတော်မူသင့်သည် မဟုတ်ပါလော။အဘယ့်ကြောင့်''ယေယေဓမ္မာ' ''တေသံတေသံ၎မ္မာနံ''ဟု ဗဟုဝစ်ဖြင့်သာ ဟောကြားတော်မူရပါသနည်း။

(ဖြေ) အာရုံကိုတရားသည် တခုစီတခုစီအသီးအသီးကျေးဇူးပြုနိုင်သကဲ့သို့၊အာရမ္မဏာကိုကတရားသည် တခုစီတခုစီ (၀ါ)တခြားစီ တခြားစီ အာရုံပြုနိုင်ကြသည်၎ပဋ္ဌာန်း၊နာမဂုဏ်နှာလေးပါးလုံးတပေါင်းတည်းဘွဲ့ခံ၍ တွဲ၍သာ အာရုံပြုကြလေသောကြောင့် အာရမ္မဏာကိုကတရားတို့ကို

(၃) မနောဒွါရာဝဇ္ဇနီး,မရဏာသန္နဇောငါးချက် တဒါရုံကာဒသ အားတပ်သော စုတိစိတ်မှပြုနှ၍ ရေသည်ယှိသော်၊ တဆဲ့ခုနှစ်ချက် ဖြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟာဒယာဝဏ္ဏ၊ဟု ဆိုအပ်သော ဝဏ္ဏာရမ္မဏာ ပုရေဇာတာ နိဿယသပစ္စည်းဖြစ်အံ့၊ အာရုဏာ နိဿယ ပုရေဇာတာ,ဝိပ္ပယုတ္တ အတ္ထိ,အဝိဂတ၊ ဤ(၄)ပစ္စယ သဘာတို့တွင် အာရုဏာ သတ္တိဟု ဆိုအပ်သော သတ္တိဒေသသ။

(၄) အလေးအဖြတ် ပြုတတ်သော လောဘ၊စိတ် ရှစ်ခုအားလုံးသော၊အလေးအဖြတ်ပြု အပ်သော ပစ္စုပ္ပန်နိမိတ္တနှင့်ရှုပ်အပ္ပဏာရုံ ဟုဆို အပ်သော အာရမ္မဏာပုရေဇာတာဝိပဿနာ ပစ္စည်း ဖြစ်အံ့။ အာရမ္မဏာ အဓိပတိ ဥပနိဿယ,ပုရေဇာတာ,အတ္ထိ အဝိဂတ ဤ(၆) ပစ္စယ သတ္တိတို့တွင် အာရမ္မဏာသတ္တိဟု ဆိုအပ်သော သတ္တိဒေသသ။

(၅) အလေးအဖြတ် ပြုတတ်သော လောဘမှမရဏာသန္နဇော(၅) ချက်အားတပ်သော အလေးအဖြတ်ပြုအပ်သော မရဏာသန္နအခါ စုတိစိတ်မှပြုနှ၍ ရေသည်ယှိသော်။ တဆဲ့ခုနှစ်ချက် ဖြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟာဒယာဝဏ္ဏ၊ဟု ဆိုအပ်သော ဝဏ္ဏာရမ္မဏာ ပုရေဇာတာ, နိဿယ၊ဝိပဿနာ ပစ္စည်းဖြစ်အံ့။ အာရမ္မဏာ အဓိပတိ,နိဿယ ဥပနိဿယ ပုရေဇာတာ ဝိပ္ပယုတ္တ အတ္ထိ,အဝိဂတ ဤ(၄)ပစ္စယသတ္တိတို့တွင် အာရမ္မဏာသတ္တိဟု ဆိုအပ်သော သတ္တိဒေသသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အာရမ္မဏာပစ္စယနိဒ္ဒေသပြီး၏။

ကေဝစ်ဖြင့်မဟောပဲ ဗဟုဝစ်ဖြင့်သာ ဟောကြားတော် မူရပါသည်။ (အသွာကံခန်း။)

အာရမ္မဏာပစ္စည်းပြိုင်တရားငါးပုံ။

အာရမ္မဏာပစ္စည်းပြိုင်၌ တရားငါးပုံပုံရှိသည်။ ငါးပုံဟူသော်ကား။

(၁) အာရမ္မဏာဓိပတိ တပုံ။

(၂) အာရမ္မဏာပုရေဇာတ တပုံ။

(၃) ဝတ္ထာရမ္မဏာပုရေဇာတနိဿယ တပုံ၊

ဤသို့အားဖြင့် သုဒ္ဓ(၃)ပုံ။

(၄) အာရမ္မဏပုရေဇာတနှင့် အာရမ္မဏာဓိပတိ ဓိသက တပုံ။

(၅) ဝတ္ထုာရမ္မဏ ပုရေဇာတနိဿယနှင့် အာရမ္မဏာ ဓိပတိဓိသက တပုံ။

ဤသို့အားဖြင့် ဓိသကာ(၂)ပုံ။

ပေါင်း(၅)ပုံဖြစ်လေသည်။ (ထိုငါးပုံတို့ကို နံပါတ်စဉ်ဖြင့် ညွှန်ပြထားယို့သော အာရမ္မဏာပစ္စည်းပြိုင်ဆိုရိုးများနှင့် အသီးအသီးတိုက်ဆိုင်၍ကြည့်ရှုလေ့လာပါ)

အာရမ္မဏာပစ္စည်းပြိုင်ဇယား။

တရားတပုံ	ပြိုင်သောပစ္စည်းများ။	သန်း၅
၁ အပုံ။	အာရမ္မဏ,အဓိပတိ,ဥပနိဿယ	၃
၂ ။	အာရမ္မဏ,ပုရေဇာတ,အတ္ထိ,အဝိဂတ	၄
၃ ။	အာရမ္မဏ,နိဿယ,ပုရေဇာတ,ဝိပဿယုတ္တ,အတ္ထိ,အဝိဂတ	၆
၄ ။	အာရမ္မဏ,အဓိပတိ,ဥပနိဿယ,ပုရေဇာတ,အတ္ထိ,အဝိဂတ	၆
၅ ။	အာရမ္မဏ,အဓိပတိ,နိဿယ,ဥပနိဿယ,ပုရေဇာတ,ဝိပဿယုတ္တ အတ္ထိ,အဝိဂတ	၈

(မှတ်ချက်။ ။အာရမ္မဏမျိုးမှန်သမျှ၊ အများဆုံး ဤ(၅)ချက်သာပြိုင်နိုင်လေသည်)

(ဘနည်း) အာရမ္မဏာပစ္စည်းပြိုင်တရား(၃)ပုံ။

အာရမ္မဏာပစ္စည်းမျိုးခု။ (၁)ဟဒယဝတ္ထု။ (၂)နိမ္မုန်ရုပ်။ (၃)ကြွင်းသော ရုပ်နာမ်တရား ဤသို့အကျဉ်းအားဖြင့် (၃)ပုံ,ပုံနှိုင်လေသည်။

ထို(၃)ပုံတို့တွင်၊ မိမိပြိုင်လိုသော ပစ္စည်းတရားကို စိစစ်၍။

(၁) အပုံ ဟဒယဝတ္ထုဖြစ်အံ့၊ အဓိပတိပစ္စည်းမတည်လျှင် ဇယားကွက်တဘက်ယာအပုံအတိုင်း(၄)ပစ္စည်း။အဓိပတိပစ္စည်းတည်လျှင် ဇယားကွက် ပဌမအပုံအဘိုင်း(၇)ပစ္စည်းပြိုင်သည်။

(၂) အပုံဖြစ်အုံ့။ အဓိပတိမတပ်လျှင် ဇယားကွက် ဒုတိယအပုံအတိုင်း (၄)ပစ္စည်း။ အဓိပတိတပ်လျှင် ဇယားကွက် စတုတ္ထအပုံအတိုင်း (၆)ပစ္စည်းပြိုင်သည်။

(၃) အပုံဖြစ်အုံ့။ အဓိပတိမတပ်လျှင် အာရမ္ဘဏ တပစ္စည်းသာရှိသည်။ အဓိပတိပစ္စည်း တပ်လျှင် ဇယားကွက် ပဌမ အပုံအတိုင်း(၃) ပစ္စည်းပြိုင်သည်။

အာရမ္ဘဏပစ္စည်းမျိုးမှန်သမျှ။ ထို (၅)ပုံအတွင်းဌိသာလျှင် ယဉ်ထာရဟ ပစ္စည်းပြိုင်ပုံကို သိမှတ်ကြရာသည်။

အာရမ္ဘဏပစ္စယနိဒ္ဒေသအမှင့်ဂဏ္ဍီပြီးပြီ။

အဓိပတိပစ္စယနိဒ္ဒေသဆိုရိုး။

အာဝဇ္ဇနာပစ္စည်း၏ ပစ္စယနိဒ္ဒေသကိုဟောတော်မူသည်၏ အခြားမဲ့၌။ အဓိပတိပစ္စည်း ၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ (လ)ဟောဟာနိကား .... အာဝိပတ်ပစ္စယော တိ .... ဟူသည်တည်း၊ ထို့နောင် နိဒဿနာဝကာရကို ဟောတော်မူ၏။ ဟောဟာနိကား။

(၁) ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဝိပတ်ပစ္စယေန ပစ္စယော။

အာဝဇ္ဇနာပစ္စယနိဒ္ဒေသ အခြားမဲ့၌ အဓိပတိပစ္စယ နိဒ္ဒေသကိုဟောတော်မူခြင်း အကြောင်း။

(၁၀း) အာဝဇ္ဇနာပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အခြားပစ္စယနိဒ္ဒေသတို့ကို မဟော ပဲ။ အဘယ်ကြောင့် အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူရပါသနည်း။

(ဖြေ) ဘုရားသျှင်သည် .... ဟောဘုဝစ္စယော .... ဟူသောပုဒ်ဖြင့်၊ ဇဝေသအားဖြင့်၊ သဟဇာတအာဝဇ္ဇနာကတရားတို့ကို ညွှန်ပြတော်မရော။ အဆိုပါ သဟဇာတ အာဝဇ္ဇနာကတရားတို့သည် အလေးအပြတ်သားလျှင် ပြုတတ်ကုန်သလော(ထိုသို့မဟုတ်) အလေးအပြတ်မပြုကြသော တရားသားလျှင် ဖြစ်ကြလေကုန်သသော ဟူသော ယုံမှားသံသယသည် ဖြစ်ခဲ့ရာ၏။

ထို အတူ ... အာဝဇ္ဇနာပစ္စယော ဟူသော ပုဒ်ဖြင့် အလုံးစုံသော အာလမ্বဏဘဒ္ဒကရားတို့ကို ညွှန်းပြတော်မူရာ၊ အဆိုပါ အာလမ্বဏတဒ္ဒတရားဘို့သည်၊ အလေးအပြတ်သာလျှင် ပြုအပ်သလော။ (ထိုသို့မဟုတ်)အလေးအပြတ်မပြုအပ်သော တရားသာလျှင် ဖြစ်ကြလေကုန်သလော ဟူသော ယုံမှားသံသယသည် ဖြစ်ခဲ့ရာ၏။

ထို့ကြောင့်ယင်းသို့ညွှန်ပြအပ်ကုန်သော တရားတို့တွင်၊ အချို့သော တရားတို့သည် အလေးအပြတ် ပြုတတ်ကုန်၏။ အချို့သောတရားတို့သည် အလေးအပြတ်မပြုတတ်ကုန်ဟု ခွဲးခြားဝေဘန်၍ ပယောဇဉ်ယုံမှားသံသယတို့ကို ပယ်ဖျောက်ခြင်း၊ အကျိုးငှာ အာဝဇ္ဇနာပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူပါသည်။ (ပဋ္ဌာနသာရဒီပနီ ဋီကာကျမ်းထွက်)

(၂) ဝိရိယာဝိပတိ ဝိရိယသမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေနပစ္စယော။

(၃) စိတ္တာဝိပတိ စိတ္တသမ္ပယုတ္တကာနံဓမ္မာနံ,တံသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(၄) ဝိမံသာဝိပတိ ဝိမံသသမ္ပယုတ္တကာနံဓမ္မာနံ,တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေနပစ္စယော။

သဟစာတာဝိပတိနိဒ်သနာကာရပါဠိ
မှတ်သားဘွယ်။

(မေး) ဟေတု ပစ္စယနိဒ္ဒေသ၌ ..... "ဟေတုဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ" ဟု ဟောတော်မူသကဲ့သို့ ဤအဓိပတိပစ္စယနိဒ္ဒေသ၌လည်း "အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ ဓမ္မာနံ" .... ဟု ဟောတော်မူသင့်သည်မဟုတ်ပါလော၊အဘယ့်ကြောင့် .... "ဆန္ဒာဝိပတိ ဆန္ဒသမ္ပယုတ္တကာနံဓမ္မာနံ" ..... စသည်ဖြင့် ဟောတော်မူရပါသနည်း။

(ဖြေ) ဟေတုပစ္စယနိဒ္ဒေသ၌၊ နှစ်ပါး, သုံးပါးကုန်သော ဟိတ်ဘို့သည်၊တပ္ပြိုင်နက်သောခဏာ၌၊ဟေတုပစ္စည်းဖြစ်နိုင်ကုန်၏။ ဤအဓိပတိပစ္စယနိဒ္ဒေသ၌နှစ်ပါး, သုံးပါးကုန်သော အဓိပတိတို့သည်၊ တပ္ပြိုင်နက်သောခဏာ၌ အဓိပတိပစ္စည်းဖြစ်နိုင်ကြကုန်၊ထို့ကြောင့် 'ဆန္ဒာဝိပတိ ဆန္ဒသမ္ပယုတ္တကာနံဓမ္မာနံ" .....စသည်ဖြင့်သာ ဟောတော်မူရပါသည်။

ကေကျွေ အဘာဝတော

ပဋ္ဌာန်းအဋ္ဌကထာ(၃၀၅-၁၉)

အဓိပတိနှံ့ အဓိပတိပစ္စည်းတို့၏ ကေကျွေ၊ တပ္ပြိုင်နက်သော ခဏာ၌၊အဘာဝတော၊ မဖြစ်နိုင်သောကြောင့်ဘည်း။

တပ္ပြိုင်နက် နှစ်ပါး,သုံးပါး,အဓိပတိပစ္စည်း
မဖြစ်ခြင်းအကြောင်း။

(မေး) နှစ်ပါး, သုံးပါးကုန်သော ဟိတ်တရားတို့သည် အဘယ့်ကြောင့်တပ္ပြိုင်နက်သောခဏာ၌ ဟေတုပစ္စည်းဖြစ်နိုင်၍။ နှစ်ပါး,သုံးပါး

(၅) ယံယံခမ္ဘဏ္ဍိကတွေ့ ယေယေမဟာဥပ္ပဒ္ဒေတို့၊စိတ္တဇေတသိကာ ခမ္ဘာ၊ တေတေမဟာ တေသံတေသံမဟာနံ အဓိပတိပစ္စယေန ပစ္စယော ဟူသည်တည်း။

ပစ္စယုဒ္ဒေသေ၊ပစ္စည်းတို့ကို အကျဉ်းပြရာ၌။ ယောယောဒိသော၊အ ကြင်သို့သဘောယို့သော၊ ပစ္စယော၊ပစ္စည်းကို၊ အဓိပတိပစ္စယောတိ၊ အဓိပတိပစ္စည်းဟူ၍။ ဘဂဝတာ၊ ဖြတ်စွာဘုရားသည်၊ ဥဒ္ဒိဋ္ဌော၊ အ ကျဉ်းပြတော်မူအပ်ပြီ။

ကုန်သော အဓိပတိတို့သည် အာဘယိ့ကြောင့် တပြိုင်နက်သောခဏ၌ အဓိပတိပစ္စည်း မဖြစ်နိုင်ကုန်သနည်း။

(ဂြ) နှစ်ပါး,သုံးပါးကုန်သောဟိတ်တရား၊တို့သည်မူလဌာနအားဖြင့် ကျေးဇူးပြုခြင်းကို မစွန့်ကြသောကြောင့်၊တပြိုင်နက်သောခဏ၌ ဟေ တုပစ္စည်း ဖြစ်နိုင်ကုန်၏။

အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဓိပတိတရား၊တို့ သည်ကား၊ တပြိုင်နက်သောခဏ၌ မျှားစွာသောအကြီးအမှူးတို့သည် မဖြစ်နိုင်ကြလေကုန်။ထို့ကြောင့်နှစ်ပါး,သုံးပါးကုန်သော အဓိပတိတို့ သည် တပြိုင်နက်သောခဏ၌ အဓိပတိပစ္စည်း မဖြစ်နိုင်ကြခြင်းဖြစ်ပါ သည်။

ပုရိမနယသ္မိဉ္ဇေတယောဟေတုဧကက္ခဏေပိဟေတုပစ္စယာဟောန္တိ၊
မူလဌေနဥပကာရကဘာဝဿအဝိဇဟနတော။
အဓိပတိပနဇေဋ္ဌကဌေနဥပကာရကော၊ နစဧကက္ခဏေမဟုဇေဋ္ဌကာ
နာမဟောန္တိ။
တသ္မာဧကတောဥပ္ပန္နာနမ္ပိနေသံ ဧကက္ခဏေ အဓိပတိပစ္စယဘာဝေါ
နတ္ထိ၊ တဿအဓိပတိပစ္စယဘာဝဿဧကက္ခဏေအဘာဝတောဣဓ ဝေါ
ဟာသနာကတာ၊

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၅-၂၀]

ဟိ၊ ချဲ့ပါ၊ဦးဆုံ၊ပုရိမနယသို့၊ရှေးဟောဘုပစ္စယနိဿိသနည်း၌။ ဖွေတ ယောဟေတု၊ နှစ်ပါး,သုံးပါးကုန်သော ဟိတ်တို့သည်။ ဧကက္ခဏေပါ၊ တပြိုင်နက်သောခဏ၌လည်း။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းတို့သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။ကသ္မာ၊အာဘယိ့ကြောင့်နည်းဟူမူကား။မူလဌေန၊

သောတာဒိသော၊ထိုသို့သဘောယှိသော၊ ပစ္စယော၊ပစ္စည်းကို၊ပစ္စယနိဒ္ဒေသော၊ပစ္စည်းတို့ကို မဂ္ဂဉ်းမဂ္ဂယဉ်ညွှန်းပြရာ၌။ဆန္ဒာဓိပတိ(လ) အဓိပတိပစ္စယေနပစ္စယောတိ၊ ပစ္စယော .... ဟူ၍ ။ ဘဂဝတာ၊ဖြတ်စွာဘုရားသည်၊ နိဒ္ဒိဋ္ဌော၊ မဂ္ဂဉ်း-မဂ္ဂယဉ်ညွှန်းပြတော်မူအပ်ပြီ။

ဆန္ဒာဓိပတိ၊ဆန္ဒဟုဆိုအပ်သော အဓိပတိသည်။ဆန္ဒသမ္ပယုတ္တကာနံ၊ဆန္ဒနှင့်ယှဉ်ကုန်သော။ဝမ္မာနဉ္စ၊သာဓိပတိဧောင်းဆဲ့နှစ်ခု,ဆန္ဒ-ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသတို့အား၎င်း။တံသမုဋ္ဌာနာနံ၊ထိုဆန္ဒ,ဆန္ဒနှင့်ယှဉ်သောစိတ်စေတသိက်လျှင်ဖြစ်ကြောင်းယှိကုန်သော။ ရူပါနဉ္စ၊ သာဓိပတိစိတ္တဧရုပ်တို့အား၎င်း။ အဓိပတိပစ္စယေန၊သဟဇာတာဓိပတိသဟဇာတ်ဖြင့်။ပစ္စယော-ဥပကာရကော၊ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။

မူလဋ္ဌအားဖြင့်။ ဥပကာရကဘာဝသာ၊ ကျေးဇူးပြုသောအဖြစ်ကို။အဓိဧဟာနတော၊ မစွန့်သောကြောင့်တည်း။

ပန၊အဖို့တပါးကိုဆိုဦးအုံ့၊ဧဒ္ဒကဘာဝေန၊အကြီးအမှူးအဖြစ်ဖြင့်၊ ဥပကာရကော၊ကျေးဇူးပြုသော။အဓိပတိ၊အဓိပတိသည်။ကေဟိ၊ကေဟေ တပြိုင်နက်သောခဏ၌။ဗဟုဧဒ္ဒကာနာမ၊မျှားစွာကုန်သော အကြီးအမှူးတို့မည်ကုန်သည်။ နဟောန္တိ၊မဖြစ်ကုန်။ တသ္မာ၊ထို့ကြောင့်။ ကေ တော၊တပေါင်းတည်း၊ဥပ္ပန္နာနဉ္စ၊ ဖြစ်သည်လည်းဖြစ်ကုန်သော။နေသံ၊ ထိုအဓိပတိတရား၏။ ကေ၊ကေ ဟေ၊ တပြိုင်နက်သောခဏ၌။ အဓိပတိပဋ္ဌယဘာဝေါ၊အဓိပတိပစ္စည်း၏အဖြစ်သည်၊ နတ္ထိ၊မယှိ၊တဿအဓိပတိပစ္စယဘာဝသာ၊ ထိုအဓိပတိပစ္စည်းအဖြစ်၏။ ကေ ဟေ၊ တ ပြိုင်နက်သောခဏ၌။အဘာဝတော၊မယှိသောကြောင့်။ ဧ၊ဤအဓိပတိပစ္စယနိဒ္ဒေသ၌၊ ဧဝံ၊ဤသို့။ ဒေသနာ၊ဒေသနာကို။ ကတာ ပြုတော်မူအပ်၏။

(မေး) အဓိပတိပစ္စည်း၌ မျှားစွာကုန်သော အကြီးအမှူးတို့သည် တပြိုင်နက်သောခဏ၌ အဘယ်ကြောင့် မဖြစ်နိုင်ကြကုန်သနည်း။

(ဖြေ) အဓိပတိပစ္စည်းတရား၊ သည်၊ စကြာဝဠာတေးမင်းနှင့် အလားတူ၏။တူပုံမှာ စကြာဝဠာတေးမင်းသည်။ တလောကလုံး၌ တဦးတည်းသာဖြစ်နိုင်၏။ စကြာဝဠာတေးမင်းနှစ်ဦးပြိုင်၍ မဖြစ်နိုင်ပေ။

ယင်းနည်းတမျှ၊အဓိပတိပစ္စည်းတရားတို့တွင်လည်း၊ တပါးတည်းသာအကြီးအမှုးဖြစ်နိုင်၏။ နှစ်ပါး,သုံးပါး တပြိုင်နက်အကြီးအမှုးမဖြစ်နိုင်ပေ။ ယင်းသို့သော အကြောင်းကြောင့်။ အဓိပတိပစ္စည်းခို မျှားစွာသော အကြီးအမှုးတို့သည် တပြိုင်နက်သောခဏခို မဖြစ်နိုင်ခြင်းဖြစ်ပါသည်။

ဆန္ဒဘမျိုးမျိုးနှင့် အဘယ်ဆန္ဒဖြစ်ခြင်းအကြောင်း ညွှန်းပြချက်။

(မေး) ဆန္ဒသည်၊ကာမဆန္ဒ,ဝမ္မဆန္ဒ,ကတ္တုကမျတာဆန္ဒအားဖြင့် သုံးမျိုးယှဉ်ရာ''ဆန္ဒာဓိပတိ''ဟူသောပါဠိခို''ဆန္ဒ''အရ အဘယ်ဆန္ဒကို ကောက်ယူရပါမည်နည်း။

(ဖြေ) ''ဆန္ဒာဓိပတိ'' ဟူသောပါဠိခို''ဆန္ဒ''အရ ကတ္တုကမျတာဆန္ဒကို ကောက်ယူရပါသည်။

ဆန္ဒံ ဇရံ ကတ္တုကာမော ဧဒ္ဒကံ ကတ္တုစိတ္တုပ္ပတ္တိ ကာလေ ဥပ္ပန္နသ ကတ္တုကမျတာဆန္ဒသော တံ နာမံ။

ပဋ္ဌာန်းအဋ္ဌကထာ (၃၀၅-၁၅)

ဇော်ကြီ၊ထို''ဆန္ဒာဓိပတိ''ဟူသောအမည်သည်။ ဆန္ဒံ၊ဆန္ဒကို၊ ဇရံ၊အဦးကို၊ ကတ္တု၊ပြု၍။ ဆန္ဒံ၊ ဆန္ဒကို။ ဧဒ္ဒကံ၊အကြီးအမှုးကို၊ကတ္တု၊ပြု၍။ စိတ္တုပ္ပတ္တိကာလေ၊ စိတ်ဖြစ်သောအခါ၌။ ဥပ္ပန္နသ၊ဖြစ်သော၊ကတ္တုကမျတာဆန္ဒသ၊ ကတ္တုကမျတာဆန္ဒ၏။ နာမံ၊ အမည်တည်း။

နာမ်သဒ္ဒါကိုမိန့်ဆိုရခြင်းအကြောင်း။

သဒ္ဒါတရုသည်များသောအနက်တို့နှင့် ဆက်ဆန်နေရာ။အလိုယှိအပ်သောအနက်ကို ''အထင်ရှုဋ္ဌ'' အားဖြင့် စွဲးမှီကောက်ယူလိုသော အရာတို့၌။အဋ္ဌကထာဆရာ ဋီကာဆရာတို့သည် ''အဝိဝစနံ''သဒ္ဒါ ''နာမံ'' သဒ္ဒါနှစ်ခုတို့တွင် တခုခုကို ထားကြစမြဲဖြစ်ပေသည်။ ဤကိုရည်၍

အဝိဝစနံ၊ နာမံယှိက၊ မျှားလှနက်တွင်၊ လိုအင်နက်မှီ၊
ထင်ရှုဋ္ဌ၊ စွဲးမှီကေ၊

ဟု ဖွေရေးဆောင် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူလေသည်။

(၂) ဝိရိယာဓိပတိ၊ ဝိရိယဟုဆိုအပ်သော အဓိပတိသည်၊ ဝိရိယသမ္ပယုတ္တကာနှံ့ ဝိရိယနှင့်ယှဉ်ကုန်သော။ ဓမ္မာနုဿ၊ သာဓိပတိဇောဝါးဆဲ့နှစ်ခုဝိရိယ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသတ္တိအားဇင်း၊ တံသမုဋ္ဌာနာနှံ့၊ထိုဝိရိယ,ဝိရိယနှင့်ယှဉ်သော စိတ်စေတသိက်လျှင်ဖြစ်ကြောင်းယှိကုန်သော၊ ရူပါနုဿ၊ သာဓိပတိ စိတ္တဇရုပ်တို့အားဇင်း။ အဓိပတိပစ္စယေနှ၊ သဟဇာတာဓိပတိသက္ကိုဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

(၃) စိတ္တာဓိပတိ၊သာဓိပတိဇောဝါးဆဲ့နှစ်ခုဟုဆိုအပ်သောစိတ္တာဓိပတိသည်,စိတ္တသမ္ပယုတ္တကာနှံ့၊ စိတ္တာဓိပတိနှင့်ယှဉ်ကုန်သော။ ဓမ္မာနုဿ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဇကပညာသတ္တိအားဇင်း၊ တံသမုဋ္ဌာနာနှံ့၊ထိုစိတ္တာဓိပတိ,စိတ္တာဓိပတိနှင့်ယှဉ်သော စေတသိက်လျှင်ဖြစ်ကြောင်းယှိကုန်သော။ ရူပါနုဿ၊ သာဓိပတိ စိတ္တဇရုပ်တို့အားဇင်း။ အဓိပတိပစ္စယေနှ၊ သဟဇာတာဓိပတိသက္ကိုဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤဌာ "ဆန္ဒာဓိပတိ" ဟူသောပါဠိဌာနလည်း "ဆန္ဒ"သဒ္ဒါသည်။ ကာမဆန္ဒ, မေတ္တာဆန္ဒ, ကတ္တုကမျှတာဆန္ဒဟူသော အနက်အမျိုးမျိုးတို့နှင့် ဆက်ဆန်နေရာ၊ ဤဌာလိုအပ်သော"ကတ္တုကမျှတာဆန္ဒ"ကိုသာ "အထင်ရှုဋ္ဌ"အားဖြင့် စွဲမှီကောက်ယူလိုသောကြောင့်။

ကတ္တုကမျှတာဆန္ဒသော တံနာမံ။

ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူခြင်းဖြစ်လေသည်။

ရုဒ္ဓိ(၃)မျိုး။

ဤဌာ ရုဒ္ဓိသည်(၁)အထင်ရှုဋ္ဌ(၂)အတွင်ရှုဋ္ဌ(၃)အတင်ရှုဋ္ဌအားဖြင့် သုံးမျိုးယှိပေ၏။ ထိုသုံးမျိုးတို့တွင်

(၁) တရုသောဒြဗ်ဌာသကတ်အမျှားယှိရာ၊ အထူးသဖြင့်ထင်သော သကတ်အနက်ကို စွဲ၍ ပညတ်ခြင်းသည်"အထင်ရှုဋ္ဌ"မည်၏။

(တနည်း၊)

တရုသောသကတ်သည် အနက်မျှားစွာတို့နှင့် ဆက်ဆန်နေရာ၊မိမိထင်သောအနက်ကိုစွဲ၍ပညတ်ခြင်းသည်"အထင်ရှုဋ္ဌ"မည်၏။

(၄) ဝိမံသာဓိပတိ၊ဝိမံသဟု ဆိုအပ်သော အဓိပတိသည်၊ ဝိမံသ သမ္ဗယုတ္တကာနှံ၊ ဝိမံသနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သာဓိပတိဟောင်း ဆဲ့နှစ်ခု,ဝိမံသကြဉ်သော စေတသိက် သတ္တတိ သတ္ကိုအာဃာတ။တံသ မဗ္ဗာနာနှံ၊ ထိုဝိမံသ,ဝိမံသနှင့်ယှဉ်သော စိတ်စေတသိက်သျှင် ဖြစ်ကြောင်းယိုကုန်သော။ရူပါနဉ္စ၊သာဓိပတိ စိတ္တဇရုပ်တို့အာဃာတ။အဓိပ တိပစ္စယေန၊ သဟဇာတာဓိပတိ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံယံဓမ္မံ၊ အကြင်အကြင်သို့ သဘောယိုသော အာရုံခြောက်ပါး ပစ္စည်းတရားကို။ ဂရုံကတ္တွာ၊ အလေးအမြတ်ပြုကုန်၍။ယေယေဓမ္မာ၊ အကြင်ကြင်သို့သဘောယိုကုန်သော အာရမ္မဏိကပစ္စယုပ္ပန်တရားတို့ သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။စိတ္တစေတသိကာ၊စိတ်,စေတသိက် ဖြစ်ကုန် သော။ဓမ္မာ၊တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဟောတောဓမ္မာ၊ထိုထိုသို့သဘောယိုကုန်သောအာရုံခြောက်ပါးပစ္စည်း တရားတို့သည်။ တောသံတောသံဓမ္မာနှံ၊ ထိုထိုသို့ သဘောယိုကုန်သော အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့အား။အဓိပတိပစ္စယေန၊အာရမ္မဏာဓိ ပတိသတ္တိဖြင့်၊ပစ္စယောဥပကာရကော၊ကျေးဇူးပြုသည်၊ဟောတိ၊ဖြစ်၏။

ဗျားပြားစွာလှ၊ သကတ္ထတွင်၊ ထင်သည့်သကတ်, စွဲးပညတ်မူ၊
မှတ်လော''အထင်ရှုဒ္ဓိ''တည်း။
သကတ်တခု၊ အစုဗျားစွာ၊ ဆက်ဆန်ပါလျက်၊ ထင်စွာစွဲးလည်း၊
အမြဲ ဇုရှုဒ္ဓိပင်တည်း။

ဘုရားကြီးနိယံ။

ဤမင်းမင်ဦးဘုံ။ ။နွားခြံဖိတရုဒ္ဓစား၊ခြင်းသကတ်,သွားခြင်းသကတ်, အိပ်ခြင်းသကတ်, တွန်ခြင်းသကတ်, ဦးချိုသကတ်, အပြုအနိစသော သကတ်အား၊ဖြင့် ဗျားစွာယိုသော်လည်း။သွားခြင်းသကတ်ဌာ ထင် သောကြောင့်''ဂစ္ဆတိဘိဂေါ''ဟူသည်နှင့်အညီ''အထင်ရှုဒ္ဓ''အား၊ဖြင့် ခြုဖိသည်''ဂေါ''မည်၏။

(တနည်း။)

သွားခြင်းသကတ်တရုသည် သွားတတ်သောသတ္တဝါဟူသမျှတို့နှင့်

ထိုပါဠိတို့ကိုတွင် ..... အဓိပတိပစ္စယောတိ ... ဟူသော ပါဠိဖြင့် "နိဒ္ဒိသိ တဗ္ဗမေဒ" ကို ပြတော်မူ၏။ ... ဆန္ဒာဓိပတိ (လ) အဓိပတိ ပစ္စယေနပစ္စ ယော ..... ဟူသော ပါဠိဖြင့် "နိဒဿနာကာရ" ကို ပြတော်မူ၏။

ထိုတွင် ... ဆန္ဒာဓိပတိ ..... ဟူသောကဏ္ဍားပါဠိဖြင့်၊ သာဓိပတိဧော ငါးဆဲ့နှစ်ခုခ်ိုယှိသော ဆန္ဒာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။

ဆန္ဒသမ္ပယုတ္တကာနံခမ္ဘာနံ,တံသမုဋ္ဌာနာနဉ္စရူပါနံ ဟူသောသမ္ပဒါနိ ပါဠိဖြင့်၊ သာဓိပတိဧောငါးဆဲ့နှစ်ခု-ဆန္ဒ, ဝိစိကိစ္ဆာကြည်သော စေတ သိက်ပညာသ သာဓိပတိ စိတ္တဇရုပ်-ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဆက်ဆန်သော်လည်း၊ နွားခြေဖိခ်ိုသာ "အထင်ရုဒ္ဓိ" အားဖြင့်တင်စား၍ "ဂန္ဓတိတိဂေါ" ဟူသည်နှင့်အညီ "ဂေါ" ဟု ဆိုသည်။

အတွင်ရုဒ္ဓိ၊

(၂) တစုံတခုသောသကတ်အနက်ကို ဖွဲ့၍ နာမပညတ်ကို ရ၏။ ထိုနာမပညတ်သည် သကတ်အနက်ပင် ပျောက်သော်လည်း၊ ပျောက်ကွယ်၍ မသွားပဲ၊ ရှေးအတိုင်းတွင်နေခြင်းသည် 'အတွင်ရုဒ္ဓိ" မည်၏။

သကတ္ထကြောင့်၊ ရသောပညတ်၊ သကတ်ပျောက်လျက်၊
မည်မပျက်သည်၊ သက်သက် "အတွင်ရုဒ္ဓိ" တည်း။

ဘုရားကြီးနိယံ။

ဥဒ်းပါဠိုးအုံ့ ။ "ပုံ့ခိုရယ်ဂလတိဂန္ဓတိတိပုဂ္ဂလော" ဟူသည်နှင့် အညီ၊ ငရဲသို့ သွားတတ်သောကြောင့် 'ပုဂ္ဂိုလ်" ဟု ဆိုး၏။ အရိယာ မျိုးကိုလည်း။ "ပုဂ္ဂိုလ်" ဟု ခေါ်ဆိုနေရာ။ အရိယာပုဂ္ဂိုလ်ဘို့သည် ငရဲသို့ သွားခြင်းမယှိကုန်။

ယင်းသို့မယှိကုန်သော်လည်း။ ပုထုဇဉ်ဖြစ်စဉ်က ငရဲသို့ သွားဘူး လေရကား။ သို့ သွားဘူးသောကြောင့် ပုထုဇဉ်ဘဝက ရအပ်သော "ပုဂ္ဂိုလ်' ဟူသောအမည်သည်။ အရိယာဖြစ်၍ ငရဲသို့ သွားခြင်းမယှိ သော်လည်း တွင်လျက်နေသောကြောင့် အရိယာတို့ကိုပင် "အတွင် ရုဒ္ဓိ" အားဖြင့် "ပုဂ္ဂိုလ်" ဟုခေါ်ဆိုရလေသည်။ (ဂင်းကို "ဘူတပုဗ္ဗဂတိ ကနည်း" ဟု ခေါ်ဆိုရလေသည်။)

အဓိပတိပစ္စယေနနှင့်-ဟူသောကရိုဏ်းပါဠိဖြင့်တပြိုင်နက်ယထာရဟ တပ်ကောင်းသော။ အဓိပတိ,သဟဇာတ,အညမညနိဿယ,ဝိပါက, သမ္ပယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ,ဤ(၉)ပစ္စယာသင်္ခါတို့တွင် အဓိပတိ သင်္ခါဟုဆိုအပ်သော သင်္ခါဝိသေသဖြင့် ကျေးဇူးပြုဟန်ကိုပြတော်မူ၏။

ပဿုကာလ"မြှိုအုပ်"ဖြစ်ဘူးသောသူသည် ပင်စင်ယူသော်၎င်း။တ စုံတခုသော အကြောင်းကြောင့် ရာထူးကျသော်၎င်း။မြှိုအုပ်ဝတ္တရား ထင်ရှားမယှိသော်လည်း"မြှိုအုပ်ကြီး"ဟူ၍ ပင် ခေါ်ဆိုကြလေသည်။ သို့ခေါ်ဆိုခြင်းကို"**အတွင်ရဟန်း**"ဟု မှတ်ရမည်။

အဘင်ရဟန်း

(၃) ကရဏာ||,ဖလူ၊ သဒ္ဓိသျှင့်ဌာန,ဌာ||ဂုဏာ||,ဇကခေ၊
သမိပေ,သဒ္ဓမ္မ၊ ဘေဒ-ထည့်ပြား၊ ယင်းဆယ်ပါး၊ မှတ်သားဥပစာ။

ဟူသောဥပစာ(၁၀)ပါးသည် "**အဘင်ရဟန်း**"မည်၏။

ထိုတွင် အဓိဝစနံ,နာမံ,သဒ္ဒါတို့ဖြင့် ပြအပ်သောအရာသည်အထင် ရဟန်းနှစ်မျိုးတို့တွင် "**ဒုဘီယအဘင်ရဟန်း**"ဟု မှတ်ယူရာသတည်း။

ဆန္ဒာဓိပတိဆိုရိုးဌမှတ်သားဘွယ်။

(မေး) ဆန္ဒာဓိပတိဆိုရိုးဌ၊ကတ္တားပါဠိအရေကောက်ဝယ် "သာဓိပ တိဧော ငါးဆဲ့နှစ်ခုဌယှိသော ဆန္ဒာဓိပတိ" ဟု အရေကောက် ဆရာ တော် မိန့်ဆိုတော်မူ၏။ ဆန္ဒစေတသိက်သည်၊

ဆန္ဒောအဟေတုကမောမူဟဝဇ္ဇိတစိဏ္ဏော

ဟု သင်ကြားပို့ပို့လက်သန်း အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသောကြောင့်။

အဟိတ်စိတ်တဆဲ့ရှစ်ခု,မောဟနှင့်ဒွေကြည်သောတခုယုတ်ခုနှစ်ဆယ် သောစိတ်ဌယှိသောဆန္ဒာဓိပတိ

ဟု ဆိုသင့်သည်မဟုတ်ပါသော၊အဘယ့်ကြောင့်မဆိုပါသနည်း။

(ဖြေ) ဆန္ဒစေတသိက်သည် အဟိတ်စိတ်တဆဲ့ရှစ်ခု မောဟမှုနှင့် ကြည်သော စိတ်တခုယုတ်ခုနှစ်ဆယ်တို့ဌ ယှဉ်သည်မှန်ပါသော်လည်း

ဆန္ဒာဓိပတိဆိုရိုး။

(တနည်းကား။)

(၁) သမ္မယုတ္တကုသလာ,သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဆန္ဒာဓိပတိဖြစ်အံ့။ အဓိပတိ,သဟဇာတ,ဒိသဟယ,အတ္ထိ,အဝိဂတ-ဤ(၅)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိပေတည်။

(၂) သမ္မယုတ္တကုသလာအားသားတပ်သော ဆန္ဒာဓိပတိဖြစ်အံ့၊အဓိပတိ,သဟဇာတ,အညမညဒိသဟယ,သမ္ဗယုတ္တ,အတ္ထိ,အဝိဂတ–ဤ(၇)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိပေတည်။

(၃)သာဓိပတိစိတ္တဇရုပ်အားတပ်သော ဆန္ဒာဓိပတိဖြစ်အံ့။အဓိပတိ သဟဇာတ ဒိသဟယ,ဝိပဿယုတ္တ,အတ္ထိ အဝိဂတဤ(၆)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သောသတ္တိပေတည်(ပေါင်းအပ်ပါက(၃)ချက်၊

သာဓိပတိဇော(၅၂)ရမ္မကြွင်းသော(၁၇)ရသောစိတ်တို့နှင့်ယှဉ်သော ဆန္ဒစေတသိက်သည် သဟဇာတာဓိပတိပစ္စည်း မထိုက်ပေ။

မိုဟိတ်ဇော(၁၀၈)ရ တိဟိတ်ဇော(၃၄)ရဟုဆိုအပ်သော သာဓိပတိဇော(၅၂)ရတို့၌ရှိယှိသော ဆန္ဒစေတသိက်သည်သာ၊ သဟဇာတာဓိပတိ ပစ္စည်းထိုက်လေသည်၊ ထို့ကြောင့်

" သာဓိပတိဇော (၅၂) ရှိယှိသောဆန္ဒာဓိပတိ "

ဟု အရေကောက်ဆရာတော် မိန့်ဆိုတော်မူခြင်းဖြစ်ပါသည်။

သဟဇာတာဓိပတိပစ္စည်းမတိုက်ခြင်းအကြောင်း။

ဤ၌ သာဓိပတိဇော (၅၂)ရမ္မ ကြွင်းသော (၁၇)ပါးသောစိတ်ဆိုသည်မှာ မဟာဝိပါက်စိတ်(၈)ရ,မဟဂ္ဂုတ်ဝိပါက်(၉)ရအားဖြင့်(၁၇)ပါးဖြစ်ပါသည်။

(မေး) ဤ(၁၇)ပါးသော စိတ်တို့ရှိယှိသော ဆန္ဒစေတသိက်သည် အဘယ်ကြောင့် သဟဇာတာဓိပတိပစ္စည်းမထိုက်ပါသနည်း၊

(ဖြေ) အဆိုပါ(၁၇)ပါးသော ဝိပါက်စိတ်တို့သည် ပဋိသန္ဓေအခါ၌အဓိပတိပစ္စည်းလုံးလုံးမရသည့်အပြင်။ပဝတ္တိအခါ၌ဆန္ဒ ဝေဒနာကဲ့

နာမကမ္မံနသိဒ္ဓတိ ..... ဟု ဆန္ဒကို အကြီးအမှူးပြု၍, မပြစ်နိုင်သော ကြောင့် ဤ (၁၇) ပါးသော စိတ်တို့ဖြင့်ယှဉ်သော ဆန္ဒစေတသိက်သည် သဟဇာတာဓိပတိ ပစ္စည်းမထိုက်ပါ။

အဓိပတိပစ္စည်းနှင့်သဘာဝပစ္စည်းထုတ်ပုံ။

အဓိပတိပစ္စည်းနှင့် သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိ နှစ်ပါးလုံးတို့နှင့်ဆက်ဆန်သောသဘာဝပစ္စည်းမျိုးမှာ(၁၅)ပစ္စည်းယှဉ်ပေ၏။ အဆိုပါ(၁၅)ပစ္စည်းတို့ကို အောက်ပါလက်ဝဖြင့် ကောင်းစွာမှတ်သားကြရာ၏။

ဟေ, အာ, သ, အ, နိ, ဥပ နှင့်, ပုရ, ဝိပါ,
အာ, ဇုန်, မဂ်, သမ်, ဝိပွ, အဒ္ဓိ, ဆဲ, ဂ်ားယှိ
ဓိပတိသဘာဝါ။ (အရဆောင်)

အဆိုပါ(၁၅)ပစ္စည်းတို့ကို သဟဇာတာဓိပတိနှင့် ဆိုင်သော(၁၂) ပစ္စည်း။ အာရမ္မဏာဓိပတိနှင့်ဆိုင်သော(၇)ပစ္စည်းဟူ၍, အသီးအသီး ခွဲခြားမှတ်သားရာ၏။ ထိုတွင် သဟဇာတာဓိပတိနှင့်ဆိုင်သော(၁၂) ပစ္စည်းတို့ကို။

ဟေ, သ, အ, နိ, ဝိ, အာ, ဇုန်, မဂ်, သမ်စွက်ဝိပွ,
အ, အပေါင်းထည့်, ဆဲ, နှစ်ယှိ, သဓိသဘာဝါ

ဟူသောလက်ဝဖြင့် သိမှတ်ကြရာ၏။

အာရမ္မဏာဓိပတိနှင့်ဆိုင်သော(၇)ပစ္စည်းတို့ကို။

အာ, နိ, ဥပ, ပုရ, ဝိပွ, အနှစ်တန်ထည့်, သဇ္ဇယှိ,
အာဓိသဘာဝါ

ဟူသောလက်ဝဖြင့် သိမှတ်ကြရာ၏။

ယင်းသို့ခွဲခြားဝေဘန်ပြီး၍, သဟဇာတာဓိပတိနှင့်ဆိုင်သော(၁၂) ပစ္စည်းတို့တွင်။ ဆန္ဒာဓိပတိနှင့်ဆိုင်သော ပစ္စည်းကား (၈) ပစ္စည်းတို့ တည်း။ ထို(၈)ပစ္စည်းတို့ကို။

(၄) သမ္မယုက္ကုန္ဓာ,သာဓိပတိစိတ္တဇရုပ်အားတပ်သော၊ဖိုလ်လေးခုဖြစ်ယှိသော ဆန္ဒာဓိပတိဖြစ်အံ့။အဓိပတိ,သဟဇာတ,နိဿယ,ဝိပါက,အတ္ထိ,အဝိဂတ-ဤ(၆)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိပေတည်။

(၅) သမ္မယုတ္တပ္ပန္ဓာအားသာ တပ်သော ဖိုလ်လေးခုဖြစ် ယှိသော ဆန္ဒာဓိပတိဖြစ်အံ့။ အဓိပတိ,သဟဇာတ, အညမညဝိပ္ပယုတ္တ, နိဿယ,ဝိပါက, သမ္မယုတ္တ,အတ္ထိ,အဝိဂတ-ဤ(၈)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိ ဟု ဆိုအပ်သော သတ္တိပေတည်။

(၆) သာဓိပတိစိတ္တဇရုပ်အားတပ်သော ဖိုလ်လေးခုဖြစ်ယှိသောဆန္ဒာဓိပတိဖြစ်အံ့။ အဓိပတိ,သဟဇာတ,နိဿယ,ဝိပါက,ဝိပ္ပယုတ္တ,အတ္ထိ,ဒုဝိဂတ-ဤ(၅)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိပေတည်ဖြင့်ကျေးဇူးပြုဟန်ကိုပြဘော်မူ၏။(ပေါင်းသင်ပါဂ(၃)ချက်ပေါင်း ဆန္ဒာဓိပတိ ဃဋနာ(၆)ချက်။)

သ.ဘ,နိ,ဝိ၊ သမ္ပ,ဝိခုဒ် ဘဒ္ဒိမှတ်ကြ၊
ပေါင်းအဋ္ဌ၊ ဆဋ္ဌသဘာဂါ

ဟူသောလက်ဘဖြင့် သိမှတ်ကြရာ၏။

ဆန္ဒာဓိပတိပစ္စည်းပြိုင်တရား(၃)ပုံ။

အဓိပတိပစ္စည်းသည် ပဝတ္တိအခါ၌သာ ဖြစ်သောကြောင့်၊ အာဝဇ္ဇန်(၃)ချက်။ သဝိပါက (၃)ချက်အားဖြင့် (၆)ချက်သာ ပစ္စည်းပြိုင်နှင်လေသည်။ တရား(၃)ပုံ ပုံနည်းမှာ။

(၁) သမ္မယုတ္တက္ကုန္ဓာ သာဓိပတိစိတ္တဇရုပ် တပုံ။
(၂) သမ္မယုတ္တက္ကုန္ဓာ တပုံ။
(၃) သာဓိပတိစိတ္တဇရုပ် တပုံ။
ဤသို့အားဖြင့် (၃)ပုံ ပုံရာသည်။

ဝိရိယာဓိပတိဆိုရိုး။

(၂) ဝိရိယာဓိပတိ.....ဟူသော ကရားပါဠိဖြင့်၊ သာဓိပတိ ဟော (၅၂)ရုဒ္ဓိယျိသော ဝိရိယာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။

ဝိရိယာသမ္ပယုတ္တကာနံမျှောနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ဟူသောသမ္ပဒါနပါဠိဖြင့်၊ သာဓိပတိဟော(၅၂)ခု၊ ဝိရိယ,ဝိစိကိစ္ဆာကြည်သော စေတသိက်ပညာသ၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အဓိပတိပစ္စယေန .....ဟူသော ကရိုက်ပါဠိဖြင့် တပြိုင်နက် ယထာရဟာတပ်ကောင်းသော။ အဓိပတိ,သဟဇာတ အညမညဿ,နိဿယ, ဝိပါက,ဈာန်ယ, မဂ္ဂ, သမ္ပယုတ္တ ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ,-ဤ(၁၁)ပစ္စယသတ္တိတို့တွင် အဓိပတိပစ္စယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(တနည်းကား။)

(၁) သမ္ပယုတ္တကွန္ဓာသာဓိပတိစိတ္တဇရုပ်အားတပ်သောဝိရိယာဓိပတိဖြစ်ခဲ့။ အဓိပတိ,သဟဇာတ, နိဿယ, ဈာန်ယ မဂ္ဂ,အတ္ထိ အဝိဂတ ဤ(၇)ပစ္စယသတ္တိတို့တွင်အဓိပတိသတ္တိဟုဆိုအပ်သောသတ္တိဝိသေသ။

ဆန္ဒာဓိပတိပစ္စည်းပြိုင်ဇယား။

ဦးရေ	ပစ္စည်း	ပစ္စယုပ္ပန်	ပြိုင်နိုင်သောပစ္စည်းများ။		သင်္ချာ
၁	ဆန္ဒာဓိပတိ	သမ္ပယုတ္တကွန္ဓာသာဓိပတိ	အဓိပတိ,သဟဇာတ,နိဿယ,အတ္ထိ,		
		စိတ္တဇရုပ်	အဝိဂတ	။	၅
၂	။	သမ္ပယုတ္တကွန္ဓာ	အညမည,သမ္ပယုတ္တ	။	၇
၃	။	သာဓိပတိစိတ္တဇရုပ်	ဝိပ္ပယုတ္တ	။	၆
			ပေါင်း	အဓိပါက	၃
၄	ဗီရိယဓိပတိသော ဆန္ဒာဓိပတိ	သမ္ပယုတ္တကွန္ဓာသာဓိပတိ	အဓိပတိ,သဟဇာတ,နိဿယ,ဝိပါ		
		စိတ္တဇရုပ်	က,အတ္ထိ,အဝိဂတ		၆
၅	။	သမ္ပယုတ္တကွန္ဓာ	အညမည,သမ္ပယုတ္တ		၈
၆	။	သာဓိပတိစိတ္တဇရုပ်	ဝိပ္ပယုတ္တ		၇
			ပေါင်း	သဝိပါက	၃

(၂) သမ္မယုတ္တကျွန္ဟာအားသာတပ်သော ဝိရိယာဓိပတိဖြစ်အံ့၊ အဓိပတိ,သဟဇာတ,အညမညဿ ဒိသယ,ဣန္ဒြိယ မဂ္ဂ,သမ္မယုတ္တ အတ္ထိ,အဝိဂတ ဤ(၉)ပစ္စယာသင်္ဂြိုဟ်တို့တွင် အဓိပတိသင်္ဂြိုဟ် ဆိုအပ်သော သင်္ဂြိုဟ်ပေသည်။

(၃) သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝိရိယာဓိပတိ ဖြစ်အံ့။ အဓိပတိ,သဟဇာတ,ဒိသယ,ဣန္ဒြိယ,မဂ္ဂ ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ဤ-(၇)ပစ္စယာ သင်္ဂြိုဟ်တို့တွင် အဓိပတိသင်္ဂြိုဟ် ဆိုအပ်သော သင်္ဂြိုဟ်ပေသည်။ {ပေါင်းအဝိပါက(၃)ချက်။}

(၄) သမ္မယုတ္တကျွန္ဟာ,သာဓိပတိ စိတ္တဇရုပ်အား သာတပ်သော ဖိုလ်လေးချဉ်ယှဉ်သော ဝိရိယာဓိပတိဖြစ်အံ့။ အဓိပတိ,သဟဇာတ,ဒိသယ,ဝိပါက,ဣန္ဒြိယ,မဂ္ဂ,အတ္ထိ အဝိဂတ,ဤ(၇)ပစ္စယသင်္ဂြိုဟ်တို့တွင်အဓိပတိသင်္ဂြိုဟ် ဆိုအပ်သော သင်္ဂြိုဟ်ပေသည်။

(၅) သမ္မယုတ္တကျွန္ဟာအားသာတပ်သော ဖိုလ်လေးချဉ်ယှဉ်သော ဝိရိယာဓိပတိဖြစ်အံ့။ အဓိပတိ,သဟဇာတ,အညမညဿ,ဒိသယ,ဝိပါက,ဣန္ဒြိယ,မဂ္ဂ,သမ္မယုတ္တ,အတ္ထိ,အဝိဂတ-ဤ(၁၀)ပစ္စယသင်္ဂြိုဟ်တို့တွင် အဓိပတိသင်္ဂြိုဟ် ဆိုအပ်သော သင်္ဂြိုဟ်ပေသည်။

(၆) သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဖိုလ်လေးချဉ်ယှဉ်သော ဝိရိယာဓိပတိဖြစ်အံ့၊ အဓိပတိ,သဟဇာတ,ဒိသယ,ဝိပါက,ဣန္ဒြိယ,မဂ္ဂ,ဝိပ္ပယုတ္တ,အတ္ထိ အဝိဂတ,ဤ(၉)ပစ္စယသင်္ဂြိုဟ်တို့တွင် အဓိပတိသင်္ဂြိုဟ်ဟု ဆိုအပ်သောသင်္ဂြိုဟ်ပေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ {ပေါင်းသဝိပါက(၃)ချက်။}

ဝိရိယာဓိပတိအရေကောက်၌မှတ်သားဘွယ်၊

ပဋ္ဌာန်းအရေကောက်ကြီး၌။ ဝိရိယာဓိပတိဟူသော ကတ္တားပါဠိဖြင့် ဝိရိယာဓိပတိပစ္စည်းတရားကို ပြတော်မူ၏,ဟု သာမန်မြန်ဆိုတော်မူ၏။

သာဓိပတိတော(၅) ရှိယုံသာ ဝိရိယာဓိပတိပစ္စည်း
တရားကိုပြတော်မူ၏။

ဟု ဆိုရိုးပြုပါမှသာ ဗိုဒိုသင့်တော်ဘွယ်ယုံပေသည်။

(မေး) ဝိရိယစေတသိက်သည် .....ဝိရိယံပဋ္ဌမိုရာဝဇ္ဇနဿ, ဒုပ္ပဋိပဏ္ဍိတ

(၃) စိတ္တာဓိပတိ.....ဟူသောကတ္တား၊ပါ၏ဖြင့်။သာဓိပတိဧော(၅၂) ရဟု ဆိုအပ်သော စိတ္တာဓိပတိပစ္စည်း၊တရား၊ကို ပြတော်မူ၏။

စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ .....ဟူသော သမ္ပ ဒါနိပါ၏ဖြင့်။ ဝိဘင်္ဂဿာ၊ကြ၏သော စေတသိက် ကေပညာသ,သာဓိပ တိစိတ္တဇရုပ်ပစ္စယုပ္ပန်တရား၊ကို ပြတော်မူ၏။

အဓိပတိပစ္စယေန.....ဟူသော ကရိယား၊ပါ၏ဖြင့် တပြိုင်နက် ယထာ ရဟာတပ်ကောင်းသော၊ အဓိပတိ, သဟဇာတ, နိဿယ, ဝိပါက,အာ ဟာရ,ဣန္ဒြိယ,သမ္ပယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ-၅၂(၁၀)ပစ္စယသတ္တိ တို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူး၊ပြု ဟန်ကို ပြတော်မူ၏။

ဏ,သမ္ပဋိစ္ဆနနဲ့ သန္တီရဏဝေါဋ္ဌပနစိတ္တေသု ...ဟု သင်္ဂြိဟ်လက်သန်း၊အခ္ခ ကထာ၌ ပါနှိုးဆိုတော်မူသော၊ကြောင့်၊ ပဋ္ဌာန်ဂါဟ ပဋ္ဌန်း၊စသည့် ကြဉ်သော (၇၃)ပါး၊သော စိတ်တို့၌ယှဉ်သော ဝိဂရိယာဓိပတိဟု ဆိုရှိ၊ပြုသင့်သည် မဟုတ်ပါ၊လော။အဘယ် ကြောင့်ယင်း၊သို့ဆိုရှိ၊ပြု၊တော်မမူပါသနည်း။

(ဖြေ) သာဓိပတိဧော(၅၂)ရမှတပါး၊သော (၂၁)ပါ၊သော စိတ် တို့၌ယှဉ်သော ဝိရိယ၊စေတသိက်သည်၊သဟဇာတာဓိပတိပစ္စည်း၊မတပ် သော၊ကြောင့်၊ ယင်း၊သို့ဆိုရှိ၊ပြု၊တော်မမူခြင်း ဖြစ်ပါသည်။

(၂၁)ပါ၊သောစိတ်ဆိုသည်မှာ၊မောဟမူဒွေး၊မနောဓါတုဝစ္ဆန်း,ဟ သိတုပ္ပါဒ်မဟာဝိပါက်စိတ်၄စ်ခု၊ မဟဂ္ဂုတ်ဝိပါက်(၉)ခု၊ဤသို့အား၊ဖြင့် (၂၁)ပါ၊ဖြစ်ပါသည်။

(သာဓိပတိဧောမှတပါ၊သောစိတ်တို့၌ယှဉ်သောဆန္ဒ,ဝိရိယ,စိတ္တ,ဝိမံသတို့၏သဟ ဇာဘာဓိပတိပစ္စည်း၊မတပ်ခြင်း၊အကြောင်း၊ကို နောက်ကပ်ဆိုခဲ့ပြီ၊)

ထို့ကြောင့်။

သာဓိပတိဧော(၅၂)ရ၌ယှဉ်သောဝိရိယ၊ဓိပတိ

ဟူ၍သာ ဆိုရှိ၊ပြုသင့်လေသည်။

(တနည်းကား။)

(၁) သမ္ပယုတ္တဃနာ သာဓိပတိစိတ္တဇရုပ်အား၊တပ်သော စိတ္တာ ဓိပတိဖြစ်အုံ၊ အဓိပတိ,သဟဇာတ,နိဿယ,အာဟာရ ဣန္ဒြိယ,အတ္ထိ,အဝိဂတ-ဤ(၇)ပစ္စယာသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၂) သဠယုတ္တကဃနာ အားသာတပ်သော စိတ္တာဒေါ ဓိပတိဖြစ်အုံ၊အဓိပတိ, သဟဇာတ, အညမညဿ, နိဿယ, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ,အဝိဂတ-ဤ(၉)ပစ္စယ(လ)သတ္တိဝိသေသ။

ဒီဃဝါဒိပတိသဘာဝ(၁၀)ပစ္စည်းတို့ကို
ဆွန်းပြခြင်း၊

ပြဆိုအပ်ခဲ့ပြီးသော သဟဇာတာဓိပတိ သဘာဝ (၁၂)ပစ္စည်းတို့တွင် ဝိဂရိယာဓိပတိနှင့်ဆက်ဆန်သော သဘာဝပစ္စည်းမှာ(၁၀)ပစ္စည်းယှဉ်ပေ၏။ ၎င်း(၁၀)ပစ္စည်းကို။

သ,အ,နိ,ဝိ,ဣ,မဂ်,သမ္ပ,ဝိပ္ပ,အဒ္ဓိ,ဘသယှိ,
ဝိရိယသဘာဝါ

ဟူသောလက်ဘဖြင့် သိမှတ်ရာ၏။

ထိုဝိရိယာဓိပတိသဘာဝ (၁၀)ပစ္စည်းတို့ကို လေ့လာသိယှိပါက ဂဃရိတ်းပါ၌ သာမညအရကောက်ဆိုချိုးကို ပိုင်နိုင်စွာ ဆိုရိုးပြုနိုင်မည် ဖြစ်ပေသည်။

ဝိရိယာဓိပတိပစ္စည်းဖြိုင်တရား(၃)ပုံ။

ဝိရိယာဓိပတိ၌ အဝိပါက(၃)ချက်။သဝိပါက(၃)ချက်အား၊ဖြင့်(၆)ချက်ယှိရာ။ ၎င်း(၆)ချက်အတွက် တရား(၃)ပုံ ပုံရာသည်။

(၃)ပုံ ဆိုသည်မှာ။

(၁) သမ္ပယုတ္တကဃနာ သာဓိပတိစိတ္တဇရုပ်ဘပုံ။

(၂) သမ္ပယုတ္တကဃနာ တပုံ။

(၃) သာဓိပတိစိတ္တဇရုပ် တပုံ။

ဤသို့အားဖြင့်(၃)ပုံ ဖြစ်လေသည်။

(မှတ်ချက်။ ။စိတ္တာဓိပတိ, ဝိမံသာဓိပတိတို့၌လည်း၊ ယင်းနည်းအတူ (၃)ပုံစီ ပုံရာသည်။)

(၃) သာဓိတိစိတ္တဇရုပ်အားတပ်သော စိတ္တာဓိပတိဖြစ်အံ့။အဓိပတိ, သဟဇာတ, နိဿယ, အာဟာရ, ဣန္ဒြိယ.ဈာနင္ဟု အတ္ထိ,အဝိဂတ-ဤ(ဂ)ပစ္စယသတ္တိ(လ)သတ္တိရှိသေသ။ {ပေါင်းအဝိပါက(၃)ချက်,}

(၄) သမ္မယုတ္တဃနာ,သာဓိပတိစိတ္တဇရုပ်အားတပ်သော ဖိုလ်လေးခုဟုဆိုအပ်သော စိတ္တာဓိပတိဖြစ်အံ့၊အဓိပတိ,သဟဇာတ,နိဿယ,ဝိပါက,အာဟာရ,ဣန္ဒြိယ,အတ္ထိ.အဝိဂတ-ဤ(ဂ)ပစ္စယသတ္တိ(လ)သတ္တိရှိသေသ။

(၅) သမ္မယုတ္တဃနာအား (လ)စိတ္တာဓိပတိဖြစ်အံ့၊ အဓိပတိ,သဟဇာတ,အညမညနိဿယ,ဝိပါက အာဟာရ.ဣန္ဒြိယ,သမ္မယုတ္တ,အတ္ထိ, အဝိဂတ-ဤ(၁၀)ပစ္စယသတ္တိ(လ)သတ္တိရှိသေသ။

(၆) သာဓိပတိစိတ္တဇရုပ် (လ)စိတ္တာဓိပတိဖြစ်အံ့။ အဓိပတိ.သဟဇာတ,နိဿယ,ဝိပါက,အာဟာရ. ဣန္ဒြိယ,ဈာနင္ဟု.အတ္ထိ အဝိဂတ, ဤ(၉)ပစ္စယသတ္တိ (လ)သတ္တိရှိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ {ပေါင်းသဝိပါက(၃)ချက်။}

ဝိရိယာဓိပတိပစ္စည်းပြုင်ဇယား။

ဦးရေ	ပစ္စည်း	ပစ္စယုပ္ပန်	ပြုင်နိုင်သောပစ္စည်းများ		သင်္ချာ
၁	ဝိရိယာဓိပတိ	သမ္မယုတ္တဃနာသာဓိပတိ	အဓိ, သဟ,နိဿယ, ဣန္ဒြိယ, မဂ္ဂ		
		စိတ္တဇရုပ်	အတ္ထိ,အဝိဂတ	။	၇
၂	။	သမ္မယုတ္တဃနာ	အညမည,သမ္မယုတ္တ	။	၉
၃	။	သာဓိပတိစိတ္တဇရုပ်	ဝိပ္ပယုတ္တ	။	၈
			ပေါင်း	အဝိပါက	၃
၄	ဖိုလ်ဌယိသော	သမ္မယုတ္တဃနာသာဓိပတိ	အဓိ,သဟ,နိဿယ,ဝိပါက,ဣန္ဒြိယ,		
	ဝိရိယာဓိပတိ	စိတ္တဇရုပ်	မဂ္ဂ,အတ္ထိ,အဝိဂတ		၈
၅	။	သမ္မယုတ္တဃနာ	အညမည,သမ္မယုတ္တ		၁၀
၆	။	သာဓိပတိစိတ္တဇရုပ်	ဝိပ္ပယုတ္တ		၉
			ပေါင်း	သဝိပါက	၃

ဝိမံသာဝိပတိဆိုရိုး။

ဝိမံသာဝိပတိ.....ဟူသောကဏ္ဍားပါ၌ဖြင့် (သာဝိပတိတိဟိတ်ဧော (၃၄)ရှိ၍ယို့သော) ဝိမံသာဝိပတိပစ္စည်းတရားကို ပြတော်မူ၏။

ဝိမံသသမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ဟူသော သမ္ပယုတ်နှင့်ပါ၍ဖြင့်၊သာဝိပတိတိဟိတ်ဧော(၃၄)ရှိဝိမံသကြည့်သောစေတသိက်သတ္တတိ"သ-သာဝိပတိစိတ္တဇရူပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

စိတ္တာဝိပတိသဘာဂ(၁၀)ပစ္စည်းကို ညွှန်းပြချက်။

ပြဆိုဇယ်ခဲ့ပြီးသော သဟဇာတာဝိပတိ သဘာဂ (၁၂)ပစ္စည်းတို့တွင် စိတ္တာဝိပတိနှင့် ဆက်ဆန်သော သဘာဂပစ္စည်းမှာ(၁၀)ပစ္စည်းယို့သေသည်။ ၎င်း(၁၀)ပစ္စည်းကို

သ,အ,နိ,ဝိ၊ အာ,ဈ,သမ္ပ၊ ဝိပ္ပ,အတ္ထိ၊ အဝိဂတ၊
ပေါင်း၁သ၊ စိတ္တသဘာဂါ။

ဟူသောလက်ဘဖြင့် သိမှတ်ရာ၏။

စိတ္တာဝိပတိပစ္စည်းပြောင်းပုံယား။

ဦးရေ	ပစ္စည်း၊	ပစ္စယုပ္ပန်၊	ပြောင်းရွှင်သောပစ္စည်းများ။	သင်္ချာ
၁	စိတ္တာဝိပတိ	သမ္ပယုတ္တကွန်ရာသာဝိပတိ	အဓိ,သဟ,နိဿယ,အာဟာရ,ဈာ	
		စိတ္တဇရူပ်	ယ,အတ္ထိ,အဝိဂတ	၇
၂	။	သမ္ပယုတ္တကွန်ရာ	အညမညသမ္ပယုတ္တ	၉
၃	။	သာဝိပတိစိတ္တဇရူပ်	ဝိပ္ပယုတ္တ	၈
			ပေါင်း အဝိပါက-	၃
၄	ဖိုလ်လေးခု	သမ္ပယုတ္တကွန်ရာသာဝိပတိ	အဓိ,သဟ,နိဿယ,ဝိပါက,အာဟာ	
		စိတ္တဇရူပ်	ရ,ဈာန်ယ,အတ္ထိ,အဝိဂတ	၈
၅	။	သမ္ပယုတ္တကွန်ရာ	အညမညသမ္ပယုတ္တ	၁၀
၆	။	သာဝိပတိစိတ္တဇရူပ်	ဝိပ္ပယုတ္တ	၉
			ပေါင်း သဝိပါက-	၃

အဓိပတိပစ္စယော.....ဟူသော ကရိုဏ်းပါဠိဖြင့် တပြိုင်နက် ယထာ ရဟာတပ်ကောင်းသော အဓိပတိ, ဟေတု, သဟဇာတ, အညမညဿ နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤ ၁ ၂)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ကနည်းကား။)

သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရူပ်အား တပ်သော ဝိမံသာဓိပတိ ဖြစ်အံ့ အဓိပတိ, ဟေတု, သဟဇာတ, နိဿယ, ဣန္ဒြိယ, မဂ္ဂ, အတ္ထိ အဝိဂတ-ဤ (၇)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ၊

သမ္ပယုတ္တက္ခန္ဓာအား သာ တပ်သော ဝိမံသာဓိပတိဖြစ်အံ့။ အဓိပတိ, ဟေတု, သဟဇာတ, အညမညဿ, နိဿယ, ဣန္ဒြိယ, မဂ္ဂ သမ္ပယုတ္တ, အတ္ထိ'အဝိဂတ, ဤ-(၁ ၀)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ။

သာဓိတိစိတ္တဇရူပ်အား တပ်သော ဝိမံသာဓိပတိဖြစ်အံ့။ အဓိပတိ, ဟေတု, သဟဇာတ, နိဿယ, ဣန္ဒြိယ, မဂ္ဂ, ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ-ဤ (၉)ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော အတ္ထိဝိသေသ။ {ပေါင်းအဝိပါက(၃ ချက်။}

သမ္ပယုတ္တက္ခန္ဓာ-သာဓိပတိ စိတ္တဇရူပ်အား တပ်သော ဖိုလ်လေးခုဌာယိသော ဝိမံသာဓိပတိဖြစ်အံ့။ အဓိပတိ, ဟေတု, သဟဇာတ, နိဿယ, ဝိပါက ဣန္ဒြိယ, မဂ္ဂ အတ္ထိ, အဝိဂတ, ဤ (၉) ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ။(အကြွင်းကိုနည်းမှီ၍ ဆိုလေ) ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဝိမံသာဓိပတိကတ္တားပါဠိအရကောက်ခ်ဋ္ဌ
မှတ်သားဘွယ်။

ပဋ္ဌာန်းအရကောက်ကြီးခ်ဋ္ဌ (ဝိမံသာဓိပတိ.....ဟူသော ကတ္တားပါဠိ ဖြင့် ဝိမံသာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။)ဟု သာမန်ဆိုရိုးပြု တော်မူ၏။

ယင်းသို့ပြုသော်လည်း။

ဒိမံသာဒိပတိ... ဟူသောကတ္တားပါဒ်ဖြင့်၊ သာဒိပတိတိဟိတ်ဧော
(၃၄)ရှိသော်မံသာဒိပတိပစ္စည်းတရားကိုပြတော်မူ၏။

ဟု ယင်းသို့သာ ဆိုရိုးပြုသင့်ပေ၏။

အကြောင်းတရားကား။

ပညာဟနဒ္ဓါဒသသုဉာဏသမ္ပယုတ္တကာမာဝစရစိတ္တေသုစေဝ သမ္ဘေသုဒိ
ပဠုဂိ သမဟဂ္ဂတလောကုတ္တရစိတ္တေသုစာတိသတ္တစတ္တာလီသ စိတ္တေသု
သမ္ပယောဂံ ဂစ္ဆတိ

ဟူသောသုတ္တန်ပါဠိတော်သုံးဆယ်ခြောက်ခုကထာ၌ ပိန့်ဆိုတော်မူသောကြောင့် "ပညာ"စေတသိက်သည် ဉာဏသမ္ပယုတ် ကာမာဝစရစိတ်(၁၂)ခု, မဟဂ္ဂုတ်လောကုတ္တရာစိတ် (၃၅) ခုအားဖြင့် (၄၇) ခုသောစိတ်တို့၌ ယှဉ်ရာ သာဓိပတိ တိဟိတ်ဧော(၃၄)ခုမှ တပါးသော (၁၃)ပါးသော စိတ်တို့၌ ယှဉ်သော ပညာစေတသိက်သည် "သဟဇာတာဓိပတိ" ပစ္စည်းမတပ်သောကြောင့်တည်း။

(၁၃)ပါးသော စိတ်ဆိုသည်မှာ။ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် (၄)ခု။ မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ခုအားဖြင့်(၁၃)ပါးသော စိတ်တို့ကို ဆိုလိုသည်။ ထို့ကြောင့် 'သာဓိပတိတိဟိတ်ဧော(၃၄)ခု၌ ယှဉ်သော" ဟူသောဆိုရိုးကိုပဋ္ဌာန်းအရကောက်ကြိုးခ်ိန်ခပ်ဝင်သော်လည်း၊ထည့်သွင်းဆိုရိုးပြုခြင်းက သာလွန် သင့်လျော်ဘွယ်ယှဉ်ပေသတည်း။

ဒိမံသာဒိပတိပစ္စည်းနှင့်သဘာဝထုတ်ပုံ။

ပြဆိုအပ်ခဲ့ပြီးသော သဟဇာတာ ဓိပတိသဘာဝ(၁၂)ပစ္စည်းတို့တွင် ဒိမံသာဓိပတိနှင့် ဆက်ဆန်သော သဘာဝပစ္စည်းမှာ(၁၁)ပစ္စည်းဖြစ်လေသည်။ အဆိုပါ(၁၁)ပစ္စည်းတို့ကို၊

ဟေ,သ,အ,နိ ဝိ,ဇုန်,မဂ်,သံ၊ ဝိပွဲ,အ,အ၊
ဂေါ်ဒသ၊ ဒိမံသသဘာဝါ

ဟူသောလေးဖြင့် သိမှတ်ရာ၏။ထိုဒိမံသသဘာဝ(၁၁)ပစ္စည်းတို့ကို သိယှဉ်ပါမူ။ ကရိယာပါ၌သာမညဆိုရိုးကို ကောင်းစွာသိယှဉ်နိုင်ပေရာသည်။

အာဝရဏဿာဝဓိပတိဆိုရိုး၊

ယံယံဝမ္ပံ .....ဟူသောပါဠိဖြင့်၊ အနိယမအား၊ဖြင့် အလေးအမြတ်ပြု အပ်သော (ပစ္စုပ္ပန်, အတိတ်အနာဂတ်) ဣဋ္ဌဖြစ်သော နိမ္မနုရုပ်အဠာရသ။ ဒေါသမူနွေ မောဟမူနွေ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု၊ ဒေါသ,ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက်လေးဆဲ့ခုနစ်ခု။ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။

ယေယေဓမ္မာ.....ဟူသောပါဠိဖြင့် အနိယမအား၊ဖြင့်၊အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု, မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာဥာဏသမ္ပယုတ်လေးခု, လောကုတ္တရာစိတ်ရှစ်ခု, ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော စေတသိက် လေးဆဲ့ငါးခု၊ အာရုဠကိုက ပစ္စယုပ္ပန်တရားတို့ကို ပြတော်မူ၏။

ဝိမံသာဓိပတိပစ္စည်းပြုဝိဓယား။

ဦးရေ	ပစ္စည်း	ပစ္စယုပ္ပန်၊	ပြုနိုင်သောပစ္စည်းများ။		အရှိန်
၁	ဝိမံသာဓိပတိ	သမ္ပယုတ္တက္ခန္ဓာသာဓိပတိ	ဘဝ,ဟေ,သဟ,နိဿယ, ဣန္ဒြေယ,		
		စိတ္တဇရူပ်	မဂ္ဂ,ဘတ္တိ,အဝိဂတ	။	ဂ
၂	။	သမ္ပယုတ္တက္ခန္ဓာ	အညမည, သမ္ပယုတ္တ	။	၁၀
၃	။	သာဓိပတိစိတ္တဇရူပ်	ဝိပ္ပယုတ္တ	။	၉
			ပေါင်း	သဝိပါက	၃
၄	ဗိုလ်ဒ္ဓယျိသော ဝိမံသာဓိပတိ	သမ္ပယုတ္တက္ခန္ဓာသာဓိပတိ	ဘဝ,ဟေ,သဟ,နိဿယ,ဝိပါက,		
		စိတ္တဇရူပ်	ဣန္ဒြေယ,မဂ္ဂ,ဘတ္တိ,ဘဝိဂတ		၉
၅	။	သမ္ပယုတ္တက္ခန္ဓာ	အညမည, သမ္ပယုတ္တ		၁၁
၆	။	သာဓိပတိစိတ္တဇရူပ်	ဝိပ္ပယုတ္တ		၁၀
			ပေါင်း	သဝိပါက	၃

စိတ္တဇေတသိကာဝမ္မာ ... ဟူသောပါဠိဖြင့်။ အလေးအဖြတ်ပြုတတ်သော အာရမ္မဏိကပစ္စယျပွန် နာမကျွန်နာသရုပ်ကို ပြတော်မူ၏။

တပ်ခိုက်,မတပ်ခိုက်,တပ်နေ,မတပ်နေလေးမျိုး အဓိပ္ပါယ်။

သဟဇာတာဝဓိတိဒ္ဒ၊ (၁)တပ်ခိုက် (၂)မတပ်ခိုက် (၃)တပ်နေ (၄) မတပ်နေအားဖြင့် လေးမျိုးလေးစားခွဲခြားဝေဘန်ရာ၏။ ထိုတွင်

(၁) ကာမဒ္ဓိဟိတ်ဇော,တိဟိတ်ဇော(၂၆)ခုဒ္ဒယှိသော အဓိပတိကို အကြီးအမှုးပြု၍ ဖြစ်သောအခါ "တင်ခိုက်" ဟူ၍ ၎င်း၊ အကြီးအမှုးပြု၍ မဖြစ်သောအခါ "မတင်ခိုက်" ဟူ၍ ၎င်း ခေါ်ဆိုရလေသည်၊

အပ္ပနာဇောဆဋ္ဌိသဒ္ဒ ယှိသော အဓိပတိကို ဇောနအကြီးအမှုးပြု၍ သားဖြစ်သောကြောင့် "တင်နေ" ဟူ၍သာ ခေါ်ဆိုရလေသည်၊

နိဗ္ဗာန်ဓိပတိစိတ်တို့ဒ္ဒယှိသော ဆန္ဒစသည်တို့ကို မည်သည့်အခါမျှ အကြီးအမှုးပြု၍ မဖြစ်သောကြောင့်၊ (၀၊) သဟဇာတာဓိပတိပစ္စည်း မတပ်သောကြောင့် "မတင်နေ" ဟု ခေါ်ဆိုရလေသည်။

ထိုတွင် "တပ်ခိုက်" အဓိပတိကို "အနိယမာဓိပတိ" ဟု ခေါ်၍ "တပ်နေ" အဓိပတိကို "နိယမာဓိပတိ" ဟု ခေါ်ဆိုရလေသည်၊

ရခိုက်,မရခိုက်,ရနေ,မရနေလေးမျိုး အဓိပ္ပါယ်။

ထိုမှတပါး(၁)အဓိပတိပစ္စည်းကို ရခိုက်။ (၂)မရခိုက်။(၃)ရနေ၊(၄) မရနေဟူ၍လည်း(၄)မျိုး ခွဲခြားဝေဘန်ရာ၏။ ထိုတွင်

(၁) ကာမဒ္ဓိဟိတ်ဇော,တိဟိတ်ဇော နာမကျွန်နာ,သာဓိပတိ စိတ္တဇရုပ်တို့မှာ၊ဆန္ဒစသည်တို့ကို အကြီးအမှုးပြု၍ ဖြစ်ခိုက်အဓိပတိပစ္စည်း၏ ကျေးဇူးအပြုကို ခံရသောကြောင့် "ရခိုက်" ဟူ၍ ၎င်း။ ဆန္ဒစသည်တို့ကို အကြီးအမှုးပြု၍ မဖြစ်ခဲ့သည်ယှိသော၊ အဓိပတိပစ္စည်း၏ ကျေးဇူးအပြုကိုမခံရသောကြောင့် "မရခိုက်" ဟူ၍ ၎င်း ခေါ်ဆိုရလေသည်၊

အပ္ပနာဇောဆဋ္ဌိသနာမကျွန်နာ,သာဓိပတိစိတ္တဇရုပ်တို့မှာ၊ဆန္ဒစသည်

တို့ကိုအကြီးအမှားပြု၍ ဖြစ်ကြကုန်ရကား။ကေန်အဓိပတိပစ္စည်း၏ကျေး ဇူးအပြုကိုခံရလေသောကြောင့် 'ရနေ' ဟု၍ သာ ခေါ်ဆိုရလေသည်။

မောဟာမှန်း အဟိတ်ကြိယာစိတ်သုံးခု လောကိုဝိပါက် ဗာဏ္ဍိ သနာမကဉ္ဇာ, နိရာဓိပဘိစိတ္တာဇရုပ်တို့ကို၊ သဟဇာတာဓိပတိ ပစ္စည်း၏ ကျေးဇူးအပြုကို မည်သည့်အခါမျှ မခံရလေသောကြောင့် "မရနေ" ဟု ၍ ခေါ်ဆိုရလေသည်။

ထိုတွင် "ရခိုက်" တရားကို "အနိယမသာဓိပတိ" ဟုခေါ်၍ "ရနေ" တရားကို "နိယမသာဓိပတိ" ဟု ခေါ်ဆိုရလေသည်။

ထိုမှာပါး။(၁)ကေန္ဒာဓိပတိ.(၂)အနေကန္တာဓိပတိ။(၃)ကေန္ဒ သားဓိပတိ။ (၄)အနေကန္တ သာဓိပတိဟူ၍လည်း လေးမျိုးခွဲခြားဝေ ဘန်ရာ၏။

ထိုတွင် "နိယမာဓိပတိ" ကို "ကေန္ဒာဓိပတိ" ဟုခေါ်သည် "အနိယ မာဓိပတိ" ကို "အနေကန္တာဓိပတိ" ဟုခေါ်သည်။ "နိယမသာဓိပတိ" ကို "ကေန္ဒသားဓိပတိ" ဟုခေါ်သည်။ "အနိယမသာဓိပတိ" ကို "အနေ ကန္တသာဓိပတိ" ဟု ခေါ်သည်။

အဓိပတိ(၄)ပါးဖြင့် လောကုတ္တရာတရားကိုဖြစ်စေသော ပုဂ္ဂိုလ်(၄)ဦး။

ဘုရားသျှင် သာသနာတော်၌၊အဓိပတိ(၄)ပါးကို အကြီးအမှားပြု၍ လောကုတ္တရာ တရားကို ဖြစ်စေသော ပုဂ္ဂိုလ်(၄)ဦးယှဉ်ပေ၏။(၄)ဦးဟူ သော်ကား။

(၁) ဆန္ဒကို အကြီးအမှားပြု၍ လောကုတ္တရာတရားကို ဖြစ်စေသော အာသျှင်ရဟန္တာပါလမထေရ်။
(၂) ဝိရိယကို အကြီးအမှားပြု၍ လောကုတ္တရာ တရားကို ဖြစ်စေ သော အာသျှင်သောဏမထေရ်။
(၃) စိတ်ကိုအကြီးအမှားပြု၍ လောကုတ္တရာတရားကိုဖြစ်စေသော အာသျှင်ဿဘမ္ဘူတမထေရ်။

တေးတေးခမ္မာ..... ဟူသော ပါဠိဖြင့်၊ နိယမအားဖြင့် "ယံယံခမ္မံ" ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော အလေးအဖြတ် ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။

တေသံတေသံခမ္မာနံ ... ဟူသောပါဠိဖြင့်၊ နိယမအားဖြင့် "ယေယေ ခမ္မာ" ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော အလေးအဖြတ် ပြုတတ်သော အာရုံမဟာဂီက ပစ္စယုပန်တရားကို ပြတော်မူ၏။

---

(၄) ဝိမံသကို အကြီးအမှူးပြု၍ လောကုတ္တရာတရားကို ဖြစ်စေသော အသျှင်မောဃရာဇာမထေရ်။

ဤသို့အားဖြင့်(၄)ဦး ဖြစ်လေသည်။

တတ္ထ ဒ္ဒပါလဏ္ဍေရောဆန္ဒံ ဓုရံ ကတ္တာ လောကုတ္တရ ဓမ္မံ နိဗ္ဗတ္တေသိ။
သောဏဏ္ဍေရော ဝိရိယံ ဓုရံ ကတ္တာ သမ္ပ္ပ။တဏ္ဍေရော စိတ္တံ ဓုရံ ကတ္တာ။
အာယသ္မာ မောဃရာဇာ ဝိမံသံ ဓုရံ ကတ္တာ ဘိ။

မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ(၂ဂ၆-၃)

တတ္ထ၊ ထိုဒုဂ္ဂိုလ်တို့တွင်။ ရဒ္ဓပါလဏ္ဍေရော၊ အသျှင်ရဒ္ဓပါလမထေရ်သည်။ ဆန္ဒံ၊ ဆန္ဒကို။ ဓုရံ ကတ္တာ၊ အကြီးအမှူးပြု၍။ လောကုတ္တရဓမ္မံ၊ လောကုတ္တရာတရားကို၊ နိဗ္ဗတ္တေသိ၊ ဖြစ်စေ၏။

သောဏဏ္ဍေရော၊ အသျှင်သောဏမထေရ်သည်။ ဝိရိယံ၊ ဝိရိယကို။ ဓုရံ ကတ္တာ၊ အကြီးအမှူးပြု၍။

သမ္ပ္ပ။တဏ္ဍေရော၊ အသျှင်သမ္ပ္ပ။တမထေရ်သည်။ စိတ္တံ၊ စိတ်ကို။ ဓုရံ ကတ္တာ၊ အကြီးအမှူးပြု၍။

အာယသ္မာ မောဃရာဇာ၊ အသျှင်မောဃရာဇာမထေရ်သည်၊ ဝိမံသံ၊ ဝိမံသကို။ ဓုရံ ကတ္တာ၊ အကြီးအမှူးပြု၍။ လောကုတ္တရဓမ္မံ၊ လောကုတ္တရာတရားကို။ နိဗ္ဗတ္တေသိ၊ ဖြစ်စေ၏။ ဣဟ၊ ဤသို့ ဟောဒိတည်း၊ သိအပ်၏။

(အာရမ္မဏာဝိပတိနှင့် စပ်သောမှတ်သားဘွယ်မျှားစွာတို့ကို "**ပဋ္ဌာနသာရဝိဘာဝနီ**" "**ပဌမတွဲ**" ၌ရှုစားကောက်မှတ်ကြပါကုန်။ ထိုမှတ်ကြောင်းသောအမိပ္ပါယ်တို့ကိုသာ "**ပဋ္ဌာနသာရဝိဘာဝနီဒုတိယတွဲ**" ၌ဆက်လက်ဖော်ပြပါအုံ့။)

ကြိယာသည်လောဘမူအား ကျေးဇူးပြု,မပြု ဝိနိစ္ဆယ။

ကာမ,ရူပ,အရူပကြိယာ နာမကျွန်ုပ်တို့သည်၊အခြားတရား၌အား အာရမ္မဏာဓိပတိပစ္စယသဘောဖြင့် ကျေးဇူးမပြု။လောဘမူ နာမ၊ပ္ပ၌ အား သာ၊ အာရမ္မဏာဓိပတိ ပစ္စယသဘောဖြင့် ကျေးဇူးပြုကြောင်းကို။

ကာမာဝစရာဒိဘေဒေတောပနတိဝိဓေါ ကြိယာရမ္မဏာဓိပတိ လောဘ သဟဂတာကုသလဿ အာရမ္မဏာဓိပတိ ပစ္စယောဟောတိ

ဟု ပဋ္ဌာန်းအဋ္ဌကထာ(၃၀၇-၇)၌ ဖွင့်ဆိုတော်မူလေသည်။

ပန၊အဖျိုတပါ:ကို ဆိုဦးအုံ့၊ ကာမာဝစရာဒိဘေဒတော၊ကာမာဝစ ရ အစယိုသော အပြားအား:ဖြင့်။ တိဝိဓော၊ သုံ:ပါ:အပြား:ယှိသည် လည်:ဖြစ်သော၊ ကြိယာအာရမ္မဏာဓိပတိ၊ ကြိယာအာရမ္မဏာဓိပတိ ပစ္စည်:တရား:သည်၊လောဘသဟဂတာကုသလဿ၊လောဘသဟ ဂတ် အကုသိုလ်စိတ်ရှစ်ခုအား:သာလျှင်၊(၀၊)လောဘမူစိတ်ရှစ်ခုအား: သာလျှင်။ အာရမ္မဏာဓိပတိပစ္စယော၊ အာရမ္မဏာဓိပတိပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မူလဋီကာဆရာက အဋ္ဌကထာ၀ါဒကို ပယ်ချခြင်:။

အဆိုပါအဋ္ဌကထာဆရာ၏ စကာ:ကို စိစစ်ကွဲပယ်ကြ၏။ကြိယာသည်

(၁) ပုထုဇဉ်,သေက္ခပုဂ္ဂိုလ်သန္တာန်၌ဖြစ်နိုင်သော ကြိယာ

(၂) ပုထုဇဉ်,သေက္ခပုဂ္ဂိုလ်သန္တာန်၌မဖြစ်နိုင်သော ကြိယာ

ဟု နှစ်မျိုးယှိရာ။အာ၀ဇ္ဇန်:နှေ:ဟု ဆိုအပ်သောကြိယာသည်၊ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်သန္တာန်၌ဖြစ်နိုင်၍၊ ကြွင်:ကြိယာစိတ် အဋ္ဌာရသသည် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်သန္တာန်၌ မဖြစ်နိုင်ပေ၊ ရဟန္တာပုဂ္ဂိုလ်သန္တာန် ၌သာ ဖြစ်နိုင်ပေသည်။

ထိုကွင် အာ၀ဇ္ဇန်:နှေ:ဟု ဆိုအပ်သောကြိယာက၊ လောဘမူနာ မကျွန်:အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုသည်ဟုဆိုပါမူသင့် တော်ပါသေ:၏။ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌သာဖြစ်သောအာ၀ဇ္ဇန်:နှေ: မှ ကြွင်:သောကြိယာစိတ် အဋ္ဌာရသက၊ လောဘမူ နာမကျွန်:အား

အာရမ္ဘဏာဓိပတိသင်္ဂြိုဟ်ဖြင့် ကျေးဇူးပြုသည်ဟု ဆိုသောစကားမှာမူ၊ ဆင်ခြင်တုံတရားယှဉ်သော ပုဂ္ဂိုလ်တို့ ရှုတ်တရက် သဘောကျနှစ်ခဲ့သောအရာပင်ဖြစ်လေသည်။

ဤ၌ မူလဒ္ဒိကာဆရာ၏ အာဘော်မှာ၊ ဘုရားသျှင်သည် အဋ္ဌကထာရမ္ဘဏာတိုက ပဌာန်းပညာဝါရ ပါဠိတော်၌။

အဋ္ဌကထာရမ္ဘဏောဝမ္မောဗဟိဒ္ဓါရမ္ဘဏသမ္ဘဝသမ္ဘဝအဓိပတိ ပစ္စယေနပစ္စယော

ဟု ဟောတော်မမူ။

ဗဟိဒ္ဓါရမ္ဘဏောဝမ္မောဗဟိဒ္ဓါရမ္ဘဏသမ္ဘဝ

ဟု ဟောတော်မူသောအရာ၌လည်း အဓိပတိပစ္စည်းကို ထုတ်တော်မမူ။

ယင်းသို့ဟောတော်မမူ ထုတ်တော်မမူသည်ကို ထောက်ပါမူ။ သူတပါးသန္တာန်၌ဖြစ်သော မည်သည့်အာရုံဘုရားမဆို၊အာရမ္ဘဏာဓိပတိပစ္စည်းတရား မဖြစ်နိုင်ဟု သိမှတ်ရမည်။

အဋ္ဌကထာ ဆရာသည်ကား။

ဗဟိဒ္ဓါခန္ဓေဂုဏ်ကတွာအသားဝတိ

စသည်ဖြင့် ဟောတော်မူအပ်သော ပဌာန်းပါဠိတော်ကို ထောက်၍၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော ကြိယာတို့ကို ပုထုဇဉ်နှင့် ဂုဏ်ပုဂ္ဂိုလ်တို့သည်းအလေးအမြတ်ပြု၍ သာယာအင်ကုန်သည် ဟူသော အလိုအားဖြင့် "သုံးပါးသော ကြိယာသည်လောဘမူနှာမကူန္ဒာအားသာ၊အာရမ္ဘဏာဓိပတိသင်္ဂြိုဟ်ဖြင့်ကျေးဇူးပြုသည် .... ဟု ပိန့်ဆိုခြင်းဖြစ်ပေ၏။ သို့ပိန့်ဆိုခြင်းကိုလည်း စိစစ်ဘွယ်ရှိ၏။ အကြောင်းတမူကား ..... "သနိဒဿနသပ္ပဋိဃာခန္ဓာ" ဤသို့စသည်ဖြင့် ဟောကြားတော်မူအပ်ကုန်သော ပဌာန်းပါဠိတော်တို့၌ ခန္ဓသဒ္ဒါသည် နာမဃနာခန္ဓာ၌မဖြစ်၊ရုပ်တရား၌သာ ဖြစ်လေသည်။

ယင်းနည်းတမူ ...."ဗဟိဒ္ဓါခန္ဓေ" ... ဟု ဆိုသော်လည်း။ ခန္ဓာသဒ္ဒါသည် ရုပ်တရား၌ ဖြစ်သည်ဟု ယူဆတွယ်ယှဉ်သောကြောင့်တည်း။

အဋ္ဌကထာဆရာသည်၊ပုထုဇဉ်နှစ်သည် ဖြစ်သောအခါ၌ အနာဂတ်

အခါ ပိမိရဟန္တာဖြစ်သည်ယှိသော် ဖြစ်ပေါ်လာမည့် ကြိယာတရား တို့ကို အလေးအဖြတ်ပြု၍ သာယာခြင်းကို ရည်ရွယ်လျက်။

သုံးပါးသောကြိယာသည် လောဘမူနာမကွန္ဓာအား သာ
အာရုမ္မဏာဓိပတိသတ္တိဖြင့်ကျေးဇူးပြုသည်

ဟုဆိုမူ၊ ဆိုနှင်ဘွယ်ရာ အကြောင်းယှိပေ၏။ ထိုမှတပါး

